
www.burmeseclassic.com



မောင်ညိုမှိုင်း (သန်လျင်)

# နရသိန်ပြန်အိပ်မက်များ

www.burmeseclassic.com

www.burmeseclassic.com

NEW IDEA

စိတ်ကူးသစ်စာပေ




# မောင်ဦးမြိုင်း(သန်လျင်)

# နုရသိနုပြိုန်နုအိပ်မက်များ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'ဝဋ်' လည်ခြင်းဆိုသည့် စကားအနက်အဓိပ္ပာယ်ကို ငယ်ရွယ်စဉ်တုန်းက လုံးဝကို အလေးအနက်မထားမိခဲ့။

စာကလေး၊ ကျီးကန်း၊ ဆက်ရက်၊ ချိုး၊ ကင်းလိပ်ချော၊ ပုတ်သင်ညိုစသည့် အပြစ်မဲ့သတ္တဝါများသည် ကျွန်တော့်လောက်လေးခွ လက်ချက်နှင့် ကိစ္စချောခဲ့ရ၏။

ချိုးနှင့် ဆက်ရက်၊ ကြက်တူရွေးငယ်များ အရှင်ရလာလျှင် လှောင်အိမ်နှင့် ထည့်မွေး၏။

ဆက်ရက်မကို လှောင်ထားလျှင် ဆက်ရက်မအော်ဟစ်သံကြောင့် ဆက်ရက်ဖိုက အိမ်ရှေ့သရက်ပင်မှ တစာစာအော်ဟစ်နေ၏။





ကျီးကန်းခြေကျိုးကို ကြိုးနဲ့ချည် မြေပြင်မှာ ငုတ်ရိုက်၍ထားလိုက်သည်။ ကျီးအုပ်ဆွေတော်မျိုးတော်များက ကျီးခြေကျိုးကို ကယ်တင်ရန် ကောင်းကင်မှာ ဝဲနေသည်။ အော်ဟစ်သည်။

အနီးသို့ တိုးကပ်ကြသည်။

အဲဒါ ကျွန်တော်က အကွယ်မှချောင်းပြီး လေးခွနှင့်ပစ်သည်။ လက်ဖြောင့်သည့် ကျွန်တော့်လက်ချက်နှင့် အချို့ကျီးကန်းများ ထပ်ဆင့် အသက်ပျောက်ခဲ့ရသည်ကို ကြည့်ပြီး ...

ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားနေမိ၏။

ငှက်သွေးနှင့် လောက်စာအိမ်သဲ့ားရှေပြားကိုသုတ်ပြီး လောက်လေးခွ လက်နက်တော်ကြီးကို သိဒ္ဓိတင်၏။

မကြည့်ရက်လွန်း၍ အံ့မေက အော်ဟစ်တော့သည်။

"ဟဲ့ကောင် ... ရွှေတင်"

"ဟဲ့ ... လူမိုက်"

"အမေ ... ဘာလဲ ... ဘာလဲ ..."

"ဟဲ့ ... လူမိုက်ရဲ့။ နင် အဲဒီလိုသတ်ဖြတ်နေရင် တစ်နေ့ဝဋ်လည်မယ် လူမိုက်ရဲ့"

"ဝဋ်လည်တယ်ဆိုတာက ဘာတုံးဗျ"

"ဝဋ်လည်တယ်ဆိုတာ တစ်နေ့ နင်ရက်စက်ခဲ့တဲ့ တိရစ္ဆာန်တွေခံရသလို နင် နာမယ်၊ ကျိုးမယ်၊ သေမယ်၊ အချုပ်အနှောင်ခံရမယ်။ မိတကွဲ ဖတကွဲ၊ သားတကွဲ မယားတကွဲ ဘဝမျိုး မျက်ရည်နဲ့မျက်ခွက် ပြန်ခံစားရမှာကို ပြောနေတာ"

"အဓိပ္ပာယ်မရှိဘူးဗျာ။ သတ္တဝါ လူ့ချတ်မှ ကျွတ်တာပါ"

"အေး ... အဓိပ္ပာယ်မရှိလည်း နင်လုပ်ချင်ရာ မိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နက်ပြီး ဆက်လုပ် . . . မိစ္ဆာဒိဋ္ဌိကောင်ရေ။ ရတနာသုံးပါး၊ ကံသုံးပါး နားမလည်တဲ့ ကျွဲပါးစောင်းတီးကောင်။ တစ်နေ့ နင်ကျမယ့်မျက်ရည်ကို ငါ့လက်နဲ့ ဘယ်တော့မှသုတ်မပေးဘူး မှတ်ထား''

အဲဒါ ကျွန်တော် ကာလသားပေါက်စဘဝတုန်းက အမေနေ့စဉ်နှင့်အမျှ ပြောဆိုဆုံးမခဲ့သည့်စကား။

ကျွန်တော်ကား ကျွဲတစ်ကောင်ဖြစ်ခဲ့ရပါသည်။

အမေက မေတ္တာစောင်းကို အနီးကပ်၍ နေ့စဉ် တီးပြခဲ့ပါ၏။ စောင်းကြိုးသာ ပြတ်သွားခဲ့ရသည်။

လူစိတ်ကင်းမဲ့နေသော မေတ္တာ၊ ကရုဏာ၊ မုဒိတာလည်းမရှိသော . . . လူကျွဲရိုင်း၊ ကျွဲထုံ၊ ကျွဲကန့်လန့်၊ [illegible]သောင်းကား အမေ့မေတ္တာစေတနာ အဆိုအဆုံးအမ နားမဝင်မှု။

❀ ❀ ❀

[ ၂ ]

❑

တစ်နေ့သောအခါ ကျွန်တော်သည် ပြစ်မှုကြီးတစ်ခုနှင့် အဖမ်းခံရပြီး အချုပ်ထဲသို့ အပီအပြင် ဝင်ရောက်စံမြန်းခဲ့ရလေ၏။

ဒီတစ်ကြိမ်နှင့်ဆိုလျှင် . . .

အချုပ်နရသိန်အသေးလေးသို့ တတိယအကြိမ်မြောက် ကွန်းခိုရခြင်းဖြစ်သည်။

ခုနစ်တန်းကျောင်းသားဘဝတုန်းက ကျောင်းပြေး၍ ဇက်ပစ်ထွက်ရင်း ကလေးတစ်ယောက်ရဲ့မျက်နှာကို လောက်စာလုံးများမှန်ပြီး ကျွန်တော်ရပ်ကွက်တစ်ခုရဲ့အလယ်မှာ ဖွတ်ညက်ကြေလုနီးပါး အထိုးအကြိတ်ခံရကာ အချုပ်ထဲရောက်ခဲ့ရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ လွန်ခဲ့သည့် အနှစ်လေးဆယ်ကျော်က အဖြစ်များ။

ကျောင်းသားလူမမည်ဖြစ်၍ ကျားခေါင်းဝ၌ နမ္မနာထည့်ခံရပြီး တရားရုံးမှာ အမှုကို ရင်ဆိုင်ခဲ့ရ၏။

ကြိမ်ဒဏ်အရိုက်ခံရမည်ဆို၍ လူ လန့်ဖျားဖျားခဲ့ရသည်။ တော်ပါသေးရဲ့။ မြို့ပိုင်တရားသူကြီးမင်းက ကျောင်းသားလူမမည် ဖြစ်နေလို့ဆိုပြီး ဒဏ်ငွေချ၍ ဆုံးမလွှတ်ပေးခဲ့ပေလို့။

ကလေးထောင်များပို့လိုက်လျှင် ဘဝပျက်ပြီ။

နောက်တစ်ကြိမ်က ...

လမ်းစဉ်ပါတီခေတ်မှာ ဖြစ်သည်။

သည်တုန်းက ကျွန်တော်က စက်ရုံအလုပ်သမားတစ်ဦးဘဝ။ လူပျိုလူလွတ်။ တစ်နေ့ စက်ရုံမှဆေးမှုတ်သည့် စပရေးဂန်းသေနတ် ပျောက်သွား၏။ ၎င်းဝန်းကျင်မှာ ကျွန်တော်၊ စိန်မြင့်၊ ကိုမောင်ဝင်း၊ ရဲမြင့်ကြီးတို့ ထမင်းစားနေကြသည်။

အဲဒါ စစ်ဆေးပါဟု ဌာနမှူးကအပ်၍ ရဲစခန်းက ကျွန်တော်တို့ကို ခေါ်သွားခဲ့သည်။

အဲဒီမှာလည်း အချုပ်ထဲသို့ တစ်ည စံတင်အိပ်ခဲ့ရသည်။

နောက်နေ့ ရုံးထုတ်တော့ ...

ပြည်သူ့ကောင်စီတရားသူကြီး ဦးမောင်မောင်အေးက ဒုရဲအုပ်ကိုမေးသည်။

"ဒီအလုပ်သမားလေးဦးကို ဖမ်းခဲ့ရအောင် မသင်္ကာစရာ သဲလွန်စ သက်သေခံ ဘာတွေ့ခဲ့ရသလဲ ဒုရဲအုပ်မင်း"

"ဘာမှတော့ မတွေ့ရပါဘူး တရားသူကြီးမင်း။ စက်ရုံဌာနမှူးက ခေါ်ယူစစ်ဆေးပေးပါပြောလို့ ခေါ်ခဲ့ရတာပါ"





"မသင်္ကာစရာ ဘာသဲလွန်စမှမရဘဲနဲ့ အလုပ်သမားတွေကို အရမ်း ဖမ်းဆီးချုပ်နှောင်လို့ မရဘူး။ ခုချက်ချင်း ပြန်လွှတ်"

ဟူ ... တော်ပါသေးရဲ့။ ကျွန်တော်တို့အားလုံး ပြန်လွှတ်ခဲ့ရသည်။ သို့သော် စက်ရုံခုံရုံးမှာ ဒီအီး (D.E) ဖွဲ့၍ စစ်ဆေးခံရပြန်သည်။ သုံးလခန့်ကြာခဲ့၏။

နောက်ဆုံး ကျွန်တော်တို့ပဲ (D.E) မှာ အမှုနိုင်၍ အလုပ်ပြန်ရခဲ့ရလေသည်။

ခုတစ်ကြိမ်ကတော့ ... ဆိုးသည်။

ကျားခေါင်းဝက ထွက်ခဲ့ရသည်မဟုတ်။

တစ်ညအိပ်နှင့် ထွက်ခဲ့ရသည်မဟုတ်။

ခဏလေးပါဆိုပြီး တစ်နှစ်ကြာခဲ့ရသည့် ဇာတ်လမ်းဘဝ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

ည ၁၁ နာရီမှာ ကျွန်တော် အဖမ်းခံခဲ့ရသည်။ ညသန်းခေါင်မှာ အချုပ်ထဲသို့ ရောက်ခဲ့ရ၏။ မိုးလင်းတော့ ကျွန်တော်တို့ အချုပ်ပုံစံထိုင်ရတော့သည်။

သည်တော့မှ အချုပ်ရဲ့အရသာကို မြိန်မြိန်ကြီး ခံစားရ၏။

များမကြာမီ နရသိန်အကျဉ်းထောင်ရဲ့ အရသာကို မြိုးမြိုးမြက်မြက် ခံစားရပြန်၏။

ဒါ လွန်ခဲ့သည့် အနှစ်သုံးဆယ်က ဖြစ်ရပ်မှန်။

'ပုံစံထိုင်'ဟု အချုပ်ခန်းလူကြီးက အော်လိုက်သည်။ အချုပ်ခန်းလူကြီးရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဆေးမင်ကြောင်အရုပ်များ အနှံ့အပြား။





ခေါင်းတုံးနှင့် ထောင်ထောင်မောင်းမောင်း၊ သန်သန်မာမာ၊ အသက်ကရှိလှ ကျွန်တော်တို့နှင့် မတိမ်းမယိမ်း။

နာမည်က ရန်ကြီးအောင်တဲ့။

အထိုးအကြိတ်၊ အကန်အကျောက် ရက်စက်၏။

ဘယ်လိုလူစားမျိုးဝင်လာဝင်လာ အချုပ်ထဲရောက်လို့ ရန်ကြီးအောင်ရဲ့ ပုံစံထိုင်နှင့်တွေ့လျှင် တောင်းရောထမ်းပိုးရော ကျိုးသွားရ၏။

အချုပ်ပုံစံ ထိုင်ဟူသည် ...

ဦးစွာ တင်ပျဉ်ခွေထိုင်ပြီး ခါးကိုမတ်၍ ခေါင်းကို ရှေ့တည့်တည့်သို့ ကြည့်ရ၏။

တစ်ခါပြ၍ အပိုးမကျိုးလျှင် နားရင်းအုပ်ခံရ၏။ ကျောကုန်းကို ဆောင့်ကန်ခံရ၏။

*(မှတ်ချက် ။ ။ ဤအကြောင်းများကို ရေးရခြင်းမှာ နောင်လာနောက်သားများ အချုပ်နှင့်ထောင်ကို မရောက်စေလိုသော စေတနာနှင့် ရေးပြရခြင်းဖြစ်ပါသည်။ ညှဉ်းပန်းနှိပ်စက်သည်ဟု မယူဆစေလိုပါ။ အချုပ်နှင့်ထောင်ဟူသည် မ,တစ်ထောင်သား လူကြမ်းကြီး၊ လူကြမ်းလေးတို့ကို စရိုက်ကြမ်းကြမ်းနှင့် ဝင်ရောက်ရရာအရပ်ဖြစ်သည်။ အချို့သော လူဆိုးလူကြမ်းများကိုမူ အချုပ်တွင်း ငြိမ်ဝပ်ပိပြားရေးအတွက် သင့်သလို ဆုံးမပဲ့ပြင် သွန်သင်ရပါသည်။ ဤအတွေ့အကြုံများကို မခံစားချင်လျှင် အချုပ်နှင့်ထောင်သို့ မဝင်ရောက်ရအောင် နေနိုင်ဖို့ကို ရည်ရွယ်၍ အနည်းအကျဉ်း သရုပ်ဖော်ရေးသားရခြင်း ဖြစ်သည်။ စကားချပ်)*

ပြီး ... ဒူးနှစ်ဖက်ပေါ်ကို လက်ဆန့်၍ လက်သီးဆုပ်ကို မှောက်တင်ထားရ၏။ ရှေ့နောက်တန်းနေအောင် စီတန်းထိုင်ရ၏။ အတန်း



www.burmeseclassic.com

www.burmeseclassic.com



မညီလျှင် စောင်းနေလျှင် အဖျင်းခံရ၏။

ပုံစံထိုင်ပြီးသောအခါ ...

အချုပ်ခန်းလူကြီးကစ၍ တစ်ဦးချင်း မေးတော့၏။

"နာမည်ပြော ..."

"ကိုချစ်ဦး"

"ဒီမှာ ... ကိုယ့်လူ၊ မင်းကိုယ်မင်း ကိုချစ်ဦးတို့၊ ဦးချစ်ကိုဦးတို့ လုပ်နေစရာမလိုဘူး။ ချစ်ဦးလို့ တိုတိုပဲပြောတော့"

"ဟုတ်ကဲ့ ..."

"နာမည် ..."

"ချစ်ဦး ..."

"အဖေနာမည် ..."

"ကျော်ဦး ..."

"ဟယ် ... လုပ်လိုက်ရရင် သေတော့မှာပဲ။ ဒါမင်းကို မွေးခဲ့တဲ့အဖေကွ။ အဖေကျရင် ဦးထည့်ပြော။ ပြန်ပြော အဖေနာမည်"

"ဦးကျော်ဦး"

"ဘာမှုလဲ"

"ခိုးမှု"

"ဘာခိုးမှုလဲ"

"နွားခိုး"

"လိပ်စာ"

"ကွမ်းခြံကုန်းကျေးရွာ"

"မိန်းမရှိလား။ ရှိရင် ... ရှိ ... မရှိရင် ... မရှိ ပြော"

"ရှိ"





"နောက်တစ်ယောက် ..."

"ကြည်တင့်ထိန်"

"အဖေနာမည်"

"ဦးမှိုင်း"

"အသက်"

"၆၅ နှစ်"

"ဘာမှုလဲ"

"ရိုက်မှု"

"မိန်းမ ရှိ ..."

"မရှိ"

ဒီလိုနှင့် ကျွန်တော်အပါအဝင် လူငါးဦးတို့ကို ဟောက်လိုက်၊ ဆဲလိုက်၊ ပုံစံပေးလိုက်နှင့် အချုပ်ပုံစံနှင့် စည်းကမ်းတို့နားလည်အောင် အချုပ်ကျအကျဉ်းသား (စီနီယာ) အခန်းလူကြီး ကိုရန်ကြီးအောင်က စနစ်တကျ သင်ပေး၏။

အားလုံး တုန်တုန်ယင်ယင် ရှုံ့ရှုံ့မဲ့မဲ့။

အပြင်မှာ လူသတ်သည့်ကောင်လည်း အချုပ်ထဲသို့ လူသစ်ဘဝနှင့်ရောက်လာလျှင် အပြင်မှာ လူသတ်ခဲ့သည်ကို မေ့ပစ်။ အခန်းလူကြီး ရန်ကြီးအောင်ရဲ့ လက်သံပြောင် သွန်သင်မှုအောက်မှာ နာခံရ၏။

ကျွန်တော့်အလှည့်ရောက်တော့ စစ်မေး၏။

ထိုအချိန်က ကျွန်တော်သည် ပြဇာတ်စင်ပေါ်မှာ စင်တင်ပြဇာတ်များ တင်ဆက်ကပြနေခဲ့ဖူးသော ပြဇာတ်ဒါရိုက်တာ၊ စာရေးဆရာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်က ကျွန်တော့်ရဲ့ စင်တင်ပြဇာတ်များကို ကြည့်ဖူးသည်။ ကျွန်တော့်ကို စားရေးဆရာ၊ ပြဇာတ်ဆရာမှန်းသိနေ၍ လေးစားရင်းရှိ၍လား ...

ကျွန်တော့်ကို မေးမြန်းသောအခါ ညင်သာပျော့ပျောင်း၏။ လေးလေးစားစားရှိ၏။ ဟူး ... တော်ပါသေးရဲ့။

"ဒီမှာ အားလုံးနားထောင်။ အိမ်မှာနေရင် အိမ်စည်းကမ်း၊ အချုပ်မှာနေရင် အချုပ်စည်းကမ်း၊ ထောင်မှာနေရင် ထောင်စည်းကမ်းကို လိုက်နာရမှာပဲ။ အိမ်မှာ နေချင်သလို နေလို့ရတယ်။ အချုပ်နဲ့ ထောင်မှာ နေချင်သလို နေလို့မရဘူး။

ဒါ အချုပ်။ တစ်နေ့ ခင်ဗျားတို့၊ မင်းတို့ အမှုရှုံးရင် နရသိန်လို့ခေါ်တဲ့ထောင်ကို သွားရလိမ့်မယ်။ အဲဒီကျမှ ထောင်စည်းကမ်းက အချုပ်စည်းကမ်းထက် ပိုတိကျတင်းကျပ်လှပါလားဆိုတာသိရပြီး အချုပ်နဲ့ထောင်ထဲ ရောက်လာခြင်းအကျိုးကို ပြည့်ပြည့်ဝဝသိရမယ်"

သည့်နောက် အခန်းလူကြီး ရန်ကြီးအောင်က အချုပ်ထဲမှာ နံနက်တန်းစီပုံစံထိုင်၊ ထမင်းစားရပုံ၊ အိပ်ရာဝင်ပုံစံ၊ အိပ်ပုံအိပ်နည်း၊ အလှည့်ကျ ညကင်းစောင့်နည်း၊ ချေးပါသေးပေါက်၊ ညဘက်သွားလှည့်လည်အော်နည်းမှသည် ရေချိုးချေးပါသုံးရမည့် ရေအမျိုးအစားကိုပါ ပြောပြသည်။

၎င်းစည်းကမ်းများကို ကျွန်တော်တို့အားလုံးက တစ်ချက်မှ မမှားအောင် ပြန်ရွတ်ပြရသည်။

ကိုကြည်တင့်နိုင်ဆိုသူ နဖူးပြောင်ပြောင်၊ အရပ်ပုပု၊ အသားဖြူဖြူနှင့်လူကြီးက ခဏခဏ ရှေ့နောက်လွဲနေ၍ ကျောကုန်းကို အထုခံရလေသည်။

---

စိတ်ကူးသစ်စာပေ



ဟူး ...

ကျွန်တော်ငယ်စဉ်တုန်းက အမေပြောဆိုဆုံးမခဲ့သည့် တစ်နေ့နင်ဝဋ်လည်မည်ဆိုသောစကား ... အခု မှန်နေပါရောလား။

ကျွန်တော်ငယ်ငယ်တုန်းက ငှက်များကို လေးခွနှင့်ပစ်ခတ်၍ လှောင်အိမ်ထဲ ထည့်လှောင်ခဲ့ဖူး၏။ အခု ကျွန်တော် ဘာယာတန်းလေးဖက်ကြား အုတ်နံရံကြား ရောက်နေရပြီ။

အမေကား မျက်ရည်နှင့်မျက်ခွက်။

ချစ်ဇနီးသည်ကား အငယ်မကို ခါးထစ်ခွင်ပြီး မျက်ရည်စီးကြောင်းနှင့် ဟိုလူ့အသနားခံလိုက်၊ ဒီလူမေးလိုက်။

ကျွန်တော့်ရင်ထဲမှာ အမေအိုကြီးအတွက်၊ ဘာမှမရှာမဖွေတတ်သည့် ဇနီးသည်အတွက်၊ မျက်စိသငယ် နားသငယ်နှင့် ကျန်ရစ်ခဲ့ကြသည့် ရင်သွေးလေးသုံးဦးအတွက် ဗလောင်ဆူသောကများ လှိုင်းထနေသည်။

ဩော် ... ဘယ်သူမပြု မိမိမှု။

ကံစီမံရာကို ကံပြုသူပဲ လိုက်ရရိုးထုံးစံ။ ခုတော့ ကံပြုသူရဲ့အမှားကြောင့် နောက်ဆက်တွဲဘဝမှီခိုသူများ မျက်ရည်၊ သောကအပူမီးတို့နှင့် ပူပင်လယ်ဗျာဝေ ... လှိုင်းဘောင်ဘင်ခတ်လေပြီ။

ဒါ ... ဝဋ်ကြွေးပါပဲလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

ဒီနေရာမှာ ကျွန်တော် အချုပ်ခန်းလူကြီး ရန်ကြီးအောင် အကြောင်း ပြောချင်၏။ အမှန်က အချုပ်ခန်းအတွင်း ကိုယ့်အကြောင်းနှင့်ကိုယ် ရောက်လာသူများအား မနှိပ်စက်ရ၊ မညှဉ်းပန်းရ၊ မချွတ်မခွာရ။

ဒါက သက်ဆိုင်ရာက ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သည်။

သို့သော် ...

အခန်းလူကြီး ရန်ကြီးအောင်က တိုးတိုးတိတ်တိတ် ခြိမ်းခြောက်၍ ချွတ်သည်။ ခွာသည်။ ပညာပြသည်။

ရန်ကြီးအောင်သည် အချုပ်နှင့်ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ကူးနေသူဖြစ်ပြီး ရိုက်မှု၊ ခိုးမှု၊ ဖောက်ထွင်းမှု စသည့်အမှုများနှင့် ထောင်နှင့်အချုပ်ကို ဝင်လိုက်ထွက်လိုက်လုပ်နေသူ လူကြမ်းဖြစ်ရကား–





အချုပ်ထဲသို့ ပြန်ရောက်လာတိုင်း သူ့သမ္မာအရ အခန်းလူကြီး နေရာကို အလိုလိုရနေ၏။

အချုပ်ထဲသို့ မအူမလည် မလည်မဝယ်နှင့် ရောက်လာသူများ၊ ဒေါသအလျောက် လက်လွန်ခြေလွန်လုပ်မိ၍ ပထမအကြိမ် ရောက်လာသူ၊ အချုပ်သားဘဝ အတွေ့အကြုံမရှိသေးသူများကို သူက ဟောက်စားသည်။ ခြောက်စားသည်။

အတွေ့အကြုံရှိသော ရန်ကြီးအောင်ကို ကြောက်ကြရသည်။

တာဝန်ကျ ရဲအမှုထမ်းများလည်း မတိုင်ရဲကြ။

ပြောလိုက်သေးသည်။

'တိုင်ချင်ရင်တိုင်။ နောင်တစ်ကြိမ် ဒီအခန်းထဲ ပြန်ရောက်လာရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲမယ်ဆိုတာ ယုံထား'

ကျိတ်ခြိမ်းခြောက်၊ ပြောင်ခြိမ်းခြောက်လို့ ချွတ်လို့ခွာလို့ရသည်များအား အချုပ်ရုံးထုတ်လျှင် အပြင်သို့ပို့သည်။ ရောင်းစားသည်။

ကျွန်တော်အပါအဝင် အချုပ်ကျများက သူ့ရဲ့ နိုင်လိုမင်းထက် အပြုအမူ လုပ်ရပ်များကို မနှစ်မြို့သော်လည်း လူမိုက်၊ ထောင်နှင့်အချုပ် ဝင်လိုက်ထွက်လိုက်လုပ်နေသူနှင့် မြိုင်မမိုက်ရဲ။

ဒီလိုနှင့် အောင့်အည်း၍ နေလိုက်ကြရသည်။

ဒါကလည်း ပြောရရင် ကျွန်တော်တို့ရဲ့ ဝဋ်ကြွေး။

ကံကြုံလို့ ကိုယ့်အလှည့်ကျ ပြန်ဆပ်နေရသည့် ဝဋ်ကြွေးများ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

တစ်နေ့သောအခါ ကျွန်တော်တို့ရောက်နေသည့် အချုပ်ခန်းထဲသို့ အချုပ်ကျလူတစ်ဦး ရောက်လာသည်။

သူ့နာမည်ကို နောင်အခါ ကိုမီးခဲဟုသိရ၏။

အသားမည်းမည်း၊ မျက်နှာလေးထောင့်နှင့် ဗလတုတ်တုတ်။

ရောက်သည်နှင့် ရန်ကြီးအောင်က ပုံစံထိုင်ဟု အမိန့်ပေးလိုက်၏။ မီးခဲဆိုသူက ပုံစံမထိုင်ချင်။

"ထိုင်လေကွာ"

"ရန်ကြီးအောင် ..."





"ဟေ့ကောင် ... မီးခဲ၊ ငါ့ကို ခေါ်စရာမလိုဘူး။ အချုပ်ပုံစံထိုင်"

"ရန်ကြီးအောင် ... မင်းလည်းထောင်ထွက်၊ ငါလည်းထောင်ထွက်ပါကွာ။ အချုပ်ပုံစံထိုင်ဖို့ လိုသေးလို့လား"

"တယ် ..."

ရန်ကြီးအောင်က ရိုက်ရန် လက်ကိုမြှောက်လိုက်သည်။

"ဒီမှာ ... မီးခဲ၊ ထောင်ထွက်တွေဘာတွေ လုပ်မနေနဲ့။ ဒီအချုပ်မှာ ဒီအချုပ်ခန်းကို ငါက တာဝန်ယူထားတယ်။ နောက်ဝင်ရင်နောက်လူ၊ ရှေ့ကဝင်ရင် ရှေ့လူ၊ စီနီယာကို မင်းသိတယ်။ ပုံစံထိုင်စမ်း"

"မထိုင်ရင် မရဘူးလား"

"ဒါ အချုပ်ရဲ့စည်းကမ်း ကိုယ့်လူ။ မင်း အခုဝင်လာတာ ထောင်ကျတစ်ဦးအနေနဲ့ ဝင်လာတာမဟုတ်ဘူး။ အချုပ်သားအနေနဲ့ ဝင်လာတာ ပုံစံမထိုင်ရင် ..."

ရန်ကြီးအောင်က ပုဆိုးတိုတိုပြင်ဝတ်ရင်း ပုံစံပေးရန်ပြင်လိုက်တော့ ...

"ကောင်းပြီလေ ...။ မင်းက အချင်းချင်း ဘော်ဒါဘော်ချွတ်ဆိုက် မထားချင်တော့လည်း ငါ့ကုသိုလ်ပေါ့။ ထိုင်ပြီကွာ"

"ဒါမှပေါ့။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

သူတို့ချင်းက သိပြီးသားတွေကိုး။ ထောင်ကျဖူးသူများကိုး။ ပြောရလျှင် ထောင်ကျဖူး အချုပ်သစ်တို့အဖို့ အချင်းချင်းပြန်ဆုံကြလျှင် ဒီလောက်ကြီး အရေးတကြီးလုပ်ဖို့မလိုဟု နောင်အခါသိရသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



မီးခဲကလည်း 'ဇ' ရှိသည်။ လက်ရှိသည်။ ဒီတော့ ပြိုင်ဘက်မရှိရန် ရောက်ရောက်ချင်း ဦးချိုးထားရသည့်သဘော။

ဒီလိုနှင့် မလျော့ချင်လျော့ချင်နှင့် အလျော့ပေးပြီး အချုပ်သားမီးခဲ အချုပ်ပုံစံထိုင်လိုက်ရသည်။

"အင်း ... နာမည်"

"မီးခဲ"

"အဖနာမည်"

"ဦးမီးတောက်"

"အသက်"

"၄၀ ..."

"ပြစ်မှု"

"ရောင်းမှားဝယ်မှား"

"အချုပ်စည်းကမ်းကို ပြန်ရွတ်စမ်း မီးခဲ"

"အခန်းလူကြီး စကားကို နားထောင်ရမည်။ အပြင်မှ အမှုထမ်းများခေါ်လျှင် လက်ပိုက်၍ ရိုရိုသေသေရပ်ရမည်။ အချင်းချင်းရန်မဖြစ်ရ။ ရေကို ပုံစံအချိုးအစားအရေအတွက်နှင့် ချိုးရ သုံးရမည်။ ညဘက်အလှည့်ကျ ကင်းစောင့်ရမည်။ ဘာယာတန်းနား မကပ်ရ။ ညဘက် ချေးပါသေးပေါက်လုပ်လျှင် ညကင်းစောင့်ကို အကြောင်းကြားပြီးမှ သွားရမည်"

"သွား ... မင်း ... အိမ်သာနားကနေရာမှာ သွားနေ"

မီးခဲဆိုသူ ဘာမှပြန်မပြောတော့ပါ။ စောင်ပိုင်းလေးယူ၍ ရေစိုစွတ်စွတ် အိမ်သာခန်းရှေ့ကနေရာသို့ သွားပြီး စောင်အဖျားစနှင့် ရေကွက်ကိုသုတ်၍ ထိုင်နေလိုက်သည်။





အချုပ်ခန်းက သမံတလင်းခန်းဖြစ်၏။

ကျန်နေရာကောင်းလေးများ ရှိပါသေးသည်။ ဘုရားစင်အောက် အလယ်၊ ဘေးဘီ။ သို့သော် ရန်ကြီးအောင်က မီးခဲကို လုံးဝမပေး။ ဒီနေရာက သူ့ရဲ့ အကြံအဖန်နေရာ။ နှိမ်ထားတာလည်း ပါသည်။

ဥပမာ – ပိုက်ဆံရှိ၍ မိုက်လုံးကြီး ပြစ်မှုကျူးလွန်ရောက်လာသူ အချုပ်သားလူသစ်များကို နေရာသန့်သန့်လေးမှာ နေရာချပေးသည်။

အဲဒီအတွက် ရန်ကြီးအောင်ကို ဘာညာသာရကာပေးရသည်။

ဥပမာ–စားစရာ၊ ဆေးလိပ်၊ ပါလာသည့် အကျီ၊ ပုဆိုးကောင်း။ မီးခဲလို ထောင်ကျဖူးသူ၊ အချုပ်ကျဖူးသူမျိုးထဲကတော့ ဒါမျိုးကြံဖန်လို့မရနိုင်။ ဒါကြောင့် အိမ်သာရှေ့မှာ နေရာပေးလိုက်ခြင်းတဲ့။

မီးခဲကား ဆင်းရဲရှာသူဖြစ်၏။

သူ့အိမ်ကလည်း ဘာမှလာမပို့နိုင်။ ဆေးလိပ်ပင် သောက်စရာမရှိ။ သို့သော် သူ့မျက်နှာပေါ်မှာ ရိုးသားပွင့်လင်းရိပ်ရှိနေသည်ကို တွေ့ရ၏။

သို့နှင့် ... ကျွန်တော်က သနား၍ ဆေးလိပ်လေးဘာလေးပေးလိုက်လေသောအခါ သူ့ အလွန်ဝမ်းသာသွားလေ၏။

"ကိုမီးခဲက ဘာမှုနဲ့ ဝင်လာရတာလဲ"

"မောင်ခို ရေနံဆီရောင်းမိလို့"

"အရင်ကလည်း ထောင်ကျဖူးတာပဲလား"

"ကျဖူးပါတယ် ဆရာ"

"ဘာမှုနဲ့တုံးဗျ"

ကျွန်တော်က စာရေးဆရာပီပီ အချုပ်သားအသစ်ရောက်လော



www.burmeseclassic.com

www.burmeseclassic.com



တိုင်း စပ်စုမေးမြန်းလေ့ရှိ၏။ ဆင်းရဲနွမ်းပါးလျှင် သနားပြီး ကူညီပေးလေ့ရှိ၏။

"ရိုက်မှုနဲ့တစ်ကြိမ်၊ ခါးခုတ်မှုနဲ့တစ်ကြိမ်၊ နှစ်ကြိမ်ဆရာ"

"အပြင်မှာလည်း လူမိုက်ပဲလားဟင်"

"မမိုက်ပါဘူး ဆရာ။ မခံချင်လွန်းလို့ လက်လွန်ခြေလွန် လုပ်မိသွားရတာပါ"

"ရန်ကြီးအောင်နဲ့ရော ရင်းနှီးသလား"

"သိပ်ရင်းနှီးတာပေါ့။ ဒီကောင့်မှာ ဘော်ဒါဘော်ချွတ်စိတ်မရှိဘူးဆရာ။ ဒါ ကျွန်တော့်ကို တမင်သက်သက် အချုပ်သားတွေရှေ့မှာ အရှက်ခွဲတာ၊ ချိုးနှိမ်လိုက်တာပါ ဆရာ"

"သည်းခံလိုက်ဗျာ။ လိုအပ်တာရှိရင် ပြောပေါ့"

"သည်းခံပါ့မယ် ဆရာ။ စိတ်ချပါ။ ဒီကောင် ထောင်ထဲရောက်လာတဲ့နေ့ကျရင် ကျွန်တော့်အကြောင်း သိရမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ဆရာ ထောင်အကြောင်း မသိသေးလို့ပါ။ ထောင်ထဲမှာ ဒီလိုချွတ်လို့ခွာလို့ အနိုင်ကျင့်လို့ မရပါဘူးဆရာ။ ထောင်စည်းကမ်းက တိကျပြီး ဘက်မလိုက်ဘူး။ ထောင်ဆိုတာ ထောင်ကျကို လူမိုလ်ဖြစ်အောင်ထက် ကိုယ်ချင်းစာနာတတ်အောင်၊ ဘဝနောင်တရအောင် ပညာပေးလေ့ရှိတဲ့ နေရာပါ။

ထောင်စည်းကမ်းကို အတိအကျလိုက်နာပြီး ထောင်အလုပ်ကို အကြိအဖန်မပါလည်း အပြစ်ဒဏ်အတိုင်း ကြိုးကြိုးစားစားလုပ်ကိုင်သွားရင် နောင်ဘယ်တော့မှ ထောင်ထဲကို မဝင်ချင်တော့ဘူး။ ဝင်ဖို့လည်း မလိုဘူး။ ထောင်ဆိုတာ ပြစ်မှုအကြေးကို ချွေးနဲ့ဆပ်ရတဲ့နေရာ။

---





ကိုယ်ပြုခဲ့တဲ့ကံဝဋ်ကို အကြွေးကျေအောင် ဆပ်တဲ့နေရာပါ ဆရာ"

"ဒါဆို ကိုမီးခဲ ဘာလို့ထောင်ကျမယ့်ကိစ္စ ပြန်လုပ်ရလဲ"

ဒီမှာ သူက ကျွန်တော့်ရဲ့မျက်နှာကို ညှိုးကျစွာကြည့်ရင်း ဖြည်းဖြည်းချင်း ပြောချလိုက်သည်။

"ဘဝပြဿနာကြောင့်ပေါ့ ဆရာရယ် ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

မကြာခင် အချုပ်ခန်းအတွင်းသို့ ဌာနဆိုင်ရာ အမိန့်အော်ဒါ တစ်ခုရောက်လာ၏။ အသေးအဖွဲ့ပြစ်မှုမှလွဲ၍ ကျန်အမှုကြီးများ မြို့ခံအချုပ်မှာ မနေရ။ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ရမည်။

ရုံးချိန်းရှိလည်း အင်းစိန်ထောင်မှ မြို့ခံအချုပ်သို့ အမှုလာရောက်ရင်ဆိုင်ရမည်ဆိုသည့် အမိန့်အော်ဒါ။

သို့နှင့် ခိုက်ရန်ဖြစ်၊ ထိုးကြိတ်၊ လိမ်လည်အမှုသေးသေးလေးများမှလွဲပြီး ဓားပြမှု၊ မုဒိမ်းမှု၊ လူသတ်မှု၊ ခိုးမှု စသည့် ပုဒ်မကြီးတပ်အချုပ်သားများ တစ်သုတ်ပြီးတစ်သုတ် အင်းစိန်ထောင်သို့ ပြောင်းရွှေ့ရလေသည်။





ကျွန်တော်တို့လည်း အချုပ်ကို အခုမှရောက်ဖူး၏။ အင်းစိန်ထောင်ဆိုသည်ကို မမြင်ဖူး၊ မရောက်ဖူး။ အခု ရောက်ရတော့မည်။ ဒီမှာ မီးခဲတို့က အင်းစိန်ထောင်သို့ အရင်ပြောင်းရ၏။

မပြောင်းခင်အကြိုညက ကိုမီးခဲက တုန်လှုပ်နေသည့် ကျွန်တော်တို့အုပ်စုကို အားပေးစကားပြောခဲ့၏။

"ဆရာ ..."

"ဗျာ ... ကိုမီးခဲ"

"ဆရာ တုန်လှုပ်ချောက်ချားနေတယ်မို့လား"

"ဟုတ်တယ် ... ကိုမီးခဲ။ တစ်ခါမှ မရောက်ဖူးတဲ့နေရာမို့ တွေးပြီး ရင်ဖိုနေတယ် ကိုမီးခဲရယ်"

"မတုန်လှုပ်ပါနဲ့ ဆရာ့။ ထောင်စည်းကမ်းက ဒီအချုပ်လို ပရမ်းပတာမဟုတ်ဘူး။ ပိုပြီးလုံခြုံတယ်၊ ပြတ်သားတယ်။ ထမင်းကို ပေါင်းကျွေးတာ။ ရေလုံလုံလောက်လောက် ချိုးရတာ။ နိုင်လိုမင်းထက်လုပ်ရင် ချွတ်ရင်ခွာရင် အဲဒီကောင်ကို တိုက်ပိတ်ပစ်တာ"

"တိုက်ပိတ်တယ်ဆိုတာ ဘာလဲဗျာ"

"ဟိုရောက်ရင် စာရေးဆရာ သိလာပါလိမ့်မယ်။ ဒီမှာ ဆရာ"

"ပြော ... ကိုမီးခဲ"

"ကျွန်တော်က ထောင်ထွက်ပါ။ အင်းစိန်ကိုရောက်ရင် ကျွန်တော် ဆရာသမားများနဲ့ရောပြီး ဘုတ်ကိုင်တစ်နေရာ ပြန်ရမှာပါ။ ဆရာတို့၊ ဦးချစ်သန်းမြင့်တို့၊ ကိုခင်မောင်လေးတို့ကျေးဇူး ကျွန်တော့်အပေါ်မှာ အများကြီးရှိခဲ့ပါတယ်။ ဆရာတို့ အင်းစိန်ထောင်ကိုရောက်ခဲ့ရင် ရောက်တဲ့အဆောင်ကိုစုံစမ်းပြီး ကျွန်တော် လာတွေ့ပါမယ့်ဆရာ"

"ကျေးဇူးပါပဲ ကိုမီးခဲရယ်။ ကိုယ့်လူရင်းများနဲ့ ပြန်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ရင် ရင်မောတော့ နည်းနည်းပြေရတန်ကောင်းပါရဲ့ဗျာ"

"ဆရာ ..."

"ဘာတုံး ကိုမီးခဲ"

"ဝဋ်ဆိုတာ ယုံလားဆရာ"

"ကျွန်တော်တို့ကတော့ ဗုဒ္ဓဘာသာတွေဗျာ။ ကုသိုလ်ကံ ... အကုသိုလ်ကံရဲ့ တန်ပြန်အကျိုးသက်ရောက်မှုကို ယုံကြည်ရင် ရပါပြီ"

"ဒါပဲ ... ဆရာ။ စာဆိုရှိတယ်မို့လား ဆရာ။ ရှေးကဝိပါက် ခုနစ်ရက်၊ အခုဝိပါက် ဒူးခေါက်ကတက်တဲ့။ မြန်တယ် ဆရာ။ ဆရာတို့၊ ကျွန်တော်တို့ ကံ,ကံရဲ့အကျိုးကို ပြန်ဆပ်နေရာတာ။ ဒီမှာဆရာ ဟိုကောင်ကို ကြည့်ထားဆရာ"

"ဘယ်သူလဲ ..."

"ရန်ကြီးအောင်"

"ရန်ကြီးအောင် ဘာဖြစ်မှာမို့လဲ ကိုမီးခဲ"

"ဒီကောင် ကျွန်တော်အပါအဝင် အချုပ်သားတွေကို စိတ်ဆင်းရဲကိုယ်ဆင်းရဲအောင် လုပ်ခဲ့တယ်။ အင်းစိန်ထောင်ကို ရန်ကြီးအောင် ရောက်ခဲ့ရင် သူပြုခဲ့တဲ့ဝဋ်ကြွေးကို သူပြန်ခံစားရလိမ့်မယ်"

ဒီလိုပြောပြီးသူ ကျားခေါင်းမှထွက်၍ အင်းစိန်သွားမည့်အချုပ်ကားပေါ်သို့ ပါသွားခဲ့သည်။

နောက်သုံးရက်ကြာသောအခါ အချုပ်ခန်းလူကြီး ရန်ကြီးအောင်နှင့် သူနဲ့တွဲဖက်အုပ်စုတို့ အင်းစိန်ထောင်သို့ ပါသွားကြသည်။

နောက်သုံးရက်ကြာတော့ ကျွန်တော်တို့အုပ်စု အင်းစိန်ထောင်သို့ ပြောင်းရွှေ့ရ၏။





အင်းစိန်ထောင်ပုံစံခန်းမှာ သုံးရက် ပုံစံထိုင်ရမည်ဟု ကြားရ၏။ ထောင်ပုံစံက ပိုပြီးစနစ်ကြီး၍ တုတ်တုတ်မျှလှုပ်လို့မရဟု ကြားရပြီး ခွေးပြုန်နေကြကြ၏။ အစစ်အဆေး အမေးအမြန်းလည်း စေ့စပ်သေချာသည်ဟု ကြားရ၏။

သို့သော် ...

ကျွန်တော်တို့ကံကောင်းသည်ဟု ဆိုရလိမ့်မည်။ ကျွန်တော်တို့ ထောင်ဘူးမှဝင်ပြီးနောက် ထောင်မှတ်တမ်းတင်ခန်းမှ အမှုပုဒ်မများကြည့်ရှုစစ်ဆေးပြီး အမှုကြီးဖြစ်နေ၍ တိုက်ခန်းသို့ တိုက်ရိုက်တန်းပို့လိုက်ရကား ...

နာမည်ကြီး ထောင်ပုံစံခန်းနှင့် လွဲခဲ့ရလေသည်။

"တိုက် ...",

ကျဉ်းမြောင်းလှသော ၆လေးဖက်နံရံတိုက်ခန်းထဲမှာ နေခဲ့ရသည်။ ချေးခွက်သေးခွက်နှင့် မျက်နှာချင်းဆိုင်၍ နေခဲ့ရသည့် ဘဝဝဋ်ကြွေး ... အခု ... ငါ့အလှည့်ရောက်ခဲ့ပါလား။

အိမ်ကို လွမ်းခဲ့ရသည်။

အမေ့ကို လွမ်းခဲ့ရသည်။ အမေ့လက်ရာ ထမင်းဟင်းကို သတိရပြီး မျက်ရည်ကျခဲ့ရသည်။ ဇနီးနှင့်သမီးကိုသတိရပြီး ငိုခဲ့ရသည်။ သူတို့ ဘယ်လိုများ စားဝတ်နေရေး ရုန်းကန်နေကြပါလိမ့်။

ကျွန်တော့်အလွမ်း၊ ကျွန်တော့်မျက်ရည်၊ ကျွန်တော့်ရင်ခုန်သံ၊ အပူသောက၊ လွမ်းဆွတ်ကြေကွဲမှုမျိုး ...

ကျွန်တော် ညှဉ်းပန်းခဲ့ဖူးသည့် လှောင့်ချိုင့်စံ ငှက်ကလေးတွေလည်း လွမ်းခဲ့၊ ပူခဲ့၊ မျက်ရည်ကျခဲ့ဖူးမှာပဲ။

ခုမှ ကျွန်တော်ရင်ထဲကို မုဒိတာတရား စိမ့်ဝင်ခဲ့လေပြီ။ ဝဋ်။



www.burmeseclassic.com

www.burmeseclassic.com



လောကဝင်။ ကျွန်တော် ဒီမှာ ဆရာတော်တစ်ပါးဟောခဲ့သည့် တရားတစ်ပုဒ်ကို ပြန်ဟောခဲ့ရသည်။

သင်က သူတစ်ပါးကို နှိပ်စက်ခဲ့လျှင် သင့်အလှည့်ရောက်ရင်ကော ခံနိုင်ရည်ရှိပါ့မလားတဲ့။

ကျွန်တော်မှားခဲ့ပါပြီ အမေ။ ကျွန်တော့်ရဲ့ ကံဝဋ်ကြွေးကို ဒီဘဝ ကျွန်တော်ကြိုးစားပြီး အကြေဆပ်ရတော့မယ် . . . အမေရေ။

✿ ✿ ✿

[ ၇ ]

❑

တစ်လခန့် တိုက်အချုပ်မှာ နေခဲ့ရပြီးနောက် ကံကောင်းထောက်မစွာဖြင့် ကျွန်တော်တို့ အဆောင်(ဂျ)သို့ ပြောင်းရွှေ့လာခဲ့ရ၏။

အဆောင်(ဂျ)သည် ထောင်ဘူးဝ ညာဘက်အုတ်ရိုးနှင့် မလှမ်းမကမ်းမှာရှိ၏။ ဝမ်းသာလိုက်သည် ဖြစ်ခြင်း။

အဆောင်မှာ အချုပ် ၂၀၀ ခန့်ရှိ၏။ လေကောင်းလေသန့်ရ၏။ ကျွန်တော်တို့က အပေါ်ထပ်မှာ။ လေယာဉ်ပျံ ပျံသန်းသည်ကို မြင်ရကြားရ၏။ လူသံသူသံကြားရ၏။

ဘဝတူအချုပ်သားများနှင့် ရင်းနှီးခွင့်ရပြီး သူ့ဘဝကိုယ့်ဘဝ အကြောင်းများကို ကြားသိစာနာခဲ့ရ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်တများအတွက် ညစဉ် ဘုရားရှိခိုးရ၏။ မေတ္တာပို့ရ၏။ ပုတီးစိပ်၏။ ဂုဏ်တော်များကို ရွတ်ဆိုပွားများ၏။ အကုသိုလ်စိတ်ကို လျှော့၍ မေတ္တာစိတ်ကိုမွေး၏။

တစ်နေ့သောအခါ ...

နောက်လိုက်နောက်ပါ အခြံအရံအချို့နှင့် လူတစ်ဦး ကျွန်တော်တို့ အဆောင်(ရ)သို့ ရောက်လာ၏။

"ဆရာမှိုင်း ..."

"ဟာ ... ခင်ဗျား ... ကို ... ကို ... ကို ... မီး ... ခဲ ... နော်"

"ဟုတ်ပါရဲ့ ခင်ဗျာ။ အဘဦးချစ်သန်းမြင့် နေကောင်းရဲ့လား"

"ကောင်းပါတယ် ... မီးခဲရယ်။ ခုငါ့လူ ဘယ်မှာတုံး"

"ကျွန်တော် ထောင်ဆေးရုံမှာ တာဝန်ကျနေတယ် ဆရာ။ ဆေးရုံအကူပေါ့။ ဆရာတို့နေမကောင်းရင် တာဝန်ရှိသူတွေကို ပြောပြပါ ဆရာ။ ထောင်ဆေးရုံရောက်ရင် ဆရာတို့ကျန်းမာရေးကို ကျွန်တော်တို့ အစွမ်းကုန် ဂရုစိုက်ပါ့မယ်ဆရာ"

"ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ ကိုမီးခဲရယ်"

"ကျွန်တော် စုံစမ်းနေတာပါဆရာ။ ဆရာတို့ တိုက်ထဲမှာ ရောက်နေတယ်လို့ ကြားရပြီး အခု အဆောင်ကိုပြောင်းပေးလိုက်ပြီ ကြားလို့ ခုမှလာတွေ့ရတာ။ ဒီကိုရောက်လာရင် သိပ်မပူပါနဲ့ဆရာ"

"မောင်စိန် ..."

"ဗျာ ... ဆရာမီး"

"ထမင်းဘုတ်ကိုင်နဲ့ ရေဘုတ်ကိုင်ကို သွားခေါ်လိုက်စမ်း"

မကြာခင် အဆောင်(ရ)ရဲ့ ရေဘုတ်ကိုင်နှင့် ထမင်းဘုတ်ကိုင်





တို့ရောက်လာကြ၏။

"ကိုမီးခဲ ... ဘာကိစ္စတုံး"

"ငကြိုင်နဲ့စိုးကြီး ... ဒါ ငါတို့မြို့က စာရေးဆရာတွေ။ ငါ့ရဲ့ ကျေးဇူးရှင်တွေကွ။ မင်းတို့အဆောင်မှာ နေနေရတုန်း စားရေးသောက်ရေး၊ ရေချိုး၊ အိမ်သာကိစ္စ အဆင်ပြေအောင် ကူညီလိုက်ပါ ... သူငယ်ချင်းတို့ရာ"

"စိတ်ချ ...။ ဆရာမီးခဲရဲ့ ကျေးဇူးရှင်တွေဆိုတော့ ဘာမှ ပူပင်သောက မထားနဲ့။ ကျွန်တော်တို့ကြည့်လိုက်မယ် ကိုမီးခဲ"

အို ... ဒီစကားကြားရသည်နှင့် ကိုမီးခဲကိုရော ဘုတ်ကိုင်များကိုပါ ကျေးဇူးတင်၍မဆုံး။

"ဆရာမှိုင်း ..."

"ဘာတုံး ... ကိုမီးခဲ"

"ဟိုကောင်ရန်ကြီးအောင်ကို တွေ့ပြီးပလား"

"ဟင့်အင်း ... မတွေ့သေးဘူး"

"တွေ့ချင်လား ဆရာ"

"တွေ့ချင်တယ်ဗျာ။ သူရော အခြေအနေကောင်းရဲ့လား"

"လာ .... လိုက်ခဲ့"

သို့နှင့် ကျွန်တော်တို့အားလုံး ကိုမီးခဲရဲ့ဦးဆောင်ရာသို့ လိုက်ပါခဲ့ကြ၏။ ကျွန်တော်တို့ အိမ်သာအကာရှိရာသို့ ရောက်သောအခါ အသံများကို ကြားရတော့၏။

"မင်း ... အသုံးမကျပါလားကွ ဟင်း။ ချေးစက်ကျရင် အဲဒီ ချေးစက်ကို မင်းလက်နဲ့ကျုံးရမယ်။ နားလည်လား ဟေ့ကောင် ..."

ကြိမ်းဝါးသံ။



www.burmeseclassic.com

www.burmeseclassic.com



“ကြည့် ... ဆရာမှိုင်း”

“ဟင် ...”

“ဟာ ...”

“ရန် ... ကြီး ... အောင်”

ဘုရား ... ဘုရား ... ကျွန်တော်မြင်လိုက်သည်ကား ကျွန်တော်တို့မြို့ အချုပ်ခန်းတုန်းက အခန်းလူကြီးလုပ်ပြီး မောက်မာဝင့်ကြွား ထင်တိုင်းကြဲခဲ့သည့် ရန်ကြီးအောင်။

အခု မီလ္လာပုံးကြီးကို တုတ်နှင့်လျှိုထမ်းပြီး အောက်သို့ ချနေရသည်။

မီလ္လာပုံးကား သံစည်ပိုင်းပြတ်ကို သံကွင်းဆိုင်းကြိုး တပ်ထား၏။ ချေးများကား ပုံးအပြည့်။ ထိုမီလ္လာပုံးကို ခြေသလုံးခန့် ထမ်းပိုးနှင့် ရန်ကြီးအောင် မနိုင်မနင်း ထမ်းနေရ၏။

သူ့ကို မီလ္လာဘုတ်ကိုင်က ဟောက်နေဆူနေ၏။ သူ့မျက်နှာသည် ချောင်ကျပြီး ပွေးများ တစ်ကိုယ်လုံးပွနေ၏။ ဆံပင်က ညှဉ်းသိုးသိုး။

ကျွန်တော်တို့အားလုံးကိုမြင်တော့ သူ အံ့အားသင့်ပြီး ရှက်နေ၏။ စကားမပြောရဲ။ မီလ္လာပုံးကို အခြားတစ်ဦးနှင့် အားထည့်ထမ်းရင်း အပေါ်လှေကားမှ ဆင်းသွားကြသည်။

“ကိုမီးခဲ ...”

“ဆရာ ...”

“ဒီကောင် ဘယ်လိုဖြစ်သွားရတာတုံးဗျာ”

“ဝဋ်လည်တာပေါ့ ဆရာရယ်”

“ဝဋ်လည်တာ ...”





“ဟုတ်တယ်လေ ... ဆရာ။ ဒီကောင်က မြို့အချုပ်မှာ ကောင်းစားနေတုန်း ကျွန်တော်အပါအဝင် အချုပ်သားတွေအပေါ်မှာ မချောမင်ဆက်ဆံ၊ နိုင်ထက်ကလူပြု ချွတ်ခြွာပြီး မဟုတ်တာတွေ လုပ်ခဲ့တော့ ထောင်လည်းရောက်ရော ကျွန်တော်က ထောင်ပုံစံခန်းက အခန်းလူကြီးကို ပြန်ပြောပြလိုက်ရော။ ဒီမှာ ဒါမျိုးလုပ်လို့မရဘူး ဆရာ။

အဲဒီလို ငါထောင်ကျပဲဆိုပြီး ဘဝတူချင်းကို မဟုတ်မဟတ် မတော်မတရားလုပ်ခဲ့လို့ ဒီက ကြားရင်သိရင် အဲဒီလိုလူကို ပညာပြန်ပေးရော။ ခုတော့ ဒီကောင်ရန်ကြီးအောင် သူပြုခဲ့တဲ့ အကုသိုလ်ကံဆိုးရဲ့ လောကဝဋ်ကြွေးကို ချက်ချင်း ပြန်ခံစားရတာပဲပေါ့ ဆရာ”

ဟု ရှင်းပြသောအခါ ...,

ဩော် ...

သံသရာဝဋ်၊ လောကဝဋ်ကြွေးတို့သည်လည်း မှေးမှိန်သွားလေ့မရှိ။

ကိုယ်က သူ့အပေါ် မကောင်းတာလုပ်ခဲ့လျှင် ကိုယ်လည်း အဲဒီကံအကျိုးကို တစ်နေ့မဟုတ် တစ်နေ့ မုချမသွေ ပြန်လည်ခံစားရစမြဲပါလား ...။

ကံဝဋ်ကြွေးကား ... ပြေးလို့ မလွတ်ပါကလား။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

ကျွန်တော်သည် နရသိန်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာဖြစ်သူ ညီငယ်စာရေးဆရာ မောင်ညိုအေး (ပန်းတော) ၏ မေတ္တာရပ်ခံအချက် အရ နရသိန်အကျဉ်းထောင်ရဲ့ ဘဝလှိုက်မော အတွေ့အကြုံများကို စဉ်ဆက်မပြတ်ရေးသားခဲ့သည်မှာ ဤဝတ္ထုနှင့်ဆိုလျှင် ငါးပုဒ်မြောက် ဖြစ်ခဲ့ပါပြီ။

မှန်ရာပြောရလျှင် …

အကျဉ်းထောင်မှာနေခဲ့ရသည့် အကျဉ်းသား နရသိန်စံတစ် ယောက်ရဲ့ဘဝကို အိပ်သွန်ဖာမှောက် ရေးပြရသည်မှာ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသကဲ့သို့ ခံစားရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြစ်လျှင် ...

ကိုယ့်အထုပ်ကိုယ်ဖြေရသည့် ဘဝညစ်များအကြောင်း ဘာကြောင့် ရေးနေရသလဲဟု အချို့ဟု မေးကြသည်။

အကြောင်းရှိပါသည်။

ကိုယ့်သားသမီးပဲဖြစ်ဖြစ်၊ ကိုယ့်အပေါင်းအသင်းပဲဖြစ်ဖြစ်၊ ကိုယ့်ဆွေမျိုးပဲဖြစ်ဖြစ်၊ ကိုယ့်တပည့်သားမြေးပဲဖြစ်ဖြစ် ...

ဒီလိုဘဝကျဉ်းကျပ်သော ...

ခါးသီးဖွယ်ကောင်းသော ...

အခန့်မသင့်လျှင် အနိုင်ကျင့်ခံရတတ်သော ...

မခံချင်စိတ်ဖြစ်လာလျှင် နောင်ထပ်ရာဇဝတ်မှု ထပ်မံကျူးလွန်ပြီး အကျဉ်းကျရက်များ မကုန်ဆုံးနိုင်သော ...

အိမ်မှာလို ...

အရပ်ထဲမှာလို ...

မြို့ထဲမှာလို ...

လက်ဖက်ရည်ဆိုင်မှာလို ...

ကာရာအိုကေဆိုင်မှာလို ...

ပန်းခြံထဲမှာလို ...

လွတ်လပ်စွာ ပျော်ရွှင်ခွင့်မရှိ။ စည်းနှင့် ကမ်းနှင့် အလုပ်နှင့် ကျပ်ကျပ်တည်းတည်းနေရသည့်ဘဝ။

ဟိုလူ့ ကြောက်ရနိုး၊ ဒီလူ့ ထိုင်၍ ရှိခိုးရနိုးနှင့် သားမြေး အရွယ်လောက်ရှိသည့် စီနီယာအကျဉ်းသား၊ အချုပ်သားကို အရိုးအသေ ပေးချင်ပေးရ၊ သူပြောသမျှ ဟုတ်ဟုတ်မဟုတ်ဟုတ် နားဆင်လိုက်၍ ငြိမ်ရသည့်ဘဝများကို အခြားသူများ၊ မရောက်ဖူးသေးသူများ နားလည်





ခံစားစေချင်၍ ...

စက်ဆုတ်ရွံရှာစေချင်၍ ...

ရောက်ရန်သွားရန် မသင့်သော အရပ်ပါလားဆိုသည့် အသိဉာဏ်တရား၊ ဆင်ခြင်သဘောပေါက်စေခြင်းအကျိုးငှာ ပြည်ဖုံးကားချထားသည့်ကိုယ့်ရဲ့ နရသိန်အကျဉ်းစံဘဝကို အနှစ်နာခံအရင်းပြုပြီး ရေးသားနေရခြင်းဖြစ်ပါသည် ခင်ဗျား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ဒီနေရာမှာ အခန့်မသင့်လျှင် အနိုင်ကျင့်ခံရသောဟူသည့် အကြောင်းနှင့် စပ်လျဉ်း၍ ကိုယ်တွေ့ကြုံခဲ့ရသည့် ဘဝအဆစ်အပိုင်း အချို့အကြောင်း ရင်ဖွင့်ပြချင်သည်။

ရှေ့ဝတ္ထုများမှာ ကျွန်တော်ရေးခဲ့သလို ...

ထောင်ဆိုသည့် (နရသိန်)ဆိုသည် နတ်ပြည်မဟုတ်။

ဖြဟ္မာပြည်မဟုတ်။

အမှန်က ငရဲအသေးစားဖြစ်၏။

ဒီငရဲတောကို မည်သူကမျှ အငှားကားနှင့် လိုက်ပို့ခဲ့သည် မဟုတ်။ အလစ်အငိုက်မှာ နောက်ကျောက ကန်ချလိုက်သည်လည်း မဟုတ်။





ကိုယ်ပြုသည့်ကံအကျိုးဆက်နှင့် ကိုယ့်ခရီးစရိတ်ကိုယ်ရှာပြီး အရင်းပြု၍ ဝင်လာခဲ့တာ။

ခြွင်းချက်တော့ ရှိသည်ပေါ့။

အချို့သူများ ခရီးစရိတ်နှင့် ကံအကြောင်းတရားဆိုးရွားစွာ ဝင်လာရသည်လည်း ရှိကြလေ၏။

ရှိစေတော့။

ရှေးဘဝဝဋ်ကြွေးကို ယခုဘဝမှာ ပြန်၍ ကံကြွေးဆပ်ရသည် ပဲဆိုဆို၊

ကိုယ်ပြုသည့်ကံရဲ့ ပဲ့တင်သံက ကိုယ့်ထံပြန်၍ ရောက်သည် ပဲပြောပြော၊

နရသိန်ကို ကျွန်တော်တို့ရောက်ခဲ့ပါပြီ။

ရောက်ခဲ့သည့်ကာလက ... ၁၉၈၉ ခုနှစ်။

အရေးအခင်း ပြီးစကာလ။

အင်းစိန်အကျဉ်းထောင်ရဲ့ တိုက်ထဲမှာလည်း ရာဇဝတ်သား တွေ ပြည့်နေ၏။ အဆောင်များမှာလည်း ပြည့်လုခမန်းရှိနေ၏။

အများအားဖြင့် ...

အရေးအခင်းကာလတုန်းက ပါဝင်ခဲ့သူများ၊ လူသတ်ခေါင်း ဖြတ် ကျူးလွန်းခဲ့သူများ၊ ကြံရာပါများ၊ အားပေးကူညီသူများ၊ အစိုးရ ဂိုဒေါင်ဖောက်ထွင်းသူများ၊ တိုင်းပြည်ပျက်ကာလမှာ ဆိုးသွမ်းသောင်း ကျန်း လုယက်တိုက်ခိုက်သူများ ...

အရေးပေါ်စီမံချက်နှင့် ဆွဲလာသူများ ...

ခါးပိုက်နှိုက်လူပေါင်းစုံများ ...

နာမည်ဆိုးနှင့် ကျော်ကြားသူများ ...



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးအရ ဆူပူသူများ …

ကွန်မြူနစ်အဖျက်သမား သောင်းကျန်းသူများနှင့် ဆက်သွယ်သူများ။

ပြောရလျှင် …

၁၉၈၉ နှစ်ဦးအစက အင်းစိန်အကျဉ်းထောင်မှာ တော်တော့်ကိုဆိုးပြီး နာမည်ဆိုးသူများပါ ရောပြွမ်းစုပေါင်းထိန်းသိမ်းထားသည့် အချိန်ဖြစ်၏။

ကျွန်တော်တို့ စားရေးဆရာအုပ်စုလည်း (၅)တိုက်၊ (၆)တိုက်၊ (၄)တိုက်၊ (၃)တိုက်များမှာ လှည့်လည်နေရရင်းမှ ကံကောင်းချင်တော့ အဆောင်(ဂျ)သို့ ရောက်လာခဲ့ရ၏။

အဆောင်(ဂျ)ကား တစ်ချိန်တစ်ခါတုန်းက အမျိုးသမီးအကျဉ်းကျအချုပ်ကျဆောင်ဟု သိရလေသည်။

ကျွန်တော်တို့ရောက်ရှိချိန် အမျိုးသားများ ယာယီထားသည့် အဆောင်ဖြစ်၏။

အမျိုးသမီးများကို ဘူးဝအနီးက အဆောင်မှာထား၏။ (ဂျ)ဆောင်သည် ထောင်အုတ်ရိုးအနီးမှာရှိ၏။ လေကောင်းလေသန့်ရ၏။ ဟိုးအပြင်ကို အပေါ်စီးမှမြင်ရ၏။

မြင်ပလူသံကြားရ၏။ သီချင်းသံကြားရ၏။ ကားများ ဖြတ်သွားတာကို မြင်ရ၏။

လေယာဉ်ပျံများ ပျံသန်းလာလျှင် ကိုယ့်ခေါင်းပေါ်မှ ဖြတ်သွားသလို ခံစားရပြီး အသံဆူညံလွန်း၍ နားပိတ်ထားရ၏။

(ဂျ)ဆောင်ရဲ့ အောက်ထပ်မှာ (ဂိ)များ နေကြရ၏။ (ဂိ)ဆိုသည်မှာ ရဲဘက်စခန်းများမှ လုပ်ငန်းတာဝန်ပြီး၍ အလှည့်ကျပြန်လာသူ၊





နာမကျန်း အားအင်ချည့်နဲ့နေသူများကို ခေါ်၏။

အရိုးနှင့်အရေသာကျန်၍ (ဂိ)ဟု ထောင်ဝေါဟာရအရ ခေါ်ကြ၏။

ထုံးစံအတိုင်း …

ကျွန်တော်တို့ (ဂျ)ဆောင်မှာ အခန်းလူကြီးရှိ၏။ အခန်းစာရေးရှိ၏။ လူအကျဉ်းသား၊ အချုပ်သား (၃၀၀)ခန့်ကို ၎င်းတို့က အုပ်ချုပ်၏။ အောက်မှာ ထောင်မှူး၊ ထောင်ကြပ်ကြီးနှင့် တပ်သားများက အနီးကပ် စောင့်ကြပ်မှုပြုနေရ၏။

အဲဒီမှာ အခန်းလူကြီး (အခန်းလူကြီးကလည်း ထောင်အချုပ်ကျ အမှုရင်ဆိုင်နေဆဲသူလည်း ဖြစ်၏။ သူကား မကြာခဏထောင်ထဲကို ဝင်လိုက်ထွက်လိုက်လုပ်နေသူမို့ အများထက်ပိုပြီး စီနီယာကျ (လက်ကောက်) ဖြစ်နေ၍ ပြန်ရောက်လာလျှင် သူက အတွေ့အကြုံအရ အများအားဖြင့် အခန်းလူကြီး၊ အခန်းစာရေး ဖြစ်လေ့ရှိ၏။)

အခန်းလူကြီး ကိုထွန်းချိန်က ချာတိတ်လေးတစ်ယောက်ကို ပ,စားပေးထား၏။ အသက်ကရှိလှမှ ၎င်းချာတိတ်သည် (၁၄/၁၅)နှစ်ခန့် ရှိမည်ခန့်မှန်းရ၏။

ခါးပိုက်နှိုက်ကလေး။

အခန်းလူကြီးက သူ့ကို ပ,စားပေး နေရာပေးတော့ တန်းစီပုံစံထိုင်ချိန်မှာ ချာတိတ်ကလေးက ကြိမ်လုံးကလေးတစ်ချောင်းကိုင်ပြီး အချုပ်သား(၃၀၀)အပေါ် ဩဇာအာဏာပြလေ၏။

"ပုံစံထိုင်ရင် ရှေ့လူနောက်စိနဲ့ နောက်လူမျက်စိ တန်းနေပစေနော်"

"မလှုပ်နဲ့ …။ ပေါင်ပေါ် မြွေတက်လာရင်တောင် အသေခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်။ ပုံစံမပျက်စေနဲ့''

''ဟိုလူ ဘာနောက်လှည့်ကြည့်တာလဲ။ နာချင်လို့လား''

''ကိုယ့်အိမ်မဟုတ်ဘူး။ ဒါ ထောင်။ နှစ်ခါမပြောဘူး။ တစ်ခါပဲ ပြောမယ်။ ဟင်း ...''

''ခါးနာတာတွေ၊ အူကျတာတွေ လာမပြောနဲ့။ ပုံစံထိုင်ဆိုရင် ပုံစံပီပြင်ပစေ။ မပီပြင်ရင် နာပြီလို့မှတ်''

အဲဒါသာကြည့်။

ဘယ်လောက်ခံပြင်းစရာ ကောင်းပါသလဲခင်ဗျာ။ ကိုယ်မွေးရင် ကိုယ့်သားအငယ်ဆုံး ချာတိတ်လောက်ရှိသည့် နှပ်ချေးတရှုံ့ရှုံ့နှင့် ကောင်လေးက ...

ကြိမ်လေးကို လေထဲမှာ တရွှမ်းရွှမ်းအသံပေးပြီး သူ့အဖေအရွယ်၊ သူ့အဘိုးအရွယ်၊ သူ့အစ်ကို၊ ဦးကြီးအရွယ်၊ ပညာတတ်များ၊ စာရေးဆရာများ၊ ဘုန်းကြီးလူထွက်များကို ဩဇာပေးနေပုံရ၏။

ရင်ထဲမှာ ကျလိကျလိ နေ့စဥ်ဖြစ်နေသည်။

အပြင်မှာသာဆိုလျှင် သူလိုကောင်ကို ခြေနှစ်ချောင်းကိုင်ပြီး ကုက္ကိုပင်နှင့် ရိုက်ပစ်လိုက်မိလိမ့်မည်။

သို့သော် ...

ဤနေရာသည် မြို့ပြင်မဟုတ်၊ ရွာမဟုတ်၊ ရပ်မဟုတ်၊ ဈေးမဟုတ်၊ ကတ္တရာလမ်းနံဘေးမဟုတ်၊ အရက်ဆိုင်မဟုတ်။

နရသိန်အကျဥ်းထောင်။

စီနီယာကို ပြောလို့မရ။

စီနီယာ အခန်းလူကြီးက ပ,စားပေး၊ မွေးစားချီးမြှောက်ထားသူ့ကို ကဏ္ဍကောစလုပ်လို့မရ။

စိတ်ကူးသစ်စာပေ



လုပ်ရင် ဘာဖြစ်မလဲ။

မေးကြလိမ့်မည်။

မကျေနပ်၍ ကဏ္ဍကောစလုပ်မိလျှင် ၎င်းတို့အုပ်စုက ကျွန်ုပ်ကိုသော်လည်းကောင်း၊ သင့်ကိုသော်လည်းကောင်း အခန်းလူအများရှေ့မှာ (ဗျင်း)ကြပေလိမ့်မည်။

ဒါ့အပြင် ...

အခန်းလူကြီးရဲ့ ပြောဆိုဆုံးမသည့် ထောင်စည်းကမ်းဥပဒေကိုမလိုက်နာမှု အမည်တပ်ပြီး တိုက်ထဲသို့သော်လည်းကောင်း၊ ဒါမှမဟုတ် သည့်ထက်ဆိုးသည့် အခန်းအဆောင်သို့လည်းကောင်း ပို့လိုက်လျှင် ပါးစပ်မှ သွေးအန်သွားနိုင်ပါသည်ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ထောင်မှာ ဆေးလိပ်သည် ပိုက်ဆံဖြစ်၏။ (ယခုအခါ ဆေးလိပ်ကင်းစင်နယ်မြေ ဖြစ်သွားပါပြီ)

ဆေးလိပ်ရှိလျှင် လိုအပ်သလို အသုံးပြုလို့ရ၏။ ဆံပင်ညှပ်ချင်လျှင် ဆေးလိပ်ငါးလိပ်မှ ဆယ်လိပ်ပေးရ၏။ မပေးသည်ရှိသော် ဆံပင်ပုံစံသည် ကြွက်ကိုက်သကဲ့သို့ ရှိနေမည်ဖြစ်၏။ ထောင်ဆံပင်ညှပ်သမားအား ဆေးလိပ်များပေးကမ်းလိုက်လျှင် ရှေ့တစ်လက်မနောက်ပြောင်ပုံစံကေကို လှလှပပ သားသားနားနား ရှချင့်စဖွယ်ညှပ်ပေးပြီး ဖက်ကြောပါ အဆစ်ဆွဲပေးပါလိမ့်မည်။

ဆေးလိပ်ကို ပိုက်ဆံအဖြစ်သုံး၍ ကရေကရာမုန့်များ ဝယ်စားလို့ရ၏။ စပယ်ရှုယ်အိမ်သာမှာ ချေးယို၍ရ၏။





ဆေးလိပ်လေးလိပ်ပေးလိုက်ပါက အကျဉ်းသား၊ အချုပ်သားတစ်ဦးက သင့်ကိုသော်လည်းကောင်း၊ ကျွန်ုပ်ကိုသော်လည်းကောင်း၊ ယခု ပြင်ပအနှိပ်ခန်းမှာ နှိပ်သည်ထက် အောက်တန်းမကျအောင် နှိပ်နယ်ပေးမည်ဖြစ်၏။

သို့ဖြစ်၍ အိမ်ကများ ထောင်ဝင်စာလာခဲ့လျှင် ကျားမသန်းဌေးဆေးပေါ့လိပ်၊ ခြင်္သေ့သုံးကောင်၊ အင်းစိန်မကြင်လှ(နွားဆေးလိပ်)၊ တောင်ငူဆေးပေါ့လိပ်များ များများထည့်ပေးရန် မှာကြားရ၏။

ကျွန်တော်တို့ စားရေးဆရာအဖွဲ့ ကံကောင်းပါပေ၏။

ကျွန်တော်သည် ထောင်မှူးကြီးဦးလှ (ဆရာလှ–မေးစေ့မှာ အချိုင့်ကလေးပါသူ။ ယခု ကွယ်လွန်ပြီဟုကြားရ၏) နှင့် လွန်စွာ ရင်းနှီးရကား ထောင်မှူးကြီးဦးလှ၏ ကူညီစောင့်ရှောက်မှုကို ခံစားရ၏။

ထောင်မှူးကြီးဦးလှသည် ကျွန်တော့်ရဲ့စာဖတ်ပရိသတ်လည်း ဖြစ်၏။ သူ့စောင်မကူညီမှုနှင့် ကျွန်တော်တို့ရုံးထုတ်ဆောင် အခန်းလူကြီး ကိုအောင်ကြီး (အင်းစိန်)နှင့် အပ်နှံရင်းနှီးခွင့်ရှိခဲ့၏။

ကိုအောင်ကြီး(အင်းစိန်ဟု ထင်ပါသည်)ကား အသားဖြူဖြူ လက်ပြင်ကုန်းကုန်းနှင့် ခပ်ချောချောဖြစ်၏။ စကားပြောချိုသာ၍ အပေါင်းအသင်းဆံ့၏။ သူ့ကို တစ်ထောင်လုံး မသိသူမရှိ။

ကိုအောင်ကြီးက တစ်ထောင်လုံးရှိ ရုံးထုတ်ဆောင်ကို ကိုင်တွယ်ကြီးကြပ်ရသည့် အခန်းလူကြီးဖြစ်၏။

ရုံးထုတ်ဆောင်သည် နှစ်ထပ်ဆောင်ဖြစ်ပြီး နေ့စဉ် စနေ၊ တနင်္ဂနွေမှလွဲ၍ အချုပ်သား(၇၀၀/၈၀၀)ခန့် အမြို့မြို့အနယ်နယ် တရားရုံးသို့ အမှုရင်ဆိုင်ရန် တစ်နေ့တစ်ကြိမ် ကြိုလာရ၏။

၎င်းအချုပ်သားအင်အားကြီးကို ကိုအောင်ကြီးက ကြိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းနှင့် အုပ်ချုပ်ရကား တိကျပြတ်သား၊ မှန်မှန်ကန်ကန် လုပ်ကိုင်လေ့ရှိသူမို့ တစ်ထောင်လုံးရှိ အခန်းလူကြီးများ၊ နှစ်ကြီးကျထောင်သားများ၊ ရာဇဝတ်သားများကပါ သူ့ကို ခန့်ညားလေးစား အားကိုးအလေးထားရ၏။

ထောင်မှူးကြီးများနှင့် ထောင်ဝါဒါများကလည်း ကိုအောင်ကြီးရဲ့ စနစ်တကျ ငြိမ်ဝပ်ပြားအောင် အုပ်ချုပ်မှုအပေါ် အသိအမှတ်ပြုရကား ...

တစ်ထောင်လုံး မည်သည့်အဆောင်ကိုဖြစ်ဖြစ် ကိုအောင်ကြီး အိပ်ချိန်မှလွဲ၍ သွားကာ လူပ်ရှားတွေ့ဆုံမေးမြန်းနိုင်ပေ၏။

မည်သူကမှ သူ့ကို ကန့်ကွက်ငြိုငြင်ခြင်းမရှိ။

အဆောင်များသို့ ကိုအောင်ကြီးရောက်လျှင် နာမည်ကြီး အခန်းလူကြီး လက်သံပြောင်များကပင် လေးစားစွာခရီးဦးကြိုပြုပြီး နေရာထိုင်ခင်းပေးရ၏။ ရှိသမျှနှင့် ဧည့်ဝတ်ပြုကြရလေ၏။

ကိုအောင်ကြီးကား ကျွန်တော်တို့စာရေးဆရာများကို လေးစား၏။ ခင်မင်၏။ ထောင်မှူးကြီးဦးလှ မျက်နှာနှင့် ကျွန်တော်တို့ကို အစစအရာရာ ကူညီစောင့်ရှောက်၏။

ရုံးထွက်ဆောင်မှာ ညအိပ်ရလျှင် ပုံစံမထိုင်ရ။ သီးသန့်နေရာပေးပြီး စားစရာ၊ ရေနွေးကြမ်းနှင့်ပင် ရာကြွည့်ခံလိုက်သေး၏။

(၇)ဆောင်မှာ နေရစဉ်ကာလတစ်လျှောက်လုံး နေ့စဉ်နှင့်အမျှရောက်လာလေ့ရှိပြီး ရေဘုတ်ကိုင်၊ ထမင်းဘုတ်ကိုင်၊ အိမ်သာကိုင်နှင့် အခန်းလူကြီးများကိုခေါ်၍ ...

"ဒါ ... ငါတို့ဆရာသမား စာရေးဆရာခြောက်ဦးပဲ ကိုယ့်လူ။ စားရာမှာဖြစ်ဖြစ်၊ ရေချိုးရာပဲဖြစ်ဖြစ်၊ အိမ်သာတက်ရာမှာပဲဖြစ်ဖြစ်





မရစ်နဲ့၊ မညစ်နဲ့။ ကြားလား"

"ဟုတ်ကဲ့ ... ကိုအောင်ကြီး"

"သူတို့ကို ညစ်ရင်၊ ရစ်ရင် .. မင်းတို့ ငါ့အကြောင်းသိတယ်နော်"

"သိပါတယ် ကိုအောင်ကြီး။ စိတ်ချပါ ...။ ကျွန်တော်တို့ သေသေချာချာ ဂရုစိုက်ပါမယ် ခင်ဗျာ"

ကိုအောင်ကြီးကား အဲလိုလူတည်း။

ကိုအောင်ကြီး၏ အရှိန်အဝါ၊ ထောင်မှူးကြီးဦးလှ၏ ကူညီစောင့်ရှောက်မှုများကြောင့် ကျွန်တော်တို့ အင်းစိန်ထောင်မှာ နေရစဉ်ကာလတစ်လျှောက် ...

ဒါ့အပြင် ...

(၇)ဆောင်အောက်ရှိ တာဝန်ကျရုံးမှ ထောင်မှူး၊ တပ်ကြပ်၊ ဝါဒါများရဲ့ လေးစားခင်မင်စွာ စောင့်ရှောက်ကူညီမှုများကြောင့် အခက်အခဲ၊ အကျပ်အတည်း သိပ်မရှိခဲ့။

ယခုအခါ အနှစ်(၂၀)ကျော်ခန့် ကြာမြင့်သွားခဲ့ပြီမို့ သူတို့လည်း ပင်စင်သွားယူသွားကြရော့မည်။ အသက်နှင့်ခန္ဓာ မြဲသူလည်း ရှိချင်ရှိကြမည်။ အချို့ ကွယ်လွန်သွားကြပြီဟု ကြားရသည်။

တရားဝင်စာရေးသားခွင့် ရချိန်လေးမှာ ကျေးဇူးရှိခဲ့ဖူးသူများအား ဤဝတ္ထုစာစုနှင့် ကျေးဇူးစကားဆိုရခြင်း ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ဒီနေရာမှာ ကိုအောင်ကြီးရဲ့ အမှတ်တရ လုပ်ရပ်လေးတစ်ခု အကြောင်း ရေးသားချင်ပါသည်။

အလွန့်ကို ကံကောင်းပေလို့။ နို့မို့ ...

ဆိုရလျှင် ...

ထောင်ထဲမှာ စုပေါင်းနေထိုင်တတ်ဖို့ အလွန်အရေးကြီး၏။ အားထားရာလူရှိဖို့လည်း လို၏။ ကိုယ့်လူခံသြဇာညောင်းသူမရှိလျှင် ထောင်ရဲ့အကျဉ်းသား၊ အချုပ်သားဘဝ အနေရအထိုင်ရကျပ်၏။ ကြီးနိုင်ငယ်ညှဉ်းလည်း ရှိ၏။ ငါက လူဘယ်နှစ်ယောက်သတ်လာခဲ့တာကွ၊ နောက်ထပ်သတ်ဖို့ ဝန်မလေးဘူးဆိုသည့်အရှိန်လေးနှင့် နိုင်လိုမင်းထက်လုပ်ချင်သူ ရာဇဝတ်သားလည်းရှိ၏။





အချို့ ခြိမ်းခြောက်၍ ကပ်လိုးချတ်ခွာ လုပ်သူလည်းရှိ၏။ ထောင်မှူး၊ ထောင်ကြပ်ဝါဒါများ မသိသေးလျှင်တော့ နေရော့။ သိသွားပြီဆိုလို့ကတော့ အဲဒီလိုအနိုင်ကျင့်သူများဘဝ မချောင်တော့၊ အခန်းပြောင်းချင်ပြောင်း၊ မပြောင်းရလျှင် တိုက်ပိတ်၍ ခြေချင်းခတ်ခံရပြီသာမှတ်။

ဒါကြောင့် ထောင်ထဲမှာဖြစ်ဖြစ်၊ အချုပ်ထဲမှာဖြစ်ဖြစ် ကိုယ့်လူခံလူရင်း သြဇာညောင်းသူ အပေါင်းအသင်းမရှိလျှင် အနေကျပ်ရ၏။ စိတ်ဆင်းရဲစရာ ကောင်းလှ၏။

တစ်နေ့ ... ကျွန်တော်တို့ရုံးထွက်အမှု စစ်ဆေးခံရမည်မို့ ကိုအောင်ကြီးတို့ ရုံးထွက်ဆောင်မှာ ကြို၍ တစ်ညအိပ်ရ၏။ မိုးလင်းလျှင် အချုပ်ကားအသီးသီးနှင့် ကိုယ်အမှုရင်ဆိုင်ရမည့် တရားရုံးကို သွားရ၏။

ရုံးထွက်ဆောင်သို့ ညနေစာစားပြီး လေးနာရီနောက်ပိုင်းမှာ အဆောင်အသီးသီးမှာ အချုပ်ကျများ သွားရောက်စုဝေးရ၏။ ရောက်သည်နှင့် တန်းစီပုံစံထိုင်ရ၏။

ကျွန်တော်တို့က ထိုင်စရာမလိုတော့။ ကိုအောင်ကြီးရှိနေ၍ အနေသက်သာခွင့် ရနေ၏။

တန်းစီပုံစံထိုင်၊ လူစစ်ပြီးသည်နှင့် ဘုရားမရှိခိုးခင် နားနားနေနေ နေခွင့်ရကြသည်။

ထိုသို့ရှိနေစဉ် ကျွန်တော်တို့ခြောက်ဦးအဖွဲ့မှ ရှေ့နေကိုခင်မောင်လေး (ယခုကွယ်လွန်) ပျောက်သွား၏။ ကိုခင်မောင်လေးကား ခြေရောလက်ရော မသန်ရှာ။ ပိုလီယိုရောဂါကြောင့် လက်ရောခြေပါ ကောက်ကွေးပြီး ထိုင်လျှင် မိန်းကလေးလို ဝိုဝိုထိုင်ရရှာ၏။ အရယ်



www.burmeseclassic.com

www.burmeseclassic.com



အရွှမ်းနှင့် ပုံတိုပတ်စများပြောရာမှာလည်း ပွဲကျရအောင်ပြောနိုင်၏။

ဗုဒ္ဓစာပေလည်း ကျွမ်းကျင်နိုင်နင်းရကား ဘာသာရေးကိစ္စ ဆွေးနွေးပြောဆိုကြလျှင် ကျမ်းကိုးကျမ်းကားနှင့် လွန်စွာမှတ်သားလောက်၏။

ကိုခင်မောင်လေး အချိန်အတန်ကြာသည့်တိုင် ပြန်တက်မလာ၍ ကျွန်တော်လိုက်ရှာလိုက်သောအခါ ...

ရုံးထွက်ဆောင်၏အောက်ထပ် အိမ်သာခန်းတစ်ခုရှေ့မှာ ကိုခင်မောင်လေး ပြဿနာတက်နေရတော့၏။

"မင်း ... အခုချက်ချင်း မင်းခြေးကို မင်းလက်နဲ့ကျုံးပြီး အပေါ်ကအိမ်သာကို သွားပို့စမ်း။ လုပ်လေ ..."

ဘုရား ... ဘုရား ... ဘယ်လိုဖြစ်ကြပါလိမ့်။

တစ်ကိုယ်လုံးဝဲစွဲပြီး ပွေးကွက်အပြည့်ရှိနေသော အဖြူဝတ်စုံဝတ် မိလ္လာဘုတ်ကိုင် (ထောင်ကျဘုတ်ကိုင်) တစ်ဦးက ကိုခင်မောင်လေးကို အကျီရင်ဘတ်ကို ကိုင်ဆောင့်လှုပ်ပြီး ကြုံးဝါးခိုင်းစေနေသည်ကို မြင်လိုက်ရသောအခါ ကျွန်တော် ရင်တုန်သွားရ၏။

"ဟေ့ကောင် ... မင်းနာမည် ဘယ်လိုခေါ်လဲ"

"ခင်မောင်လေးလို့ ခေါ်ပါတယ် ... ခင် .. ဗျာ ...

သွားရင်းလာရင်း ... ဗိုက်အောင့်လို့ ... ဝင် ... ဝင် ... ပြီး"

"ဒီအိမ်သာနေရာဟာ မင်းလိုအချုပ်ကျကောင်စားမျိုး ချေးယိုသေးပေါက် လုပ်လို့မရဘူးဆိုတာ မင်းနားမလည်ဘူးလားဟင်"

"မ ... သိလို့ပါ၊ အစ်ကိုကြီးရယ်။ တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်ပါ"





"မရဘူး။ အခု မင်းချေးကို မင်းလက်နဲ့ကျုံးပြီး ဟိုအပေါ်ထပ်က မင်းတို့အချုပ်ကျတွေ ယိုတဲ့အိမ်သာကို သွားပို့"

"ဟို ... ဟို ..."

ဒီမှာ မိလ္လာဘုတ်ကိုင်က ကိုခင်မောင်လေးရဲ့ အကျီစကိုကိုင်၍ ဒေါသနှင့် ဆွဲဆောင့်လိုက်ရကား ကိုခင်မောင်လေးမှာ ကြောက်လွန်း၍ တစ်ကိုယ်လုံးတုန်းပြီး မျက်ရည်များ မျက်လုံးအိမ်မှ ကျလာတော့သည်။

သူသည် ကျွန်တော့်ကို မြင်သောအခါ အားကိုးတကြီးမျက်လုံးနှင့် ကြည့်၍နေရှာ၏။

ကျွန်တော်သည် စိုးရိမ်ကြီးစွာဖြစ်ပြီး ဝါရင့်သမ္မာရင့် မိလ္လာဘုတ်ကိုင်ကိုလည်း မမေးရဲ၍ နီးရာအကျဉ်းသားတစ်ဦးကို ခပ်တိုးတိုးမေးလိုက်သောအခါ ...

"အဲဒီ ခြေထောက်ကျိုးနဲ့လူက ဟိုရှယ်အိမ်သာမှာ အလေးသွားလို့ဗျ"

"လူတိုင်း၊ အချုပ်သားတိုင်း သွားလို့မရဘူးလားဗျ ဟင်"

"မရဘူး။ ဒီအိမ်သာက အခန်းလူကြီးတို့၊ ဝါဒါတို့၊ အပိုင်သားတို့ ပတ်သက်ရာပတ်သက်ကြောင်းရှိသူမှ အရေးပေါ် အလေးသွား၊ အပေါ့သွားလို့ရတဲ့ အိမ်သာ။ သွားချင်ရင်လည်း ဆေးလိပ်ငါးလိပ်လောက် အဲဒီ မိလ္လာဘုတ်ကိုင်ကိုပေးမှ သွားလို့ရတာ။ အဲဒီတော့ ထော့ကျိုးက ဘာညာသာရကာမပေးဘဲ သွားလုပ်တော့ ဟိုမိလ္လာဘုတ်ကိုင်က ပညာပေးနေတာ"

"ဗျာ ..."

ကျွန်တော်ချက်ချင်းပဲ ရုံးထွက်ဆောင် အပေါ်ထပ်သို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com



တက်သွားလိုက်သည်။

"ကိုအောင်ကြီး ... ကိုအောင်ကြီး ..."

"ဆရာညိုမှိုင်း ... ဘာဖြစ်လို့လဲ ရေးကြီးသုတ်ပျာနဲ့"

"မြန်မြန်လာပါဗျာ။ အောက်ထပ်အိမ်သာရှေ့မှာ ကိုခင်မောင်လေးပြဿနာတက်နေလို့။ မြန်မြန်လိုက်ခဲ့ပါဗျာ"

ကျွန်တော့်ရဲ့ ရေးကြီးသုတ်ပျာ မျက်ကလူးဆန်ပျာအဖြစ်ကို မြင်လိုက်သောအခါ ကိုအောင်ကြီးရော ကျွန်တော်တို့လူ ကိုလှမြင့်ထွန်းတို့ပါ အောက်ထပ်သို့ အပြေးလိုက်လာကြတော့သည်။

ကျွန်တော်က လမ်းခရီးမှာ ကိုခင်မောင်လေးရဲ့ ခံစားနေရသည့် ပြဿနာအဖြစ်အပျက်ကို အကျဉ်းချုံး၍ ပြောပြလိုက်သောအခါ ကိုအောင်ကြီး တောက်တစ်ချက်ခတ်လိုက်ပြီး ခြေလှမ်းကျဲကျဲနှင့် ပြေးလိုက်လာလိုက်သည်။

ကျွန်တော်တို့ရောက်သွားသောအခါ ကိုခင်မောင်လေးသည် မိလ္လာဘုတ်ကိုင် ပွေးထူဝဲစွဲ ကိုရှပ်ဆိုးကို ထိုင်ကန်တော့ တောင်းပန်နေရှာ၏။ မြင်ရချက်က ရင်နင့်စရာ။

"ဘတိုး ... ဘာဖြစ်နေတာလဲဟေ့"

ကိုအောင်ကြီးက မိလ္လာဘုတ်ကိုင်ဘတိုးဆိုသူ ပွေးထူရဲ့မျက်နှာကိုကြည့်ပြီး ခပ်ထန်ထန်မေးလိုက်သည်။

"ဟာ ... ကိုအောင်ကြီးပါလား"

"ဘာဖြစ်သလဲ မြန်မြန်ပြောကွာ။ ကြာတယ်"

"ဒီကောင်ပေါ့ဗျာ ကိုအောင်ကြီးရာ ... ဒီအိမ်သာမှာ မပြောမဆိုနဲ့ ချေးလာယိုတယ်။ ဘာညာသာရကာလည်း မပါဘူး။ ဒါကြောင့် ပညာပေးနေတာပါ"





"ဘယ်လို ပညာပေးသလဲ လုပ်ပါဦးကွ။ ပြောလေကွာ"

"သူ့ချေးကို သူ့လက်နဲ့ကျုံးပြီး အပေါ်အိမ်သာကို သွားပို့ခိုင်းနေတာပါ"

"ဟေ့ကောင် ... ဘတိုး"

"ဗျာ ... ကိုအောင်ကြီး"

"ဒီမှာ ဘတိုး ... ဒီလူယိုတဲ့ချေးကို မင်းလက်ခုပ်နဲ့ကျုံးပြီး မင်းကိုယ်တိုင် အပေါ်ထပ်အိမ်သာကို ခုချက်ချင်းသွားပို့စမ်း"

"ဗျာ ..."

"ဗျာတွေဘာတွေ ... လာမလုပ်နဲ့။ ခုချက်ချင်းကျုံးပြီး မင်းကိုယ်တိုင်သွားပို့။ လုပ်လေကွာ"

"ကို ... အောင် ... ကြီး ... ဒါ ... ဒါ ..."

"ဖောင်း ..."

"အား ... အမလေးဗျ ..."

ကိုအောင်ကြီးရဲ့ညာလက်ဝါးက မိလ္လာဘုတ်ကိုပွေးရဲ့ နားရင်းပေါ် အရှိန်ပြင်းပြင်းနဲ့ကျသွားရာ ဖောင်းခနဲမြည်သံနှင့်အတူ ငပွေးလည်ထွက်သွားတော့သည်။

ငပွေးဘတိုးသည် ကိုအောင်ကြီးရဲ့ 'ဇ'ကို သိနေရကား ဘာမှပြန်မပြောရဲဘဲ ခေါင်းငုံ၍ နေရတော့၏။

"ဟေ့ကောင် ... ဘတိုး၊ ဒီလူ ဘယ်သူလဲသိလား"

"မ ... မသိ ... ပါဘူး ... ကိုအောင်ကြီး"

"ဒါ ... စာရေးဆရာကွ။ လူ ... လူကွ။ လူကို လူလိုဆက်ဆံရတယ်။ အိမ်သာဆိုတာ ဒီနေရာမှာချီးပါဖို့၊ သေးပေါက်ဖို့ အကျဉ်းထောင်ဥပဒေအရ လုပ်ပေးထားတာ။ မင်းတို့မိလ္လာဘုတ်ကိုင်တွေ အကြ



www.burmeseclassic.com

www.burmeseclassic.com



အဖန်လုပ်စားဖို့ နိုင်ငံတော်က အကုန်အကျခံလုပ်ပေးထားတာ မဟုတ်ဘူး။ ဟော့ကောင် ... ဘတို၊ မင်းဟာ အကျဉ်းထောင်က ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့လုပ်ငန်းကို အလွဲသုံးစား ကိုယ်ကျိုးရှာလုပ်တဲ့ကောင်။ မင်း ငါ့အကြောင်း သိတယ်နော်"

"အစ် ... အစ် ... ကို ... အောင် ... ကြီး ..."

"မ ... မသိလို့ပါ အစ်ကို ..."

"ငါ့လူကွ ... ငါ့လူ"

"ဗျာ ... ကျွန်တော် ... တောင်းပန် ... ပန်ပါတယ် ... ကိုအောင်ကြီးရာ။ အစ်ကို့ဘော်ဒါမှန်း ... မ ... မသိလို့ပါဗျာ"

"မင်းကို ရုံးတိုင်မယ်။ လာ ... လိုက်ခဲ့"

"အစ်ကိုအောင်ကြီး ကျွန်တော် ရှိကြီးခိုးပါတယ် ... အစ်ကိုအောင်ကြီးရာ။ နောင်ကို ဒီလို ကျွန်တော် အစ်ကို့လူများကို မလုပ်တော့ပါဘူး အစ်ကိုရာ။ ဟီး ... ဟီး"

ကြည့်စမ်း ... သင်းကောင်။ မိလ္လာဘုတ်ကိုင်ရာထူးပြုတ်ပြီး တိုက်ပိတ်ခံရမှာစိုးလို့ မျက်ရည်လည်ရွဲကျပြီး ကိုအောင်ကြီးရဲ့ ခြေသလုံးကိုဖက် ရှိခိုးတောင်းပန်နေလေရဲ့။

ဒါနဲ့အတူ ကိုခင်မောင်လေးကိုလည်း ထိုင်ကန်တော့ပြီး တောင်းပန်နေလေရဲ့ဗျာ။

ခြော် ...

စောစောတုန်းက ကိုခင်မောင်လေးက ကြောက်ဒူးတုန်ပြီး သင်း မိလ္လာဘုတ်ကိုင် ငပွေးထူကို မျက်ရည်လည်ရွဲနှင့် တောင်းပန်အသနားခံရနေရဲ့။

ခုတော့ ...

---

စိတ်ကူးသစ်စာပေ



သင်းကိုယ်တိုင် မျက်ရည်ပေါက်ပေါက်ကျ နှာရှင်းအုပ်ခံရင်း ကိုအောင်ကြီးကိုရော ကိုခင်မောင်လေးကိုရော အများရှေ့မှာ ဒူးဖက်လို့ တောင်းပန်နေရလေရဲ့။

ဒါ လောကဝဋ်ပေပဲလား ...။

အမေက ငါ့ကိုနိုင်၊ ငါက ကြက်မကြီးကို နိုင်၊ အားပြုံ့ပွဲလား။

ဒါမှမဟုတ် ...

ထောင်ဥပဒေအကြောင်း အစစ်အမှန်ရဲ့ တကယ်အပြစ်လုပ်ရင် တကယ်ခံစားရမယ့် အနိမ့်အမြင့် ဘဝရေသပြယုဂ်လား။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ ကိုအောင်ကြီးက တရားနည်းလမ်းမှန်ကန်စွာဖြင့် ကိုခင်မောင်လေးရဲ့မျက်ရည်ကို သုတ်သိမ်းပြီး အကြံအဖန်သမား မိလ္လာဘုတ်ကိုင်ကို ပညာကောင်းကောင်းပေး နောင်တရစေသည်ကား ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာ တကယ်ဖြစ်ရပ်မှန်ပဲ ဖြစ်ပေသည်တကား။

(မှတ်ချက် ။ ။အကျဉ်းထောင်ဥပဒေကို လေးစားလိုက်နာ အမှန်အကန် ဆောင်ရွက်ခဲ့သော ကိုအောင်ကြီးခင်ဗျာ ... ဤဝတ္ထုကိုဖတ်ခဲ့ရလို့ အသက်ထင်ရှားရှိနေသေးပါလျှင် ကျွန်တော် တွေ့ချင်ပါသည်ခင်ဗျား)

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

ကျွန်တော်တို့ အခုရောက်နေသည့်အဆောင်က အကျဉ်းထောင်အုတ်ရိုးနှင့်ကပ်လျက် ရှိနေသည့် (ဂ)အဆောင်ဖြစ်၏။

၁၉၈၈ ဟိုမှာဘက်တုန်းက ၎င်းအဆောင်သည် အမျိုးသမီးအဆောင်ဟု သိရသော်လည်း နောက်ပိုင်းမှာတော့ ၎င်း(ဂ)အဆောင်မှာ အမျိုးသားများကို နေရာချထား၏။

အစကနဦးတုန်းက ...ကျွန်တော်တို့စာရေးဆရာနှင့် ဂီတသမားအုပ်စုက 'တိုက်' ထဲမှာ နေရ၏။

ကျွန်တော် ...ကိုလှမြင့်ဦး၊ ကိုကျော်မြင့်၊ ကိုအေးသိန်း၊ ကိုခင်မောင်လေး(ရွှေနေ–ယခုကွယ်လွန်)တို့သည် (၃)တိုက်၊ (၅)တိုက်၊ (၄)တိုက် စသည်တို့မှာ နေရ၏။ အဘဦးချစ်သန်းမြင့်က ( )တိုက်မှာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ အတန်ကြာတော့မှ 'တိုက်' မှသည် အဆောင်သို့ ရောက်ခဲ့ရလေ၏။ အဆောင်သို့ ရောက်ရသောအခါ နတ်ပြည်ရောက်ရသကဲ့သို့ ပျော်ကြလေ၏။

အကြောင်းမူ ...

လေးဖက်လုံ 'တိုက်' ထဲမှနေရသည်က အသက်ရှူရတာ အားမရ။ ဘာမြင်ကွင်းမှ ထည့်ထည့်ဝါဝါ မမြင်ရ။

အပေါ်(ဘေးနံရံ)မှာ စိုက်ထားသည့် သံတိုင်ပြတင်းပေါက် ကျဉ်းကျဉ်းလေးမှ ကောင်းကင်ကို မြင်ရသည်။

မျက်နှာစာရှေ့ သံတိုင်တံခါးရှေ့မှာ သံပြားစည်းရိုးကာထားပြန်တော့ အသံပဲကြားရသည်။ လူကိုယ်ကို မမြင်ရ။ သွားနေသူတို့ရဲ့ ခြေထောက်ပဲ မြင်ရ၏။

ချေးပါသေးပေါက် (အပေါ့အလေး) သွားလည်း ဒီအခန်း တိုက်ကျဉ်းကျဉ်းလေးထဲ။ စားလျှင်၊ အိပ်လျှင်လည်း ဒီအခန်းကျဉ်းလေးထဲ။

လမ်းလျှောက်စရာ နေရာမရှိ။

ကျန်းမာရေးအတွက် ထိုင်ထလေ့ကျင့်ခန်းလုပ်ရ၏။ ကျွန်တော်က နေ့စဉ် တိုက်ထဲမှာ ဒိုက်ထိုးလေ့ကျင့်ခန်းလုပ်၏။

ဒီလိုနေရာမျိုးကနေ ရှည်လျားကျယ်ဝန်းပြီး ပတ်ဝန်းကျင် ရှုခင်းပသာဒကိုလည်း မျက်စိအရသာခံရ၊ လေကောင်းလေသန့်လည်း ရှူခွင့်ရသည့်အဆောင်သို့ ရွှေ့ပြောင်းရောက်ရှိလာကြသောအခါ 'တိုက်' မှာနေရသည့် ကျွန်တော်တို့ အချုပ်ကျအကျဉ်းသားများအဖို့ နတ်ပြည် ရောက်နေသကဲ့သို့ ပျော်ရွှင်ကြည်နူးကြလေ၏။

ကျွန်တော်တို့အဆောင်သည် ဆိုခဲ့သည့်အတိုင်း ထောင်အုတ်





ရိုးနှင့် ကပ်လျက်နီးပါးရှိနေသည့်မို့ အပြင်မှ လူသံ၊ ကားသံများကို ကြားရ၏။ သီချင်းဖွင့်သံ၊ ကလေးငိုသံများကို ကြားရ၏။

မင်္ဂလာဒုံလေယာဉ်ကွင်းမှ ပျံတက်လာသည့် လေယာဉ်ပျံများကား ကျွန်တော်တို့အဆောင်ပေါ်ကနေ နေ့စဉ် ဖြတ်သန်းသွားနေရကား လေယာဉ်ပျံသံကို နားကွဲလုမတတ် ကြားနေရ၏။

အဆောင်ထဲမှာ အရေးအခင်းကာလတုန်းက လူသတ်ခေါင်းဖြတ် ရာဇဝတ်မှုကျူးလွန်ခဲ့ကြသည့် အမြို့မြို့မှ ရာဇဝတ်သားများလည်း ရှိ၏။

နိုးမှု၊ ခါးပိုက်နှိုက်မှု၊ မုဒိမ်းမှုနှင့် အချုပ်ကျများလည်း ရှိ၏။ တက္ကသိုလ်ကျောင်းသားများလည်း ရှိ၏။

ဒါနဲ့အတူ ခပ်နွဲ့နွဲ့မိန်းမလျာလို အချုပ်ကျလည်းရှိ၏။ သူတို့ကလည်း ပညာတတ်အုပ်စုဖြစ်၍ လူကြမ်းသူကြမ်း ရာဇဝတ်သား အချုပ်ကျများနှင့်မရော။

သူတို့ဘာသာသူတို့ သီးသီးသန့်သန့် အုပ်စုလေးနှင့် နေကြ၏။

ကျွန်တော်တို့ စာရေးဆရာအုပ်စု၊ ဂီတသမားအုပ်စုကတော့ အားလုံးနှင့် လိုက်လျောညီထွေပေါင်းသင်းပြီး စာရေးဆရာအာသီသပီပီ လူ့ဘဝဖြစ်စဉ်ဇာတ်လမ်းများကို မေးမြန်းစပ်စု မှတ်တမ်းပြုနေမိကြ၏။

အချိန်ကာလက ...

တန်ခူးလခါသမယ။

သင်္ကြန်အကျနေ့။

ထောင်အုတ်ရိုး အပြင်ဘက်လမ်းများပေါ်မှာ ရေပက်ခံကား



www.burmeseclassic.com

www.burmeseclassic.com



များရဲ့ ဝီစီမှုတ်သံ၊ သီချင်းအော်ဆိုသံ၊ သံချပ်ထိုးသွားသံများကို ခပ်သဲ့သဲ့ကြားနေရသည်။

"အပျိုပိန်ပိန် ရေမစိမ်နဲ့"

"ရေစိမ်လိုက်ရင် ... ပွဖွေးဖွေး"

"အီကြာကွေး ... အီကြာကွေး"

"အပျိုဝဝ ... ရေမချန်နဲ့"

"ရေချလိုက်ရင် ... ပိုပြီးလှ ..."

"ဂေါ်ဇီလာ ... ဝေလငါး"

"ဂေါ်ဇီလာ ... ဝေလငါး"

သံချပ်ထိုးသွားသည့် ရေပက်ခံကားများကို မျက်စိထဲမှာ ပုံဖော်ကြည့်ရင်း ပြုံးနေကြ၏။

"ရေပက်ခံထွက်ချင်လိုက်ပါဘိကွာ"

"ထွက်လေ။ ဗျတ်ဝီဗျတ္တလိုပဲဖြစ်ဖြစ်၊ သူခိုးကြီးငတက်ပြားလိုဖြစ်ဖြစ် ထောင်အုတ်ရိုးကို ခုန်ကျော်ပြီးသွားပါလား။ ထောင်ပိတ်ချိန်မတိုင်ခင် ပြန်ခုန်ဝင်လာခဲ့"

ကိုကျော်မြင့်ရဲ့ချင်ခြင်းကို ရှေ့နေကိုခင်မောင်လေးက ဖြည့်ပေးလိုက်ရကား ကိုကျော်မြင့်က အံကြိတ်၍ မျက်စောင်းထိုးလိုက်၏။

"မဖြစ်နိုင်တာကို ပြောမနေနဲ့။ ဖြစ်နိုင်တာကိုပြော"

ဒီမှာ အဘဦးချစ်သန်းမြင့်က အကြံပြု၏။

"ဒီလိုလုပ်ပါလား ကိုကျော်မြင့်ရဲ့"

"ဘယ်လိုလဲ အဘ။ အဘက အကြံကောင်း ဉာဏ်ကောင်းလေးများပေးတတ်လို့ လုပ်ပါဦးခင်ဗျ"

"မိန်းမဆောင်ရှေ့ကိုသွား။ ကျွန်တော် ရေပက်ချင်လို့ ခပ်





ချောချောလေး သုံးလေးယောက်လောက် အပြင်ခဏ ထုတ်ပေးပါလို့"

"ဖြစ်ပါ့မလား အဘရ"

ကိုလှမြင့်ဦးက အဘချစ်သန်းမြင့်ကိုယ်စား ကြားမှဝင်၍ ဖြေပေးလိုက်သည်။

"ဖြစ်ကိုဖြစ်ရမယ်လေ မွန်ကျော်မြင့်ရဲ့"

"ဘယ်လိုဖြစ်မှာတုံး ကိုခင်မောင်လေးရ ... ဟင်"

"အလုံပိတ်တိုက်ထဲမှာ သံခြေချင်းနှစ်ဆင့်နဲ့ သုံးလေးလ စံမြန်းတော်မူရမှာတော့ ကျိန်းသေပဲဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဲဒီကျမှ နတ်သျှင်နောင်ရဲ့ ပေါ်နွေလလျှင် ... ရတုကို အသားကုန် အသံကုန်ဟစ်ပြီး လွမ်းပေါ့"

"ဖွီ ... ခင်ဗျားတို့ တစ်ယောက်မှ ကောင်းကျိုးမပေးကြဘူး"

ကျွန်တော်တို့အုပ်စုရဲ့ အကြံပြုချက်များကြောင့် ရေပက်ချင်စိတ် ချင်ခြင်းပြင်းပြနေသော ကိုကျော်မြင့်ခမျာ ချောင်ကုပ်မှိုင်နေပြီး သူ့မိန်းမသင်းသင်းညိုကို သတိရနေလေ၏။

နောက်ဆုံး ကျွန်တော်ကပဲ အကြံပြုရတော့၏။

"ကိုင်း .... ကိုယ့်ဆရာတို့၊ မဟာသင်္ကြန်ကို အပြင်မှာ ရေပက်ခံပြီး ပျော်ခွင့်မရတဲ့ဘဝ။ နရသိန်မဟာစတိတ်ခုံရဲ့ ဤအဆောင်မှာ သင်္ကြန်အလွမ်းပြေသီချင်းများဆိုပြီး အာသာဖြေကြစို့ရဲ့ဗျို့"

"ဝှတ် ... မဲရီးဝှတ် ... ကိုညိုမှိုင်း"

"ကိုင်း ... ဘယ်သူ အရင်ဆိုမှာလဲပြော။ အလှည့်ကျနော်"

"ကျုပ်ကနေ စမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးသိန်းက လက်ညှိုးထောင်လိုက်သည်။ ကိုအေးသိန်းက ဂီတသမားဖြစ်၏။ သူသည် အမှတ်ကောင်း၏။

ဘာဂျာလည်း မှတ်တတ်၏။

ပလွေလည်း မှတ်တတ်၏။

ထရမ်းပက်ရော၊ ဆိုက်ဆိုဖုန်းရော မှတ်တတ်သူဖြစ်၏။

"ကိုင်း ... ဆို ..."

"အဟမ်း ... အဟမ်း ... ကျွန်တော်ကတော့ ..."

"ဟုတ်ပြီ ... အနောင့်စာဝင်ပြီနော်"

"အဟမ်း .... အဟမ်း ... ကျွန် ... တော်ကတော့ .. တားတားလေး ..."

"ဒီမှာ ကိုအေးသိန်း ... တားတားလေးလုပ်မနေနဲ့။ ခင်ဗျား အသက်က (၇၀)နားကပ်နေပြီ။ ကျွန်တော် မသာလောင်းကတော့လို့ ပြော ..."

"ဝါး ... ဟား ... ဟား ... ဟား ..."

"ဝွတ်ဒ် ... ဝွတ်ဒ် ... အော(လ်)ရိုက်"

"ဒါဆိုလည်း မဆိုတော့ဘူးကွာ ... နေ ..."

"မလုပ်ပါနဲ့ ... ကိုအေးသိန်းရာ၊ ခင်ဗျားရဲ့အသံက အနာစိမ်း လှုဖေအသံနဲ့ တူပါတယ်ဗျ။ ဆိုပါဗျ ..."

ဒီမှာ ကိုအေးသိန်းက ကလော်တုတ်တော့၏။

"မင်းအမေကလွှား ... အနာစိမ်းလှုဖေလားကွ။ ပြည်လှုဖေ လို့လုပ်မှပေါ့"

"ခင်ဗျားက ပြည်မတည်သေးဘူးလေ။ အနာက စိမ်းတုန်း မို့လို့ အနာစိမ်းလှုဖေလို့ ပြောရတာပေါ့"





ကိုလှမြင့်ဦးကား အဆိုတော်ကို စိတ်ပျက်အောင်လုပ်နေ၏။

"ကုလားဝဲသားကွ"

ဒီမှာ ကိုခင်မောင်လေးက အကြံပြုလေ၏။

"အမည်ပြောင်းပေးလိုက်ကွာ"

"ဘယ်လိုပြောင်းရမှာလဲ .. ကိုခင်မောင်လေးရ"

"ပေါက်ကာနီး အေးသိန်းလို့"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟာတ် ... အဟာတ် ... အဟာတ် ..."

အနီးရှိ ထောင်အချုပ်သားများကပါ သဘောကျ၍ ဝိုင်းအော်ရယ်ကြလေ၏။

အဆိုတော် အနာစိမ်းကိုအေးသိန်း(ခေါ်) ပေါက်ကာနီးကိုအေးသိန်းကား ဒေါသများဖြစ်၍ ပုဆိုးကို မ,ပြလေ၏။

"ကိုင်း ... ကိုင်း ... ကိုအေးသိန်းရယ် ... အားလုံးက လည်း မျှော်လင့်နေပေါ့ဗျာ။ တတ်သည့်ပညာ မနေသာ ... နေသာ တော့လည်း ပုံလည်းကွဲတဲ့ ... ကျုပ်တို့ ခင်ဗျားတို့ ဘဝတူတွေဥစ္စာ။ လုပ်ပါ ...။ အဆိုတော်ပြည်လှုဖေရဲ့ နတ်သျှင်နောင်သီချင်းကို ဟဲ လိုက်စမ်းပါဗျာ။ ဒါ ... အင်းစိန်နရသိန် မဟာသကြံန်စတိတ်ရှိုးဗျ"

အဘဦးချစ်သန်းမြင့်ကရော ... တက္ကသိုလ်ကျောင်းသားအုပ် စုကရော ဝိုင်းဝန်းမေတ္တာရပ်ခံမှ ကိုအေးသိန်းက အဟမ်းဟမ်းဟု ချောင်းသံပေး၍ သီချင်းကို ဆိုတော့၏။

"တပ်တော်ဦးဆီ ××× မျှော်လိုက်ပြန်တော့ ×××"

"ဘာတဲ့တုံး အနာစိမ်းကိုလှုဖေရေ ..."

"မဖောက်ကြပါနဲ့ကွာ။ ခမျာ ခံစားချက်နဲ့ ဆိုနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တပ်တော်ဦးဆီ ××× မျှော်လိုက်ပြန်တော့ ××× ရဲတံခွန်တွေ လေကာစား ××× ကြွားတလူလူဝေ ×××"

"ပေါက်ကာနီးရေ ... လူလေး ... လုပ်ဟဲ့"

" ××× တို့တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ×××

တံခွန်တွေ အလံတွေ ××× ရဲမာန်ပွားလောက်ပေ ×××"

ကိုအေးသိန်းအသံကား အဆိုတော် ပြည်လှဖေလောက်နီးနီး ကောင်းရကား အနီးဝန်းကျင်ရှိ အချုပ်သား(၅၀)ကျော်ခန့်တို့သည် နား စွင့်၍ အာရုံစိုက်နေကြတော့၏။ အားရကျေနပ်ရှိနေကြ၏။

ကိုခင်မောင်လေးတို့ ကျွန်တော်တို့လည်း သူ့သီချင်းသံမှာ နစ် မျော၍ မဖောက်ရဲ မနောက်ရဲတော့။

"သေပစေ ××× ရင်ကို မြေကတုတ်လို့ ××× မဆုတ်မတွန့် မရွံ့တဲ့သူတွေ ××× သတ္တိပြောင်ပြောင် ထောင်ထောင်မောင်းမောင်း သူရဲကောင်းတို့လက္ခဏာညီပေ ××× မြင်းသည်တော်တွေ ××× ခြေသည် တော်တွေ ××× မြင်းကတုတ် ဆင်ကတုတ် ××× ကတုတ်ကာတွေ အစောင့်အနေစီမံ ဗိုလ်ခြေ ××× စစ်ဆင်တွေ ဝံသီတတန်း ××× စစ်စခန်းချရာမြေ ×××"

ဒီမှာ ကျွန်တော်တို့အုပ်စုများရော အချုပ်သားများကပါ သံပြိုင် ဝင်၍ သီဆိုလိုက်ကြသည်။

"တောင်ကညိုပြုံတော့မယ် ××× မှိုင်းမှိုင်းမှုန်ဝေ ×××

မိုးသက်တွေလေငွေ့လို့ တရွေ့ရွေ့ယူသလေ ×××"

အဆိုတွေမြိုင်လွန်း၍ ကျန်အချုပ်သားများကပါ ဝိုင်းလာကြ ၏။

တာဝန်ကျထောင်ဝါဒါများက ကျွန်တော်တို့ ပျော်ရွှင်စွာ သီချင်း





ဆိုနေသည်ကို လှမ်းကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။

ကိုအေးသိန်းက ပေါ်ခွေလလျှင်ရတုကို အရှိက်အဝဲနှင့် ဟစ် လေ၏။ ပြီးသည်နှင့် ရင်ကုန်ဖွင့်၍ လွမ်းလေသည်။

"(ပိတောက်တွေ ရွှေရည်လူးကြမယ့် အခြေ ××× ပုလဲငုံ စံပယ်ဖြူ ဖူးခိုက်ဝေဝေ ××× ပန်းမျိုးစုံရာသီစုံကူးခဲ့ပေါ့လေ ××× ချစ်သူ ကိုရည်စူး ခူးတဲ့လို့ခြွေ)၂ ကိုယ်တိုင်လှရာရာကို ရွေးလို့ ဆင်ပေးမယ့် ဆံမြည့္စာကေ ××× စစ်မြေမှာ ကြာညောင်းရက်ရှည် ××× ရောက်မယ် အထင်နဲ့ မျှော်တဲ့သူပုဇွာပွေ ××× တတွေးတွေး ××× ဆွေးရှာရော့ မယ်လေ ×××"

ပျော်စရာထောင်တွင်းသကြံန်လို့ ဆိုရပေမဲ့ ...

ကိုအေးသိန်းရဲ့သီချင်းသံကို 'နားထောင်ရင်းအားလုံးရဲ့ ရင်ထဲ မှာ အိမ်သူကို လွမ်းနေကြပါသည်။ မိဘများကို လွမ်းနေကြ၏။

ချစ်သူကို လွမ်းနေကြပါသည်။ ရင်သွေးများကို လွမ်းနေကြ ၏။

တန်ခူးနွေရင့်ရင့်အောက်မှာ ပိတောက်တွေကို မျှော်ရင်းငေး ရင်း ကျွန်တော်တို့ နွေအလွမ်း၊ သကြံန်အလွမ်း၊ အိမ်အလွမ်းကို သီချင်း နှင့်ဖုံးကာ၍ ပျော်သယောင်ဟန်ဆောင် လွမ်းနေကြသည်ကို ကျွန်တော် တို့အားလုံးရဲ့ ရင်နှလုံးသားများက ကိုယ်စီကိုယ်င သိနေကြပါသည် လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော်တို့အားလုံး တစ်ယောက်ကို သကြံန်သီချင်းတစ်ပုဒ်စီ ဟစ်ကြ၏။ မန်းတောင်ရိပ်ခိုလည်း ပါ၏။ တူးပို့တူးပို့သီချင်းလည်း ပါ၏။ ရွှေမြိုင်အုန်းဖေလေးရဲ့ အတာရေနန်းက ညှိုမြသီချင်းလည်း ပါ၏။ ရှာပုံတော်မင်းသားကြီးလည်း ပါ၏။

ဒီမှာ ကျွန်တော် လူတစ်ယောက်ကိုသွား၍ သတိပြုမိ၏။ ကျွန်တော်တို့ရဲ့ ထောင်တွင်းသကြံန် သီချင်းသီဆိုပွဲနှင့် အချုပ်ကျတွေ အများကြီး ဝိုင်းဖွဲ့နားဆင်နေချိန်မှာ အသားဖြူဖြူ မျက်နှာသွယ်သွယ်နှင့် အချုပ်ကျလူငယ်တစ်ဦးသည် ကျွန်တော်တို့ဝိုင်းမှာ ဝင်မပါဘဲ ပြတင်းပေါက်သံတိုင်ကို လက်နှင့်စုံကိုင်ပြီး မျက်ရည်ကျနေသည်ကို ကျွန်တော် သတိပြုမိလိုက်သည်။





ကျွန်တော်တို့ သကြံန်သီချင်းဝိုင်းလည်း အာတွေညောင်း၍ ပြီးသွားပါပြီ။ လူစုလည်း ကိုယ့်နေရာတွင် ကိုယ်ပြန်၍ လှဲသူလှဲ၊ ဆေးလိပ်ဖွာသူဖွာ လုပ်နေကြပါပြီ။ ကျွန်တော်သည် သံတိုင်ကိုကိုင်ပြီး အပြင်ကို မျှော်ငေးနေသည့် လူရွယ်ဆီသို့ လှမ်းသွားလိုက်သည်။

"ညီလေး ..."

ကျွန်တော့်ခေါ်သံကြောင့် လူရွယ်က မျက်ရည်ကို လက်ခုံနှင့် သုတ်လိုက်ပြီး လှည့်ကြည့်နေ၏။

"ညီလေး ..."

"ခင်ဗျာ ..."

"ငါ့ညီနာမည် ဘယ်လိုခေါ်တုံးကွယ့်"

"မောင်ရန်နောင်ချိုပါ အစ်ကို"

"ငါ့ညီက ဘာမှုနဲ့ ဝင်လာတာတုံးဟင်"

"လူသတ်မှုပါ ... ခင်ဗျာ"

"ဟော ..."

ကျွန်တော် အံ့သြသွားရပါသည်။ ကြည့်စမ်း ...။ အသက် (၂၀) ကျော်အရွယ်လေး။ အသားဖြူဖြူ သနားကမားလေး။

"အရေးအခင်း လူသတ်မှုလား"

"မဟုတ်ဘူး အစ်ကို"

"ဒါဆို ဘယ်လိုလူသတ်မှုလဲဟင်"

ကျွန်တော်ကား စာရေးဆရာပီပီ စပ်စုလေသောအခါ လူရွယ်က ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို ငေးကြည့်နေ၏။

"အစ်ကိုတို့ သကြံန်သီချင်းတွေဆိုနေကြတာ ညီလေး ဘာလို့ ဝင်မပါဘဲ ဒီမှာ မျက်ရည်ကျနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းလို့ ..."

"လွမ်းလို့ ...။ အေးပေါ့ ... တို့များအားလုံး အလွမ်းကိုယ်စီနဲ့ပေါ့ ငါ့ညီရာ။ ဒါနဲ့ငါ့ညီကရော ဘယ်သူ့ကို လွမ်းနေတုံး"

"အမေ့ကို ..."

"ပြီးတော့ရော ..."

"ချစ်သူကို ..."

"ဘယ်အချိန်များ လွမ်းတုံး ... ဗျာ"

"အမေ့ကို နေ့တိုင်းလွမ်းတယ်၊ သတိရတယ်။ ချစ်သူကို ခုလို သင်္ကြန်ရောက်ရင် ပိုလွမ်းတယ် အစ်ကို"

"ဘယ်လိုကြောင့်ပါလိမ့် ငါ့ညီရယ်"

"အဲဒီချစ်သူကြောင့် ကျွန်တော် လူသတ်မှုဖြစ်ပြီး ထောင်ထဲကိုဝင်ခဲ့ရတာမို့ သူ့ကို ပိုသတိရတယ်၊ လွမ်းတယ် အစ်ကို"

"ဖြစ်မှဖြစ်ရလေ ညီလေးရယ်။ အစ်ကိုက စာရေးဆရာပါ"

"သိပါတယ် အစ်ကို။ ကျွန်တော် အစ်ကို့ဝတ္ထုတွေ အပြင်မှာတုန်းက ဖတ်ဖူးပါတယ်"

"အစ်ကိုတို့ကို ညီလေးရဲ့ သင်္ကြန်ချစ်သူအလွမ်းနဲ့ လူသတ်မှုဖြစ်ရပုံလေးကို ပြောပြနိုင်မလားဟင်"

သို့နှင့် မောင်ရန်နောင်ချို အမည်ရှိ လူရွယ်သည် ကျွန်တော်တို့ စာရေးဆရာ အနုပညာရှင်များဝိုင်းသို့ ရောက်လာခဲ့လေ၏။

သည်မှာပဲ ...

သူပြောပြသည့် သင်္ကြန်မျက်ရည်ဇာတ်လမ်းကို ကျွန်တော်တို့ ရင်နင့်ကြေကွဲစွာ ကြားနာခဲ့ရလေသည်။

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော့်ချစ်သူအမည်က မြယဉ်ညိုတဲ့အစ်ကို။ မြယဉ်ညိုက ကျွန်တော်တို့မြို့က အင်ဂျင်နီယာချုပ်ရဲ့သမီး။ ခေတ်ပညာတတ်တစ်ဦး။ ရုပ်ရည်လည်း ချောမှချော အစ်ကို။

သူ့မျက်နှာရုပ်ရည်က ရုပ်ရှင်မင်းသမီး မေသဇ္ဇာဦးနဲ့ ခပ်ဆင်ဆင်အစ်ကိုရဲ့။

ရုပ်ကလည်းချော၊ ပညာကလည်းတတ်၊ အရာရှိအရာခံ လူကုံထံအသိုင်းအဝိုင်းကဖြစ်တော့ သူမကို မျက်စိကျသူ များသပေါ့ဗျာ။

ဒါပေမဲ့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပိုးသူပန်းသူအများကြားမှ အညာတရရဲ့သား ကျွန်တော်နဲ့မြယဉ်ညို ချစ်သူဘဝကို ရောက်ခဲ့ကြတယ်။

ကျွန်တော့်အမေက မုန့်ဟင်းခါးရောင်းတယ်အစ်ကိုရဲ့။ အမေ့ရဲ့မုန့်ဟင်းခါးက ကျွန်တော်တို့မြို့မှာ စားဖူးသူတိုင်း ကြိုက်တဲ့စွဲတဲ့ မုန့်ဟင်းခါးကိုးဗျ။

သားအမိနှစ်ယောက်ပဲ ရှိတာလေ။ အဖေက မရှိတော့ဘူး။ အဖေရှိတုန်းက အဖေက သစ်ကားမောင်းတယ်။ တစ်နေ့ သစ်လုံးတင်ကားမှောက်ပြီး ချောက်ထဲကိုကျရင်း အဖေ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရတယ်။

အဖေမရှိတော့ အမေက မုန့်ဟင်းခါးရောင်း၊ ကျွန်တော်က အမေ့ကို ဝိုင်းကူ။ (၁၀)တန်းလည်း ဖြေထားတုန်းပါ။

မြယဉ်ညိုက နေ့တိုင်း အမေ့ရဲ့မုန့်ဟင်းခါးကို လာလာဝယ်စားတယ်။ နောင်တော့ နေစဉ်တွေ့ပါများပြီး ကျွန်တော့်ကို သနားသွားတယ်တဲ့။

အဲဒီကနေ သမီးရည်းစား ဖြစ်သွားကြရောပေါ့ အစ်ကိုရာ။ အဲဒါ စနေ၊ တနင်္ဂနွေလို နေ့များကျရင် ဘုရားသွားလိုက်ကြ၊ ရုပ်ရှင်ကြည့်လိုက်ကြပေါ့။

ဒီမှာ မြယဉ်ညိုကို လိုက်ပိုးနေတာက …

ချစ်ကောင်းစိန်ဆိုတဲ့ သူဌေးသားရယ်။

ချစ်ကောင်းစိန်တို့ မိဘများက ပွဲရုံပိုင်ရှင်ပေါ့၊ ငွေကြေးချမ်းသာကြတော့ ကျွန်တော်တို့မြို့မှာ ချစ်ကောင်းစိန်ဆိုရင် မသိသူမရှိဘူး။ ရည်းစားလည်းများတယ်။ မိန်းမလည်းပွေတယ်။ အသောက်အစားကလည်း နေ့တိုင်းပဲ။ မြို့ပေါ်မှာရန်ဖြစ်ရင်လည်း ချစ်ကောင်းစိန်တို့အုပ်စု





ပဲ။ ချစ်ကောင်းစိန်က လှန်စွာချောမောလှပတဲ့ မြယဉ်ညိုကို ကြိုက်တယ်။ မကြာခဏ စကားလိုက်ပြောတယ်။

မြယဉ်ညိုက လုံးဝလက်မခံဘူး။

ချစ်သူရှိတယ်လို့ ပြန်ပြောလိုက်တယ်။

ဘယ်သူလဲလို့ မေးရော …

မြယဉ်ညိုက မပြောဘူး။

နောက်တော့ … မြယဉ်ညိုရဲ့ချစ်သူဟာ ကျွန်တော် (မုန့်ဟင်းခါးသည်ရဲ့သား)ဆိုတာသိရော ကျွန်တော့်ကို ဝိုင်းဟားကဲ့ရဲ့ လှောင်ပြောင်အပုပ်ချ ရန်စ လုပ်ပါရောဗျာ။

ကျွန်တော် သူတို့စော်ကား စောင်းရိရန်စသမျှကို သည်းညည်းခံပါတယ် အစ်ကို။ မြယဉ်ညိုကလည်း သည်းခံပါလို့ပြောတာကိုး။ သူတို့လိုလူစားမျိုးနဲ့လည်း ယှဉ်မဖြစ်ချင်ပါဘူး အစ်ကိုရာ။

သူတို့က ငွေကြေးနေ ချမ်းသာသူမဟုတ်လား။

အရေးပါအရာရောက်သူများ မဟုတ်လား။

ကံကြမ္မာဆိုးပုံ ဖန်လာချင်တော့ မနှစ် သင်္ကြန်တုန်းကပေါ့ အစ်ကို။

ကျွန်တော်ရယ်၊ ကျွန်တော့်ချစ်သူ မြယဉ်ညိုရယ် သင်္ကြန်အကြတ်နေ့မှာ မြို့ထဲလျှောက်လည်ကြတယ်။

ရေသဘင်အလှကားတွေကို လျှောက်ကြည့်ကြတယ်။

အဲဒါ မြို့ထဲက မဏ္ဍပ်တစ်ခုရှေ့ကနေအဖြတ် ချစ်ကောင်းစိန်တို့အုပ်စုနဲ့ တိုးပါရောဗျာ။ ချစ်ကောင်းစိန်တို့အုပ်စုကလည်း ဘောင်းဘီတိုကိုယ်စီနဲ့ မူးလည်းမူးနေပုံပါဗျာ။

လက်ထဲမှာလည်း နို့ဆီခွက်ကို သားရေပြားပတ်ပြီး ရေပ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်ပေါ့။ ကိုယ်စီကိုယ်ငျ ... အစ်ကိုရေ။

ကျွန်တော်နဲ့ မြယဉ်ညိုကိုမြင်ရော သူတို့အုပ်စု အားရဝမ်းသာ ဝိုင်းလိုက်ကြရောဗျို့။

ချစ်ကောင်းစိန်က ကျွန်တော်တို့ရှေ့ကနေ ပိတ်ရပ်ပြီး ...

"ရန်နောင်နဲ့ မြယဉ်ညိုတို့ပါလား။ သင်္ကြန်ရေအေးအေးလေး ကုသိုလ်ပြုပါရစေဗျာ ... နော်။ အဟတ် ... အဟတ် ..."

"ဖြည်းဖြည်းလောင်းနော်"

မြယဉ်ညိုက သင်းမျက်နှာကို ကြည့်ပြီးပြောလိုက်တာပေါ့။

"ဖြည်းဖြည်းပဲပေါ့ ... မြယဉ်ညိုရယ်။ ဟား ... ဟား ... ဟား ... ဟား ..."

သို့ကလိုပြောပြီး ကျွန်တော့်ချစ်သူ မြယဉ်ညိုရဲ့နောက်ကျော ကို ရေခဲရေပါနို့ဆီခွက်နဲ့ အားကုန်ခွက်စောင်းခုတ်ပြီး ရိုတ်ခုတ်ပက်ချ လိုက်တယ်။

"အမလေး ... အား ..."

"ဖျန်း ..."

"အား ..."

"ဖြန်း ..."

ကျွန်တော်ရော မြယဉ်ညိုရော ရေခွက်စောင်းခုတ်ပက်ချက် ကြောင့် ကျောကုန်းတွေ့စပ်ပြီး ကျောကော့ တွန့်လိန်နေကြတာပေါ့ဗျာ။

"ဟေ့ကောင် ... ချစ်ကောင်းစိန်"

"ဘာတုံး ... ကိုယ့်လူ။ အေ့ ... အေ့"

"မင်းတို့ မမိုက်ရိုင်းနဲ့ကွာ"

"အလို ... ငါတို့က ဘာမိုက်ရိုင်းလို့လဲ။ မင်းတို့ကို ဆဲရေး





တိုင်းထွာနေလို့လား ... ပြောပါဦး။ အေ့ ..."

"ရေပက်ရင် ကောင်းကောင်းမွန်မွန်ပက်ပါကွာ။ ခွက်စောင်း ခုတ်စရာမလိုဘူး ... ကိုယ့်လူ"

"ခုတ်တော့ ဘာဖြစ်လဲကွာ။ သင်္ကြန်မို့ရေပက်တာ ခွက်စောင်း ခုတ်ရုံမကဘူး ခေါင်းပေါ်ကပါ လောင်းတယ်ကွာ။ ကဲ ... ကဲကွာ ..."

အဲဒီလိုပြောပြီး ရေခဲရေတစ်ပုံးကိုယ်စီနဲ့ ကျွန်တော်တို့နှစ်ဦး ရဲ့ဦးခေါင်းပေါ်ကို အားရပါးရ လောင်းချတဲ့အပြင် ...

အကြွသမားပီပီ ရေခဲထုတ်ရေပူပေါင်းများနဲ့ပါ ဝိုင်းပေါက်ပြီး အရှက်ခွဲကြရော၊ မြယဉ်ညိုလည်း မြေပြင်ရေဗွက်ထဲမှာ လဲကျနေပြီး ကျွန်တော်လည်း ရေခဲထုပ်ထိမှန်လို့ မခံနိုင်တော့ဘူး။

အဲဒီမှာ ချစ်ကောင်းစိန်ကို လက်နဲ့တွန်းပစ်လိုက်ရော။

"မင်းလားကွ ... ရန်နောင်ချိုဆိုတာ။ မတန်မရာကို လှမ်း ချင်တဲ့ကောင် သိကြရောပေါ့ကွာ"

ချစ်ကောင်းစိန်က မထွာပ်ရေစည်ပိုင်းဘေးမှာ အသင့်ထောင် ထားတဲ့ နှစ်တစ်လက်မတုတ်နဲ့ ကျွန်တော့်ကို ပြေးရိုက်လိုက်တော့ ...

"ဝိုး ..."

"ချ ... ချ ... ဝိုင်းချဟေ့"

"ဆော်ကွာ ... အသေသာချပစ်"

ကျွန်တော်က သိုင်းအခြေခံတတ်သူဆိုတော့ ဦးခေါင်းပေါ်ကျ လာတဲ့တုတ်ချက်ကို ရှေ့တစ်လှမ်းတိုး ဘယ်ဘက်နဲ့ကာလိုက်ပြီး ဒီကောင် ရဲ့ရင်ဝကို လက်သီးတစ်လုံးပစ်သွင်းလိုက်တာ ဒီကောင် ဖင်ထိုင်လျက် ကျသွားရော။

ဒီမှာ သူ့လူသုံးယောက်က အရက်ပုလင်းကိုယ်စီနဲ့ ဝင်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ ရေကစားသူများရဲ့အော်သံ၊ ချစ်သူမြယဉ်ညိုရဲ့ ငိုယိုတောင်းပန်သံ၊ ရေကစားမဏ္ဍပ်ရှေ့မှ ရှုန်းရင်းဆန်ခတ်နဲ့ ကျွက်ကျွက်ကို ညံနေတာပဲ။

ဘယ်သူမှလည်း ဝင်ဖျန်ဖြေလို့မရဘူး။

ကျွန်တော်က ပုလင်းကိုယ်စီနဲ့ ဝင်ရိုက်သူသုံးယောက်ကို လက်နှစ်ဖက်နဲ့ ကာဖယ်ရင်း နောက်ပေါက်ပေါက်လိုက်တာ သင်းတို့အချင်းချင်းရိုက်မိသူရိုက်ပြီး ဒေါသတွေကို ပေါက်ကွဲကုန်တာပေါ့။

ကျွန်တော် သူတို့နဲ့ ရန်မဖြစ်ချင်ဘူး။

သူတို့မှာ အငြိုးအတေး ရည်ရွယ်ချက်ရှိနေမှန်း ရိပ်စားမိလို့ ချစ်သူလက်ဆွဲပြီး ရှောင်အထွက် ...

"ဟေ့ကောင် ... သေပေရော့"

နောက်က ကြိမ်းဝါးအော်ဟစ်လိုက်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်ရော ...

ချစ်ကောင်းစိန်ရယ် ဓားမြှောင်ကိုင်ပြီး ... ပြေးခုန်ဝင်ထိုးလိုက်တာ ...

"ကျား ..."

ကျွန်တော်လေထဲမှာ တစ်ချက်ခုန်ပြီး သူ့ရဲ့မျက်နှာကို ညာခြေဖနောင့်နဲ့ ပေါက်လိုက်တယ်။

"ဖောင်း ..."

"အား ..."

"ဖွပ် ..."

"ဟာ ..."

"အား ... လာကြပါဦး ... လာကြပါဦး"





ချစ်ကောင်းစိန်မျက်နှာကို ဖနောင့်ချက်မိပြီး နောက်ပြန်မှောက်အလဲမှာ သူ့ဓားနဲ့ သူ့ရင်ဝကိုစူးမိပြီး ...

"ကယ်ကြပါဦး ... ချစ်ကောင်းစိန်ကို ... ရန်နောင် ဓားနဲ့ထိုးလိုက်လို့ ... လာကြပါဦး ..."

သူ့ကောင်တွေ မကာပ်ရဲဘူး ...

ကျွန်တော့်အကြောင်းသိသွားပြီး ပြေးသူပြေး၊ အော်သူအော်လုပ်ရော။ သင်္ကြန်စည်းကမ်းထိန်းသိမ်းရေးနဲ့ လုံခြုံရေးအဖွဲ့တွေရောက်လာပြီး ကျွန်တော့်ကို ဖမ်းဆီးလိုက်ကြပါရော အစ်ကို။

"ကိုနောင် ..."

"ကိုနောင် ... အို ... ကိုနောင်ကို ... မဖမ်းကြပါနဲ့။ သူ့ကို ကိုနောင်သတ်လိုက်တာ မဟုတ်ဘူး"

ကျွန်တော့်ချစ်သူ မြယဉ်ညိုက ရဲတပ်ဖွဲ့ဝင်တွေရဲ့ခြေအစုံကို ဖက်ပြီး မရှက်မကြောက် ငိုယိုတောင်းပန် အသနားခံနေရှာတဲ့ မြင်ကွင်းဟာ ...

ရင်နင့်စရာ ...

သူမရဲ့ ကျွန်တော့်အပေါ် ချစ်ခြင်းပါ အစ်ကိုရာ။

အဲဒီနေ့က ရွှေရည်လူးခဲ့တဲ့ ပိတောက်မြေဟာ သင်္ကြန်ရေနဲ့ သွေးနီနီရဲရဲနှော်ပြီး မျက်ရည်မိုးရွာတဲ့နေ့ပဲပေါ့။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ချစ်ကောင်းစိန် ဘယ်လိုဖြစ်သွားလဲ ငါ့ညီ''

''ချစ်ကောင်းစိန် သူ့ဓားမြှောင်ပေါ် သူ မှူးမှူးဒေါသနဲ့ လဲကျ စူးနစ်ပြီး နေရာတင် ပွဲချင်းပြီး သေသွားတာပေါ့''

''အို ...''

''ဘုရား ... ဘုရား ...''

''လောဘ ... ဒေါသ ... မနာလိုဝန်တိုရဲ့ ရန်စပဲ ... ငါ့ညီ''

''အစ်ကို သကြံန်ရေကစားတယ်ဆိုတာ ရိုးရာဓလေ့စည်းကမ်း နဲ့အညီ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ တားမြစ်ချက်ကိုလိုက်နာပြီး ကစား





ကြရင် ဒီလိုပြဿနာဖြစ်စရာ အကြောင်းမရှိပါဘူး အစ်ကို။ သူတို့က ဒါကိုဆန့်ကျင်ပြီး ရိုင်းရိုင်းပျပျ ရေကစားကြတယ်။ ရေကစားရာမှာ တောင် ကျွန်တော့်ကို မြွယဉ်ညိုကိစ္စနဲ့ မနာလိုဝန်တို ရန်စရန်ငြိုးပါ ပေါင်းပြီး စော်ကားရိုင်းပျတော့ ကျွန်တော်တို့ ရှောင်လို့ရသမျှ ရှောင်ပါ တယ် အစ်ကိုရယ်။

အကုသိုလ် ကြမ္မာဝဋ်ကြွေး ဖန်လာပါလာတော့ ကံကြမ္မာကို ရှောင်လို့မရတော့ဘူး။ နောက်ဆုံး ကျွန်တော် လူသတ်မှုနဲ့ ထောင်ထဲ ရောက်ခဲ့ရတယ်။ အစ်ကိုတို့ သကြံန်သီချင်းတွေကို ပျော်ပျော်ပါးပါး သီဆိုနေချိန်မှာ ကျွန်တော့်အမေ အပြင်မှာ ဘယ်လိုနေနေမလဲ။ ကျွန် တော့်ချစ်သူရော ဘယ်လိုခံစားနေရမလဲ။ ကျွန်တော် ဒါတွေတွေးပြီး မျက်ရည်ကျရတာပါ အစ်ကို။

ခုတော့ နှစ်စဉ်ချစ်သူကို ပိတောက်ပန်း ပန်ဆင်ပေးနေကျ ကျွန်တော့်ရဲ့ နှလုံးသား ...

နရသိန်သံတိုင်ကြားမှာ ...

ပိတောက်စကား ရဲရဲမပြောဝံ့တော့တဲ့ ဘဝ။ ခုနေ ပိတောက် တစ်ခက်ရရင်တောင် ဘယ်လိုလုပ်ပြီး ချစ်သူကိုရည်စူးပြီး သူမရဲ့ ဆံမြ ညွှာကေမှာ ပန်ပေးလို့ရနိုင်တော့မှာလဲ အစ်ကိုရယ် ဟင်''

သူ့ပါးပြင်ပေါ်မှာ မျက်ရည်ဥများ စီးလိမ့်၍ ကျလာခဲ့သည်။

ဤမျက်ရည်တို့ရောယှက်၍ အလွမ်းသမုဒ္ဒယအာရုံနှင့် ပေါင်း စပ်နေသည့် မျက်ရည်လား၊

ဒါမှမဟုတ် သကြံန်ရောက်တိုင်း နောင်တနှင့် စီးကျနေဦး မည့် မျက်ရည်လား။

ကျွန်တော်တို့ ဝိုင်းဝန်း၍ ဆုတောင်းပေးလိုက်ပါသည်။ မျက်မြင်



www.burmeseclassic.com

www.burmeseclassic.com



သက်သေကောင်းတို့နှင့်တွေ့ဆုံပြီး မောင်ရန်နောင်ချိုရဲ့အမှု ပြန်လည်ခုခံစာကွယ်ခြင်း ရပိုင်ခွင့်ဖြင့် အမှုမှကွင်းလုံးကျွတ် လွတ်မြောက်ပါစေ။

ပြီး ...

သူရင်နှင့်အမျှ ချစ်ခဲ့ရသည့် ချစ်သူမြယဉ်ညိုနှင့်လည်း ...

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

ရှေးမြန်မာမင်းများ လက်ထက်တော်တုန်းက အကျဉ်းထောင်ကို 'နရသိန်'ဟု အလွန်လှပသော စကားလုံးနှင့် အမည်ပေးခဲ့ကြ၏။

အမှန်မတော့ နရသိန်ဆိုသည် အကျဉ်းအကျပ်နေရာဟု ကျွန်တော် ခေါ်ဆိုလိုက်ချင်သည်။

နရသိန်အကျဉ်းထောင်မှာ ပျော်မွေ့စွာ စံချင်သူ နည်းပါး၏။ ဝန်ထမ်းလည်း ကြာရှည်မနေချင်။

အကျဉ်းသားလည်း ကြာရှည်မနေချင်။

သို့သော် မနေချင်ဘဲနှင့် ကာလရှည်ကြာ ဘဝကို မြှုပ်နှံဆေးကြောကြရသည်။





သထုံဘုရင် မနုဟာလည်း ကွန်းခိုခဲ့ဖူးသည်။

အမတ်ကြီး ဦးမြတ်စံလည်း နရသိန်စံခဲ့၏။

အနန္တသူရိယအမတ်ကြီးလည်း နရသိန်စံခဲ့ရ၏။

နရသိန်စံအိမ်မှ အာဏာသားလက်မှာ ဘဝပေးဆပ်ခဲ့ရသည်။ လက်သုံးတော်ကြီး ရနောင်မောင်မောင်တုတ်၊ ဘုရင့်စာဆို တောင်သမန်လယ်စား မောင်ဖေငယ်မှသည် ... ရတနာပုံ နောက်ဆုံး မင်းသီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ပါ နရသိန်မှာ နိဝင်ခဲ့ရသည်။

သီပေါမင်းနှင့် စုဖုရားလတ်တို့ကျတော့ မင်းမိဖုရားနှစ်ပါးမျှသာမက သမီးတော်များရော၊ မိခင် ဆင်ဖြူမရှင်မိဖုရားကြီးရော ရတနာဂီရိ အကျဉ်းနရသိန်မှာ နှလုံးနွမ်းရိစွာ အကျဉ်းကျခံခဲ့ရသည်။

သူတို့ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက တိုင်းပြည်ကိုလာသိမ်းပြီး ဟိုးအဝေး နိုင်ငံရပ်ခြားအကျဉ်းအရပ်မှာ အကျယ်ချုပ်ဟုအမည်ပေးပြီး မြန်မာဘုရင်နတ်ရွာစံသည့်တိုင် အကျဉ်းချပစ်ခဲ့ကြသည်။

ထောင်ဆိုသည် ...

ဟိုးတစ်ချိန်တစ်ခါ တစ်ဘဝတုန်းက ရက်စက်မှုပေါင်း သရုပ်ဆောင်းသည့်နေရာ။

တစ်နည်း ငရဲခန်း။

ယနေ့တိုင် ကမ္ဘာအနှံ့အပြားမှာရှိနေဆဲ အကျဉ်းထောင်များသည် ငရဲခန်းနှင့်မခြား။ ငရဲခန်းမှာ သွေးနှင့်မျက်ရည် ရွှဲရွှဲစိုခဲ့ကြရ၏။

အကျဉ်းထောင် ငရဲခန်းတို့၏သမိုင်းသည် ယနေ့တိုင် ရေးလို့မကုန်နိုင်ကြ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကောင်းပြီ။ အကျဉ်းထောင်ဆိုသည် နိဗ္ဗာန်ဘုံလည်းမဟုတ်။ နတ်ပြည်လို အရသာလည်းမရှိ။ ငရဲခန်းဟုကြားဖူးပါလျက် ကိုယ်တွေ့ မျက်မြင် သိပါလျက် ...

လူအချို့ ...

ဘာကြောင့် ဒီငရဲခန်းဟုအမည်တွင်ရာ၊ အကျဉ်းအကျပ်ဟု သမုတ်ခေါ်ဆိုရာအရပ်ကို မရောက်ရောက်အောင် သွားနေကြပါသလဲ။

မေးကြမည်။

မေးသင့်သည်။

အဖြေက အသင့်ရှိနေကြပါသည်။





လောဘကြောင့် ... ဒေါသကြောင့် ... မောဟကြောင့်။

သီပေါမင်းတို့ကျတော့ မတရားကျူးကျော် သိမ်းပိုက်ခံရလို့။

ဤကဲ့အကြောင်းတရားများကြောင့် စိတ်ကို မထိန်းချုပ်နိုင်ကြဘဲ ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်ကာ နရသိန်ရှိရာအရပ်သို့ မရောက်ချင်လည်း ရောက်ခဲ့ကြရသည်။

အချစ်ကြောင့် ဖြစ်ရသော ပြစ်မှု၊ အမုန်းကြောင့် ဖြစ်ရသော ပြစ်မှု၊ ယုံကြည်ချက်ကြောင့် ဖြစ်ရသော ပြစ်မှု၊ မခံချင်စိတ်ကြောင့် ဖြစ်ရသော ဒေါသ။

လူပေါင်းများ၍ ဖြစ်ရသော လောဘ၊ ဒေါသ၊ မောဟများ။ ကိုယ့်အကြောင်းတရားနှင့်ကိုယ် တစ်နည်း ကိုယ်ပြုသည့် အကုသိုလ် ဒုစရိုက်အမှုဖြင့် ပြန်၍ ဝဋ်ကြွေးကိုဆပ်ရခြင်း။

ရှိစေတော့။

အချို့က ပြောကြလေရဲ့။

'အမေကမွေး ... ထောင်ကကျွေးမတဲ့' ဟု ... အဲဒီစကားကို ဒီဘက်ခေတ်မှာ အရမ်းကာရော မသုံးသင့်။ မကြွေးကြော်သင့်တော့။

ဒီစကားပုံ ဒီစကားကြွေးကြော်သံက နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်ကို အမိမြန်မာ့မြေပေါ်ကနေ သက်စွန့်ကြိုးပမ်း၊ သူ့ကျွန်မခံဘဝနှင့် လွတ်လပ်ရေးအရယူစဉ်က မြန်မာမျိုးချစ်သူရဲကောင်းတို့ ကြွေးကြော်ခဲ့သည့်စကား။

လွတ်လပ်ရေးအတွက် ထောင်၊ ကြိုးစင် မကြောက်စတမ်း ကိုယ်ကျိုးစွန့်ခဲ့သည့် သမိုင်းဝင်စကား။

ဒီကနေ့ လွတ်လပ်ရေးရဲ့အရသာကို ခံစားနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အမေကမွေး၊ ထောင်ကကျွေးဆိုသည့်စကားကို မှားတစ်လက်လို လက်ကိုင်ထားပြီး မိုက်လုံးကြီးကြလျှင် မိမိဘဝ၊ မိမိရဲ့ အသိုက်အမြုံဘဝ တိမ်းပါးယိမ်းယိုင်ရရုံကလွဲပြီး ဘာမှ အကျိုးကျေးဇူး ခံစားရလိမ့်မည်မဟုတ်။

နရသိန်မဂ္ဂဇင်းရဲ့ ဦးစီးဦးဆောင်များက နရသိန်မဂ္ဂဇင်းမှာ ထောင်ကျဖူးသူများ၊ ထောင်ကျအကျဉ်းသားများ၊ အကျဉ်းထောင်အမှုထမ်းများကိုယ်တိုင် အကျဉ်းထောင်ရဲ့ဘဝ၊ အကျဉ်းသားများရဲ့ဘဝကို ကိုယ်တွေ့မျက်မြင် ရေးသားနိုင်ကြလျှင် အကျဉ်းထောင်ကျအကျဉ်းသား၊ အချုပ်သားဘဝရဲ့ ခါးသီးလှသောဘဝကို စာဖတ်သူများ နားလည်သဘောပေါက်ပြီး ...

အကျဉ်းထောင်ဆိုသည် လူကောင်းသူကောင်းတို့ လာအပ်သောအရပ်လား၊ နေ၍ ပျော်ဖွယ်ကောင်းသော အရပ်လားဆိုတာကို ကိုယ်ပိုင်ဉာဏ်နှင့် ခွဲခြားနားလည်ကြလိမ့်မည်ဟု ဆိုကြသည်။

သို့ဖြစ်ပါ၍ ...

လူကောင်းလူတော်တွေ အကာသိုလ်ကံကြောင့် လူဆိုးလူမိုက်များမဖြစ်စေလိုသော စေတနာအရင်းခံဖြင့်လည်းကောင်း၊

အကျဉ်းထောင်ထဲသို့ ရောက်ဖူးပြီးသူများ၊ ကိုယ့်အသိ၊ ဆွေမျိုးသားချင်းများ၊ ကိုယ့်လိုဘဝမျိုးနှင့် စိတ်ခံစားမှု၊ ရုပ်ဘဝခံစားမှု မဖြစ်စေလိုသော စေတနာကိုရှေးရှု၍ ကျွန်တော်တို့ ကိုယ့်ဘဝကို အနစ်နာခံကာ အကျဉ်းထောင်ကိုယ်တွေ့များကို ယခုလို တစ်ပိုဒ်စီ တစ်ပုဒ်စီ ခံစားရေးဖွဲ့လိုက်ရပါပေသည်။

✿ ✿ ✿

[ ၃ ]

❑

၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းက ဖြစ်သည်။

ကျွန်တော် အရေးပေါ်အက်ဥပဒေနှင့် အရေးယူခံခဲ့ရ၏။ မြို့နေအချုပ်ခန်းမှသည် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ မမျှော်လင့်ဘဲ ရောက်ရှိခဲ့ရသည်။

ကျွန်တော်နှင့်အတူ ဆရာဦးချစ်သန်းမြင့်၊ ကိုခင်မောင်လေး (ရှေ့နေ ယခုကွယ်လွန်)၊ ကိုလှမြင့်ဦး၊ ကိုအေးသိန်း၊ ကိုကျော်မြင့်တို့ စာရေးဆရာများ၊ ဂီတသမားများ ပါဝင်ကြ၏။

ထောင်ဆိုသည် ဘာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



မြင်လည်း မမြင်ဖူး။

အချုပ်ရဲ့အရသာကျတော့ ကောင်းကောင်းခံစားခဲ့ရပြီ။ အချုပ်ခန်းရဲ့ သမံတလင်းပေါ်မှာ ဂုန်နီအိတ်ပိုင်းခင်း၍ ပုဆိုးကို ခေါင်းအုံးလုပ်ပြီး စောင်ပါးလေးခြုံလို့ အိပ်ခဲ့ရသည်။

ချီးရေကို ပုံစံနှင့် ချီးရသည်။

အိမ်မှာလို တဝုန်းဝုန်းနှင့် ရေလောင်းပြီး ဆပ်ပြာတိုက်၊ ကြေးတွန်း၍ သီချင်းတကြော်ကြော်နှင့် အော်ဆိုရေချိုးလို့မရ။

ချေးပါလျှင် ... ဖလားငယ်နှင့် ရေတစ်ခွက် သုံးရ၏။

သတင်းစာ၊ ဂျာနယ်ဖတ်ခွင့်မရှိ၊ စာရေးခွင့်မရှိ။ သည်တုန်းက နရသိန်အမှတ်(၁)မဂ္ဂဇင်းမှာ ကျွန်တော်ရေးခဲ့သည့်အတိုင်း အချုပ်သား (ကို ...)က အကျဉ်းထောင်ကို ရောက်ရင်မြို့ခံအချုပ်ကို နိဗ္ဗာန်ဘုံလို့ ပြောရလိမ့်မယ် ဆရာဟုဆိုခဲ့၏။

"ဘာဖြစ်လို့လဲဗျာ ..."

"အကျဉ်းထောင်ဆိုတာ လူဆိုးလူမိုက်၊ ဒုစရိုက်သမားမျိုးစုံလေးငါးခြောက်ထောင် စုနေရသည့်နေရာကိုး ဆရာမှိုင်းရဲ့။ ထောင်စည်းကမ်းဥပဒေနဲ့အညီ ပြင်းပြင်းထန်ထန်၊ တိတိကျကျ၊ ကွပ်ကွပ်ညပ်ညပ် အုပ်ချုပ်တဲ့နေရာလေ။ ဒါပေမဲ့ ဆရာရယ် အကျဉ်းထောင်ရဲ့ စည်းကမ်းဥပဒေကို တိတိကျကျလိုက်နာကြရင် အကျဉ်းသားဘဝ မဆိုးရွားပါဘူးဆရာ။

အဲဒီလိုမဟုတ်ဘဲ ထောင်ထဲမှာ ထောင်စည်းကမ်းကို ချိုးဖောက်မယ်။ ရာဇဝတ်မှုအသစ် ထပ်မံကျူးလွန်ပြီး ရိုက်နှက်ရန်ဖြစ်မယ်။ သူများပစ္စည်းခိုးမယ်။ လိင်တူခြင်း ကာမစပ်ယှက်မယ်ဆိုရင်တော့ 'တိုက်' ဆိုတာ ရှိသေးတယ်ဆရာ။





ပြစ်ဒဏ်တိုက်ဆို ပိုပြီး ခံစားရလိမ့်မယ်။ ဒါ အကျဉ်းထောင်ရဲ့ ရာဇဝတ်သားအပေါ် ပြစ်မှုအလိုက် တိုးမြှင့်ပေးလိုက်တဲ့ ရာထူးပဲ။ အသက်ရှူမချောင်ဘူးလို့သာ မှတ်"

ဟုတ်ကဲ့ ...။

ယခု ကျွန်တော်တို့ 'တိုက်' ထဲကို ရောက်နေပါပြီ။ အုတ်တိုက်အခန်းကျဉ်းလေးဖြစ်သည်။ 'တိုက်' ရှေ့မှာ ဘာမှမမြင်ရအောင် သွပ်ပြားရိုးတပ်ကာထား၏။

အချိန်ကာလက (၁၉၈၈)အရေးအခင်းပြီးစမို့ အမြို့မြို့အနယ်နယ်မှာ အရေးအခင်းကာလ လူသတ်ခေါင်းဖြတ် ဒုစရိုက်သားများနှင့် အစိုးရကိုဒေါင်များဖောက်သည့် ဒုစရိုက်သားတို့ အများအပြား ထောင်ထဲသို့ ရောက်ရှိနေချိန်ဖြစ်သည်။

ကျွန်တော်တို့ သယ်န်းကျွန်းသုဝဏ္ဏမှ လူသတ်ခေါင်းဖြတ် ဒုစရိုက်သမားများ၊ လှိုင်နှင့် သာကေတမြို့နယ်များမှ လူသတ်ခေါင်းဖြတ်သမားများနှင့်အတူ စမ်းချောင်းမြို့နယ်မှ အမှုထမ်းတစ်ဦးကို ဓိနှပ်သားရေပြားလှီးသည့်ဓားနှင့် ထိုးသတ်ခဲ့သည့် လူငယ်လေးတစ်ဦးနှင့် အတူ နေခဲ့ရ၏။

ကျွန်တော်တို့နေခဲ့ရသည့် 'အကျဉ်းတိုက်' ထဲမှာ ကျွန်တော်၊ ကိုခင်မောင်လေး၊ ကိုအေးသိန်း၊ ကိုလှမြင့်ဦးနှင့်အတူ စမ်းချောင်းမြို့နယ်က လူသတ်မှုကျူးလွန်သူ လူငယ်လေးတို့အတူ နေရပြီ ...

အမှန်က 'တိုက်' အကျဉ်းခန်းမှာ အကျဉ်းသားအချုပ်သား နှစ်ဦးမျှသာ ထားရသော်လည်း အခြေအနေအရ ကျွန်တော်တို့ ငါးဦးခြောက်ဦးစုံပြုံနေရ၏။

အခန်းပေါ်မှာ သံတိုင်ပြတင်းပေါက်သေးလေးတစ်ခုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးအရပ်မှာ (၄၀)ဝပ်မီးသီးတစ်လုံးရှိ၏။ ရှေ့မှာ သံတိုင်စိပ်စိပ်နှင့် သော့ခတ်ထားသည့် တံခါးပေါက်ရှိ၏။

ခြေရင်းမှာ ပလတ်စတစ်ဖလုံသေးအိုးတစ်လုံးနှင့် ချေးအိုး တစ်လုံး (ဂန်ဖလား) တစ်လုံးရှိ၏။ မြေအိုးဂန်ဖလားထဲမှာ ဖွဲပြာများ ရှိ၏။ ချေးပါလိုလျှင် ရှိနေသည့် အချုပ်သားများရှေ့မှာပဲ ချေးယိုရ သည်။

ပြီးလျှင် ချေးနံ့မနံစေရန် ဂန်ဖလားချေးအိုးမှပြာနှင့် ကိုယ့် ချေးကို ပြန်ဖုံးရ၏။ ချေးကုံးရန်စက္ကူစုတ် သုံးခွင့်မရှိ၊ အဝတ်စပိုင်း လေးများဆုပ်ဖြဲ၍ ချေးကုံး(သန့်စင်) ကြရ၏။

စာဖတ်သူများခင်ဗျား ...

ဒါ အဲကျဉ်းတိုက်ရဲ့ အစနမူနာပဲ ရှိပါသေးသည်။ ချေးနံ့ သေးနံ့က အလွန်ကိုမှ နံလွန်းလှပါသည်။ ပုံစံထမင်းစားလျှင်လည်း ထမင်းဘုတ်ကိုင်များက ပုံစံပြားပေါ်မှာ ထမင်းထည့်ပုံပြီး ကန်စွန်း ကြီးရွက်ချဉ်ရေဟင်းဆမ်း၍ ငါးပိစိမ်းစားလက်သည်းခွံခန့်ကို ပန်းကန် နှုတ်ခမ်းမှာသုတ်ပြီး အောက်ခြေဟနေသည့် တံခါးအောက်မှ ထိုးပေး သွား၏။

ချေးစော်၊ သေးစော်နံနေသည့် ရှေ့မှာပဲ ငါးယောက်ခြောက် ယောက် အောင့်အည်း၍ မျိုချရ၏။

(အဲဒါမျိုး သင်စားနိုင်မှ၊ နေနိုင်မှ ရာဇဝတ်မှုကိုကျူးလွန်ပြီး လာခဲ့ပါ။ အိမ်မှာလို စမတ်ကျကျ စားရလိမ့်မည်ဟု လုံးဝမယူဆပါနှင့်။ အဲဒီလို မစားနိုင်ပါဘူးဆိုလျှင် ကိုယ့်ကိုယ်ကိုယ် အပြစ်ကင်းအောင်၊ ကောင်းအောင်နေကြပါဟု အမိက ပြောလိုက်ချင်ပါသည် ... ညီမောင် တို့ ခင်ဗျား''





အိပ်တော့ရော ဘယ်လိုအိပ်ကြသလဲ။

ဟုတ်ကဲ့ ...။ ကျေးရွာအလှူ၊ မသာမင်္ဂလာပ်မှာခင်းသည့် နှီးကြောဖျာကြမ်းပေါ်မှာ စောင်လေးများခင်း၍ ငါးယောက် ကျပ်ကျပ် တည်းတည်း ချေးအိုးသေးအိုး ဂန်ဖလားများကို ခြေကန်၍ အိပ်ကြရ ပါသည်။

ကိုင်း ... မိတ်ဆွေ နရသိန်ကို သင် လာချင်စိတ်၊ နေချင် စိတ် တဖွားဖွား ဖြစ်ပေါ်လာခဲ့သေးရဲ့လား။

မလာခဲ့ပါနှင့်။

လုံးဝကို မေတ္တာရပ်ခံပါသည်။ မလာခဲ့ပါနှင့်။

မိုးလင်းလျှင် ချေးအိုးသေးအိုး ဂန်ဖလားနှစ်လုံးကို အချုပ် သား (သို့မဟုတ်) အကျဉ်းသားနှစ်ဦး စုရပ်သို့ သွားသွန်ရ၏။ အဲဒီမှာ ချေးအိုးသေးအိုးသွန်ချင်သူများ လှိုက်လှဲစွာ ပေါ်လာလေ့ရှိ၏။

အကြောင်းကား ...

ကျဉ်းကျပ်လှသည့် အကျဉ်းတိုက်ထဲမှာ သထုံဘုရင် မနူဟာ မင်းလို မွန်းကျပ်သည့်အရသာ ဘယ်သူမှ နေ့စဉ် ကြာရှည်မခံစား ချင်ကြ။ အပြင်အပရဲ့ ပသာဒနှင့် သဘာဝလေကို အားရပါးရ ရှူရှိုက် ချင်သည်။ ကြည့်ရှုချင်သည်။ ခံစားချင်သည်။

သို့နှင့် အလှည့်ကျ နေ့စဉ် နှစ်ဦးစီချေးအိုးသေးအိုး သွားသွန် ကြရသည်။ ကျွန်တော်တို့တိုက်က လက်ယာဘက်ရှေ့အစွန်ခြောက်တိုက် (တိုက်နံပါတ်–၆) ဖြစ်သည်။

နံဘေးမှာ (၅)တိုက်နှင့် သီးသန့်ပြစ်ဒဏ်တိုက်များက တန်းစီ နေ၏။ ရှေ့မျက်နှာမှာ လေးတိုလေးရှည်နှင့် (၃)တိုက်တို့ ရှိ၏။ (၃)တိုက် ရဲ့နောက်ကျောမှာ ကြိုးသမားများထားသည့် ကြိုးတိုက်ခန်းများရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုက်အလယ်ကြားမှာ ကြိုးသမားများရေချိုးသည့် အုတ်ကန်ရှိ၏။ ဒန့်သလွန်ပင်ကြီးတစ်ပင်လည်း ရှိ၏။

ဆက်ရလျှင် ပြစ်ဒဏ်သီးသန့်တိုက်ရဲ့ နောက်ကျောမှာ ဆီးအိုးသွန်ထည့်ရသည့် စဥ့်အိုးကြီးများရှိ၏။ ဆီးအိုးဂန်ဖလားများကို အလျဉ်းသင့်ရာ သွန်လို့မရ။ သွန်ခဲ့သည်ကို တာဝန်ကျဝါဒါများ မြင်သွားလျှင် သီးသန့်ပြစ်ဒဏ်တိုက်ထဲ ရောက်သွားမည်သာဖြစ်၏။

မစင်(ချေးအိုး)လည်း သီးသီးသန့်သန့်သွန်ရ၏။ ပြီး ရေဆေးရသည်။ ရေဆေးပြီးသည်နှင့် ဖိုကြီးမှစွန့်ပစ်ထားသည့် ဖွဲပြာပုံမှ ဖွဲပြာများကို မစင်ပလတ်စတစ် ဂန်ဖလားအိုးထဲသို့ ထည့်ယူခဲ့ရသည်။

ဒီလို ချေးအိုးသေးအိုးများကို သွားသွန်ရင်း နံဘေးနံဘီကို အလစ်မှာ လှည့်ကြည့်ရ၏။ ထုံးစံက လှည့်မကြည့်ရ။ ရပ်မကြည့်ရ။ စကားလုံးဝမပြောရ။

ကျွန်တော်တို့ ချေးအိုးသွန်၊ သေးအိုးသွန် အချုပ်သားများ ပြစ်ဒဏ်တိုက်များရှေ့မှ ဖြတ်သွားလျှင် တိုက်ခန်းရှိအချုပ်သား ပြစ်ဒဏ်ကျအကျဉ်းသားများက အထဲကနေ လှမ်းအော်မေးကြ၏။

"ညိုမှိုင်း ... ငါတို့ဒီတိုက်မှာ။ မင်းတို့ရော ဘယ်အခန်းလဲ"

"ဟိတ် ... လှည့်မကြည့်ရဘူး၊ စကားမပြောရဘူး။ ပြောရင် ကြည့်ရင် ပြစ်ဒဏ်တိုက်ပဲနော်"

ကိုယ့်အမည်လှမ်းခေါ်၍ ဝမ်းသာပြီး ခြေလှမ်းတုံ့ရန် ပြင်လိုက်စဉ် နောက်ကနေ ဝါဒါက နံပါတ်တုတ်ကိုင်၍ လှမ်းအော်သတိပေးလိုက်သဖြင့် အသံသာကြားရပြီး မည်သူမှန်းမသိခဲ့ရ။

အပြန်မှာ တိုက်ထဲကလူက သူ့အမည်ကို ခပ်ရဲရဲအော်၍ပြောတော့သည်။ သည်တော့မှ ဘယ်သူဆိုတာကို သိလိုက်ရ၏။





သိပေမင့်လည်း ...

စကားပြန်မပြောရဲ။ နှုတ်မဆက်ရဲ။ ပြန်မမေးရဲ။

ရှေ့တည့်တည့်ကိုကြည့်ရင်း ကိုယ့်တိုက်ခန်းသို့ ကိုယ်ပြန်လာခဲ့ရသည်။ ဩော် ... အင်းစိန်ထောင်ရောက် အချုပ်သားဘဝဆိုတာ ကိုယ့်မြို့က အချုပ်သားဘဝနှင့် လွတ်လပ်ခွင့် မတူပါကလား။

ဒါကြောင့်လည်း စံပြအကျဉ်းထောင်လို့ ခေါ်ကြပေသကိုး။

အင်း ... နရသိန် ... နရသိန် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ကျွန်တော်တို့ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရောက်သည့်အချိန်သည် (၈၈)အရေးခင်း ပြီးကာစကာလမို့ ထောင်အတွင်းမှာ အရေးအခင်းကာလ အပျက်အစီးများ သန့်ရှင်းရေး၊ ပြုပြင်ရေး လုပ်နေချိန်ဖြစ်၏။

အရေးအခင်းကာလတုန်းက အကျဉ်းသားများက ထောင်ကို မီးရှို့ခဲ့ကြသဖြင့် ကျွန်တော်တို့ ရောက်လာသောအချိန်မှာ ထောင်ဝင်စာများပိတ်ထား၍ အပြင်မှ အိမ်သူအိမ်သားများထောင်ဝင်စာ လာတွေ့လို့မရ။

ထောင်ဝင်စာနှင့်အတူ အစားအသောက်များလည်း ပေးပို့ခွင့်မရှိ၍ ထောင်ကကျွေးသည့် ထောင်ပုံစံထမင်းကို ကြိတ်မှိတ်စား





သောက်နေကြရ၏။ ထောင်ထမင်းမှာ ဖိုကြီးမှ ပေါင်းထမင်းဖြစ်၍ အနှစ်သာရပြည့်၏။ ဟင်းလျာများကား ပဲဟင်း၊ ချဉ်ရည်ဟင်း၊ ပဲပင်ပေါက်နှင့် ကန်စွန်းကြီးရွက်ချဉ်ရည်ဟင်း။ ထောင်ထွက်ဟင်းလျာများသာဖြစ်၏။

နေ့ကြီးအခါကြီးများဖြစ်သော အမျိုးသားအောင်ပွဲနေ့၊ လွတ်လပ်ရေးနေ့ စသည့် နေ့ထူးနေ့မြတ်မျိုးမှာ ငါးပိရည်ခပ်ကျဲကျဲနှင့် တို့စရာမုန်လာဥအနည်းငယ်ရ၏။

တစ်ပတ်မှာတစ်ရက် အသားဟင်းစားရ၏။ ငါးပိရည်ကျဲနှင့်တို့စရာလေး တစ်မျှင်နှစ်မျှင်စားရလျှင် နတ်သုဒ္ဓါစားရသကဲ့သို့ ထမင်းမြိန်လှ၏။

ကျွန်တော်တို့တိုက်ထဲမှာ နေရသည့် အချုပ်အကျဉ်းသားများအဖို့ အလွန်ငတ်မွတ်သည့်ချင်ချင်းကား ဆေးလိပ်ဖြစ်၏။

ဆိုခဲ့သလို အရေးအခင်းပြီးစကာလမို့ ထောင်သားများ၊ အချုပ်သားများ စောင်နှင့်အကျီပုဆိုးမှလွဲပြီး ဘာအဝတ်အစား၊ ဘာရိက္ခာမျှထောင်တွင်းသို့ ယူဆောင်ခွင့်မရှိ။

ထောင်မှာ စိုးရိမ်ကြသည်က မီးဘေးဖြစ်သည်။

အတွေ့အကြုံအရ ထောင်ကို မီးရှို့ခံရဖူးပြီးသည့်အတွက်ကြောင့် ဆေးလိပ် လုံးဝသောက်ခွင့်မရှိ။ ဆေးလိပ်ခိုးသောက်တာမြင်လျှင် ပြင်းထန်စွာ အရေးယူခံရ၏။

ကျွန်တော်တို့ ဆေးလိပ် အလွန်သောက်ချင်နေသည်။ ပါးစပ်ခံတွင်းများချဉ်၍ အာစေးရည်များကျပြီး အလွန်ကို အနေရအထိုင်ရခက်သည့်ဝေဒနာကို ကိုယ်စီကိုယ်င ခံစားနေရ၏။

ထောင်ဝါဒါများသည် နေ့နေ့ညည တစ်နာရီလျှင် တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



နီးပါး တိုက်ခန်းတွင်းရှိ အကျဉ်းသား၊ အချုပ်သားများကို လာရောက်စစ်ဆေးလေ့ရှိ၏။

ဒါနှင့်အတူ …မကြာခဏ အရေးပေါ် 'တလာစီ' လေ့ရှိ၏။

'တိုက်တလာစီ' သည်ဆိုသည်မှာ ထောင်မှူးများနှင့် ဝါဒါဝန်ထမ်းများ စီမံချက်အရ ရောက်ရှိလာပြီး တိုက်ခန်းနေ အကျဉ်းသား၊ အချုပ်သားများကို ကိုယ်တွင်းကိုယ်ပြင်မှာမကျန် အသေးစိတ် စစ်ဆေးရှာဖွေခြင်း ဖြစ်၏။

လျှို့ဝှက်ဓား၊ သံချွန်လက်နက်များ ရှိမရှိ။

ဆေးလိပ်၊ မီးခြစ်ရှိမရှိ။

အသုံးပြုခွင့်မရှိသော အစားအစာ၊ ဆေးဝါးဝှက်ထားမှုရှိမရှိ၊ လျှို့ဝှက်ဆက်သွယ်သော စာပေးစာယူစာရွက်များ ရှိမရှိ အသေးစိတ် စစ်ဆေးကြ၏။

ဝန်ထမ်းများမှာ လုပ်သက်ရင့်နေသူများဖြစ်ပြီး အတွေ့အကြုံကြွယ်ဝနေသူများ ဖြစ်တာကြောင့် အင်္ကျီကော်လံပါမကျန် ဖွင့်၍စစ်၏။ သားရေဖိနပ်ကို လှန်၍စစ်၏။

နောက်ဆုံးအဆင့် ချေးအိုးသေးအိုးဂန်ဖလားရှိ ချေးဖုံးဖွဲပြာများကိုပါ တုတ်နှင့် ထိုးမွှေဖွ၍ ရှာ၏။ ဘာပစ္စည်းမျှ မတွေ့တော့မှ ဒီအခန်း အားလုံးကောင်းပါသည်ဟု မှတ်ချက်ချပြီး …

လိုအပ်သလို ပြောဆိုဆုံးမ၍ ပြန်ထွက်သွားကြကာ သော့ခတ်ခဲ့ကြသည်။

အရေးပေါ် တလာစီမရှိလျှင် တာဝန်ကျဝါဒါ ထောင်ကြပ်ကြီးတစ်ဦးကသာ မကြာခဏ ဝင်ရောက်အားဖြည့်လေ့ရှိ၏။





ဇင်းဝါဒါဝင်လာလျှင် သူ့မှာဖွာလက်စ ဆေးပေါ့လိပ်ကလေးပါလာလေ့ရှိ၏။ ဝါဒါများနှင့် ကျွန်တော်တို့မှာ နေ့ရက်ကာလကြာလာသောအခါ မျက်မှန်းတန်း၍ ခင်မင်မှုရှိလာကြပြီး စကားပြောလို့ဆိုလို့ရလာ၏။

ကျွန်တော်တို့က ဆေးလိပ်သောက်ချင်စိတ် မနေနိုင်အောင်ပြင်းပြလာသောအခါ အရဲစွန့်၍ ပြောရတော့သည်။

"ဆရာ …"

"ဘာတုံး …"

"ဟို …ဟို …"

"ဘာဟိုတုံးကွ …ဘာလဲ …ပြော …"

"ဟို …ဟို …ဆေးလိပ်သောက်ချင်လို့ပါ ဆရာ"

"ဟာ …မရဘူး …လုံးဝမရဘူး။ ငါ့လူတို့ ဆေးလိပ်သောက်တာကို ထောင်မှူးတွေ မြင်သွားမိသွားရင် ငါလည်းအလုပ်ပြုတ်၊ မင်းတို့လည်း ပြစ်ဒဏ်တိုက်ထဲကို ရောက်သွားလိမ့်မယ်"

"တစ်ဖွာနှစ်ဖွာလေးပါ ဆရာရယ်"

"မလုပ်နဲ့ ကိုယ့်လူ။ မင်းတို့ ခင်ဗျားတို့မပြောနဲ့ ကျုပ်တို့တောင် လူကြီးတွေမမြင်အောင် သောက်နေရတာ"

"ဟူး …"

သို့ကလိုပြောပြီး သူ့ဆေးပေါ့လိပ်လေးကို လက်ခုံနှင့် ကွယ်ဝှက်၍ ပြန်ထွက်သွားသောအခါ ကျန်ရစ်ခဲ့သည့် ဆေးလိပ်မီးခိုးရနံ့လေးကိုရှူပြီး အာသာဖြေခဲ့ရသည့်ရက်သည် မနည်းခဲ့။

တစ်နေ့တော့ ကျွန်တော်တို့မနေနိုင်၍ အကြံအဖန် အရဲစွန့်ပြီး လုပ်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက် ။ ။ ထောင်ပိုင်ကြီးနှင့်တကွ ထောင်မှူး၊ ထောင်ကြပ်၊ ထောင်ဝါဒါ ဆရာသမားတို့ခင်ဗျား . . . ဤအကြောင်းများကို ပြန်လည်ရေးပြရသည်မှာ နရသိန်စံတို့ရဲ့ဘဝကို သရုပ်ဖော်လို၍ ရေးပြရခြင်းဖြစ်ပါသည်။

နောက်လူများ ထောင်ရဲ့ဘဝကို နားလည်ခံစားပြီး မလာစေချင်ရန် ရေးသားရခြင်းဖြစ်ပါသည်။ တစ်စုံတစ်ဦးအား အကျိုးနစ်နာစေလို၍ ရေးသားခြင်းမဟုတ်ပါကြောင်း ကြိုတင်၍ မေတ္တာရပ်ခံပါသည် ခင်ဗျား။)

ချေးအိုးသေးအိုး သွားသွန်ပြီးလျှင် ချေးဖုံးရန်အတွက် ဖွဲပြာပုံမှ ဖွဲပြာများကို ချေအိုးဂန်ဖလားမှာ ထည့်ယူလာရလေ့ရှိ၏။

အဲဒီမှာ ပြာပုံထဲမှာ အဖိုးတန်ပစ္စည်းတစ်ခုကို သွားတွေ့ရလေ၏။ အခြားမဟုတ်။ မှိုတက်နေသည့် ဆေးလိပ်တိုသောက်ပြီးသား ဖင်စီခံအကျန်လေးများ ဖြစ်လေ၏။

၎င်း မှိုတက်ဆေးလိပ်ဖင်စီခံအတိုလေးကို ဝါဒါများမမြင်အောင် ပြာနှင့်ဖုံး၍ လျှို့ဝှက်စွာ ယူလာခဲ့ကြ၏။ တိုက်ထဲသို့ရောက်ပြီး တာဝန်ကျဝါဒါပြန်သွားသည်နှင့် ချေးအိုးဖွဲပြာအောက်မှ ၎င်းဆေးလိပ်ကို အလျှင်အမြန် ထုတ်ယူလိုက်ကြသည်။

ပြီးလျှင် ပုဆိုးနှင့်မှိုဖုန်များ စင်အောင်သုတ်ပြီး မီးမရှိဘဲနှင့် အရသာခံ၍ ဖင်စီခံကို ဖွာကြရလေသည်။ မီးမပါသော ၎င်းဆေးလိပ်တို့ကို လျှာအရသာခံ၍ဖွာပြီး အာသာပြေရ၏။

နောင်အခါ . . .

ကျွန်တော်တို့နှင့် မျက်မှန်းတန်းမိသော ဝါဒါတပ်ကြပ်ကြီး သိသွားပြီး သူကိုယ်တိုင် စိတ်မကောင်းဖြစ်သွားခဲ့ရလေ၏။





နောက်ဆုံး ကျွန်တော်တို့က မျက်ရည်ကျလုနီးပါး မေတ္တာရပ်ခံလိုက်တော့မှ ကျွန်တော်တို့ရဲ့ ဖြစ်အင်ခံစားချက်ကို သနားသွားပြီး သူသောက်လက်စ ဆေးလိပ်တိုကို အမြန်သောက်ကြဟု ပေးသောက်ရကား . . .

ဝမ်းသာလွန်း၍ သူ့ကို ထိုင်ရှိခိုးကြလေ၏။

တစ်ယောက်ကို နှစ်ဖွာသုံးဖွာစီ ဖွာလိုက်ကြ၏။ သို့ကလို ဆေးလိပ်တိုလေးကို အငမ်းမရ ဖွာရှိုက်အရသာခံစားနေစဉ် သနားကရုဏာရှိရှာသော ဝါဒါတပ်ကြပ်ကြီးက အပြင်သွပ်ပြားကာ တံခါးဝမှ ထောင်မှူးများ၊ အခြားဝါဒါများကို ကြည့်ပေးရရှာ၏။

ကျေးဇူးတင်ပါသည် ဆရာကြီးခင်ဗျား။

ဆရာကြီး ယခုရှိမှ ရှိသေးလားမသိ။ အနှစ်(၂၀)ကျော်ခန့် ကြာခဲ့ပြီမို့ ပင်စင်များ ယူသွားပြီလားမသိ။

ဩော် . . . ဝါဒါများမှာလည်း လူသားအသည်းနှလုံးရှိသူများ ဖြစ်ရကား တစ်ခါတစ်ရံ ကိုယ်ချင်းစာ၊ မုဒိတာ၊ ကရုဏာစိတ်နှင့် ကိုယ်ကျိုးစွန့်၊ အရဲစွန့်၍ ကူညီရရှာ၏။

ပြီးသော် ပြန်ဝင်လာပြီး ဖင်စီခံမီးတောက်နေသည့် ဆေးလိပ်တိုကို ပြန်တောင်းယူသွားကာ အပြင်မှာ ဖျောက်ဖျက်ပစ်ရလေ၏။

(ဆရာကြီး သက်ရှိထင်ရှားရှိနေပါသေးလျှင် အသက်ရှည်ကျန်းမာချမ်းသာ၍ နှလုံးစိတ်ဝမ်းအေးချမ်းပါစေဟု ကျွန်တော်မေတ္တာပို့သပါ၏ ခင်ဗျား)

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

❑

တစ်နေ့သောအခါ ထောင်ဝါဒါတပ်ကြပ်ကြီး ကျွန်တော်တို့အား မင်္ဂလာစကားတစ်ခွန်းကို ဝမ်းသာအားရ ပြောရှာလေသည်။

"ကိုမှိုင်းတို့၊ ကိုလှမြင့်တို့ရေ ..."

"ဆရာ ... ဘာလဲဟင် ဘာဖြစ်လို့လဲ"

"ဝမ်းသာစရာ ပြောချင်လို့ဗျို့"

"ခင်ဗျာ ..."

"ဝမ်းသာစရာ ဟုတ်လား ...။ ဘာများပါလိမ့် ဆရာရယ်။ ရင်ထိတ်လိုက်ပါဘိဗျား"

"ထောင်ဝင်စာ ဖွင့်ပေးလိုက်ပြီဗျား ... ဖွင့်ပေးလိုက်ပြီ ... သိလား"

"ဟင် ..."





"တကယ် ..."

"အဟုတ်ပဲလား ဆရာ ဟင် .. ဟင်"

"အသေအချာပဲပေါ့ဗျာ။ လာမယ့် တနင်္လာနေ့ကစပြီး တစ်ထောင်လုံးကို ထောင်ဝင်စာဖွင့်ပေးလိုက်ပြီလို့ အော်ဒါထွက်လာပြီဗျ။ ခင်ဗျားတို့ ... မိသားစုနဲ့ ညှိတွေ့လို့လည်းရပြီး အစားအစာပို့လို့လည်းရပြီ။ သိလား"

ဝါဒါတပ်ကြပ်ကြီးက ကျွန်တော်တို့အားလုံးရဲ့ မျက်နှာကိုကြည့်ပြီး အားရဝမ်းသာ ပြောနေရှာ၏။

ကျွန်တော်တို့ ထိပေါက်သလိုဝမ်းသာပြီး ကခုန်ကြ၏။

ဒီမှာ ဆေးလိပ်အလွန်ကြိုက်သည့် ကိုအေးသိန်းက ...

"ဆရာ ..."

"ဘာတုံး ... ကိုအေးသိန်း"

"ဒါ ... ဒါဆို ... ဆေးလိပ်လည်း သွင်းခွင့်၊ သောက်ခွင့် ရပြီပေါ့နော်"

"ဒါပေါ့ဗျ ... ရပြီပေါ့"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ဒါ ... ဒါဆို ကျွန်တော့်ကို ဆေးလိပ်လေး တစ်ဖွာလောက် ..."

"ဟာ ... ကိုအေးသိန်း၊ ဒီနေ့က စခွင့်ပြုတာ မဟုတ်ဘူးဗျ။ လာမယ့် တနင်္လာနေ့မှစပြီး ခွင့်ပြုမှာ။ သည်းခံဦးလူရေ ... ခဏသည်းခံ"

ဝါဒါတပ်ကြပ်ကြီးသည် သို့ကလိုပြောပြီးနောက် အခြားအခန်းများသို့လည်း မင်္ဂလာသတင်းများ ပြောဆိုလိုက်ဦးမည်ဟုဆိုကာ ထွက်သွားတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကား ကာလအတန်ကြာကွဲကွာနေသည့် မိသားစုနှင့် စကားငြိမ့်တွေ့ ပြောခွင့်ရသည်ဆို၍ ဝမ်းသာလိုက်သည်ဖြစ်ခြင်း–

ကျွန်တော့်အမေ နေလို့မှကောင်းရဲ့လား။

အမေက အသက်(၇၀)ရှိပြီး သန်လျင်ကနေ ဘားလမ်း(စတီးဝပ်) အချုပ်ခန်းသို့ ရုံးချိန်းတိုင်း မိုးလေကြားမှ သဘော်စီး၍ သားလူမိုက်ကျွန်တော့်ကို ဒုက္ခခံပြီး လာလာရုံးချိန်းတွေ့ရသည်။

အာမခံမရ၍ အချုပ်ကားနှင့် အင်းစိန်လမ်းကြောင်းအတိုင်း ကျွန်တော်တို့ ပြန်ပါသွားသောအခါ မျက်ရည်လည်ရွဲနှင့် လက်ပြပြီး ဘားလမ်းအချုပ်ခန်းရှေ့မှာ ကျန်ရစ်ခဲ့ရရှာသည်။

ဇနီးနှင့် သမီးလေးများရော ဘယ်လို နေထိုင်စားသောက်နေကြပါလိမ့်။ ပတ်ဝန်းကျင်က သူတို့ကို ကောင်းကောင်းမွန်မွန် လိုက်လိုက်လှဲလှဲ ဆက်ဆံကြရဲ့လား။

ကဲ့ရဲ့ပြစ်တင် ရှုတ်ချနေကြမှာလား။

ဝမ်းနည်းပေးကြမှာလား။

နောင်တ …

ခုမှ … ကျွန်တော် နောင်တတွေရနေသည်။ သမီးလေးကမတ်တတ်စမ်းခါစရှိသေး၏။ သမီးအကြီးနှင့် သားလတ်ရော နေလို့မှကောင်းကြရဲ့လား။ ကျောင်းမှ ထားနိုင်ကြရဲ့လား။

တောက် … ဒါ … ငါ့ကြောင့် …။ ငါ ဥပဒေကို ဂရုမစိုက်လို့ဖြစ်ရသည့် ဒုက္ခ၊ သောကနှင့် ပရိဒေဝမီးလျှံများ။

"ဟူး …"

"အားလုံး ကျန်းမာချမ်းသာကြပါစေ …"

✿ ✿ ✿

[ ၆ ]

❑

တစ်နေ့ … နံနက်။

"စာရေးဆရာညိုမှိုင်း တိုက်နံပါတ်(၆) ထောင်အချုပ် ကိုယ်ပိုင်နံပါတ် ( ……)သန်လျင် … ရှိရင် ရှိ … မရှိရင် မရှိ … ပြော"

"ရှိ …"

"ရှိရင်ထွက်။ ထောင်ဝင်စာတွေ့"

"ဟယ် … ဆ .. ဆရာ … ဘယ်သူလာတွေ့တာလဲ … ဟင် …"

"ခင်ဗျားဇနီး … မခင်စန်းမြင့်တဲ့ …"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို ..."

ကျွန်တော် အိပ်ရာအောက်မှ ခေါက်ဖိထားသည့် ပုဆိုးနှင့် အင်္ကျီကို ကပျာကယာ ကောက်လဲလိုက်သည်။ ကျွန်တော်နှင့်အတူ ကိုလှမြင့်ဦး၊ ကိုခင်မောင်လေးတို့လည်း ညွှန့်တွေ့ပါ၍ ပြင်ကြဆင်ကြသည်။

သည့်နောက် ...

တံခါးဖွင့်ပေး၍ တိုက်တန်းရှေ့ ဘုရားလေးအနီးက ဗာဒံပင်အောက်မှာ ပုံစံထိုင်လိုက်ကြသည်။ ပြီးနောက် ... အမှုထမ်းများရဲ့ ဦးဆောင်မှုဖြင့် ညွှန့်တွေ့တန်းမှာ ဖနီးသည်ကို တွေ့လိုက်ရတော့သည်။

သံဆန်ခါနှစ်ထပ်ကြားရဲ့ သုံးလေးပေခန့်အကွာမှရပ်ပြီး အော်ပြောကြရသည်။

"မအိ ..."

"အစ်ကို ... နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ... မင်းရော နေကောင်းရဲ့လား"

"ကောင်းပါတယ် ... အစ်ကို"

"ငါ့သမီးတွေရော နေကောင်းရဲ့လား။ ကျောင်းတက်ကြရဲ့လား"

"နေကောင်းတယ်။ ကျောင်းတက်နေကြတယ်"

ပြောရင်း ဖနီးသည်က မျက်ရည်များကျ၍ ရှိုက်သံနှင့် ပြောနေရှာသည်။ သူမလည်း ပိန်ချုံးကျသွားရှာပါကလား။

"အမေပါလာလား"

"ပါတယ် အစ်ကို။ အင့် ... ဟီး ..."

"ငါ့ညီ မောင်စံကြည်ရော"

"စံကြည်ရော၊ အမေကြီးတို့ရောပါတယ်။ အပြင်မှာစောင့်နေ





ကြတယ်။ ညွှန့်တွေ့တာ တစ်ယောက်ပဲတွေ့လို့ရလို့"

"အစ်ကိုနေကောင်းတယ်။ လူအားလုံးကို ပြောလိုက်နော်"

"ဟုတ်ကဲ့ ..."

"ဒါနဲ့ အစ်ကိုတို့ အမှုအခြေအနေရော ညီမ"

"ရှေ့နေဦးစံသိန်းတို့ လိုက်နေပါတယ် အစ်ကို"

"မကြာခင် ပြီးသွားမှာပါ ညီမရယ်။ မင်းတို့ စားရေးသောက်ရေး အဆင်ပြေရဲ့လား"

"မဆိုးပါဘူး အစ်ကို"

"မင်းတို့ နေကောင်းအောင်နေကြ။ ငါ့သမီးတွေကို လိမ်မာအောင် သွန်သင်ပါကွာနော်"

"စိတ်ချပါ အစ်ကို။ အစ်ကို ... ညီမတို့ စားစရာတွေပေးလိုက်တယ်နော်"

"ကိုင်း ... အချိန်စေ့ပါပြီ။ ပြန်ကြမယ်"

ထောင်မှူးရဲ့ အချိန်စေ့ပြီဆိုသည့် စကားသံဆုံးသည်နှင့် ကျွန်တော် စကားပြောနေရာမှ ခြေလှမ်းကို မရွှေ့ချင်ရွှေ့ချင်နှင့် စ၍ရွှေ့လိုက်သည်။ ပြီး ... သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

ဖနီးသည်ရဲ့ မျက်ရည်လည်ရွဲနှင့် လက်ပြနှုတ်ဆက်နေဟန်ကို စက္ကန့်ပိုင်း မြင်လိုက်ရပြီး ထောင်မှူးတစ်ဦးစစ်ဆေးပြီးလို့ ပြန်ပေးသည့် အစားအစာ ကြွပ်ကြွပ်အိတ်ကိုဆွဲကာ တိုက်တန်းရှိရာသို့ ပြန်လာခဲ့လိုက်ရသည်။

မျက်လုံးအိမ်ထဲမှာ ချစ်လှစွာသော ဖနီးသည်ရဲ့ ပုံရိပ်လေးက စွဲထင်၍ ပါလာခဲ့သည်။

တိုက်ခန်းရောက်သည်နှင့် ဦးစွာ(နွားတံဆိပ်မကြွင်လှ)ဆေးပေါ့



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကို ဝါဒါထံမှ ဆေးလိပ်မီးအကူအညီနှင့် မီးညှိ၍ အားရပါးရ ဖွာ ရှိုက်လိုက်ပြီး စကားတစ်ခွန်း ပြောလိုက်သည်။

ထောင်ပိတ်ချိန်နောက်ပိုင်းမှာ ထောင်ဝါဒါများက အသံပြု လေ့ရှိကြ၏။

"အဆောင် ( ... )၊ အချုပ်သား (၃၀၀) အားလုံးကောင်းပါ သည်ခင်ဗျား ..."

ကျွန်တော်လည်း အော်လိုက်ပါသည်။

"အဖေ ... အမေ၊ ညီများနှင့် ဇနီးသည် အပါအဝင် ထောင်ဝင်စာတွေ့ခွင့်၊ အစားအသောက်သွင်းခွင့်ပြုသည့် ထောင်ပိုင်ကြီး နှင့် တာဝန်ရှိသူများအားလုံးအား ကျေးဇူးတင်ပါသည်ခင်ဗျား"


ပြီးနောက် ...

နွားတံဆိပ် မကြင်လှဆေးပေါ့လိပ်ကို အားရပါးရ ရှိုက်လိုက် တော့လေသတည်း။

(ယခုအခါ အင်းစိန်အကျဉ်းထောင်ကြီးသည် ချိုးရေ သောက် ရေ၊ အိမ်သာသုံးရေများသာမက အစားအသောက်နှင့် ကျန်းမာရေး ဆိုင်ရာ စောင့်ရှောက်မှုများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်ဟု ကြားရသိရပါသဖြင့် အားလုံးကောင်းပါသည်ခင်ဗျားဟု ထပ်မံကျေးဇူး စကား ဆိုလိုက်ရပါပေသည် ခင်ဗျား ....)

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

❑

နရသိန်မင်္ဂဖင်း ဖွန်လထုတ်မှာ စာရေးဆရာသံယောဇဉ် (နရသိန်) က အင်းစိန်အကျဉ်းထောင်အတွင်း အကျဉ်းသားများအား လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဂိုအင်ကာ၏ ဓမ္မဟိတသုခဂေဟာ ခုနစ်ရက်တရားစခန်းဖွင့်လှစ်၍ ဝိပဿနာတရားပြပေးနေသည့် မင်္ဂလာသတင်းကောင်းကို ဓာတ်ပုံနှင့်တကွ ဖတ်ရှုမြင်တွေ့ရသည်။

ဝမ်းသာကြည်နူး ချမ်းမြေ့ဖွယ်ကောင်းလေစွ။

နရသိန် လက်ကွယ်နှေ့ညများမှာ ရှေးလထိန်ထိန်သာခဲ့သလို လောဘ၊ ဒေါသ၊ မောဟကြောင့် ဖြစ်ခဲ့ရသည့် အဝိဇ္ဇာအညစ်အကြေးများကို ဓမ္မတရားနှင့် သန့်စင်ခဝါချသည့်ရှုခင်း။



BURMESE CLASSIC .com



အရွယ်ကလေးတွေက ဖူးလို့ပွင့်လို့ကောင်းနေသည့် အရွယ်များ။

အခု ဝိပဿနာတရားအစစ်နှင့် အနီးကပ်ထိတွေ့ခွင့်ရတော့ ဒေါသအပူများ စမ်းရေဖြစ်သွားကြ။

လောဘအပူများ သန္တိရသနှင့် ပန်းပွင့်ဖြစ်သွားကြ။

မောဟအပူများ မိုးပေါက်မိုးစက်တို့ ဖြစ်သွားခဲ့ကြ။

ဤဝိပဿနာဓမ္မတရား အစစ်ရဲ့အသီနှင့် လောကုတ္တရာနိဗ္ဗာန်ကို အရောက်မသွားနိုင်သေးသည့်တိုင် ...

လောကီနိဗ္ဗာန်ချမ်းသာကိုရပြီး ကံ, ကံ၏ အကျိုးအပြစ်ကို နားလည်ခဲ့ကြပြီး ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ မငြိုငြင်းသဘောကို နှလုံးပိုက်မိပြီး ...

နရသိန် ခွင့်ရက်စေ့လို့ အိမ်ပြန်ရင်ဘဝကို ဘယ်လိုတည်ဆောက်သွားရမည်ဆိုတာကို အချိန်တိုတိုနှင့် နားလည်ခဲ့ကြပြီ။

အဝိဇ္ဇာကြောင့်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ အပြစ်တို့ကို ကြိမ်ဒဏ်နှင့်ဆေးကြော၍ မသန့်စင်နိုင်။

လေးဖက်လုံပြစ်ဒဏ်တိုက်နှင့် လှောင်ထည့် သော့ခတ်၍လည်း မပျောက်နိုင်။

နှစ်ရှည်အကျဉ်းချပြီး အလုပ်စခန်းနှင့်ဒဏ်ခတ်ပြီး နောင်ကြဉ်စေတော့ဟုလုပ်လို့လည်း အကျဉ်းသားတိုင်းကို လုပ်လို့မရ။

မေ့းရာပါဗီဇ။

သူ့ပတ်ဝန်းကျင်။

ပြီး ... သူ ရင်ဆိုင်နေရသည့်ခေတ်စနစ်ရဲ့ စားဝတ်နေရေးကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

သူ့ရဲ့ ပညာအရည်အချင်း၊ ကိုယ်ခံအား ... ဒါတွေကို လူတစ်ယောက်ရဲ့ဘဝကို လွှမ်းမိုးကြသည်။ စီရင်ချက်ချကြသည်။ ငါလုပ်သမျှအမှန်ဟု ထင်တတ်ကြသည်။ အမှန်နှင့်အမှားကို တရားဥပဒေကလည်း ပြုပြင်ချင်တိုင်း ပြုပြင်လို့မရ။

ဗုဒ္ဓရဲ့ ဓမ္မအသိတရား၊ ဉာဏ်စဉ်တရားကသာလျှင် တဖြည်းဖြည်းထိန်းကြောင်း ပဲ့ပြင်သွားနိုင်ပေသည်။

ဝိပဿနာတရားစခန်း ဉာဏ်စဉ်ဓမ္မအသိက လူတိုင်းကို ရဟန်းဝတ်ဖို့၊ သီလရှင်ဝတ်ဖို့၊ တောထွက်ဖို့ လမ်းကြောင်းပြတိုက်တွန်းနေသည်မဟုတ်။

လူ့ဘဝရတုန်းတစ်ခဏမှာ မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားနှင့်လူပီသအောင် ကျင့်ကြံနေထိုင်ရင်း အေးငြိမ်းချမ်းသာ တရားအစစ်နှင့် ထွက်ခွာခြင်းကောင်းဖို့ကို သွန်သင်ဆုံးမသည်။ ပြုပြင်ခြင်းတရားပင်ဖြစ်ပေသည်။

ယခုကဲ့သို့ ...

ဝိပဿနာတရားအသိ နရသိန်ရုပ်ဝန်းသို့ ခြေလှမ်းမချတုန်းက တရားအတုနှင့် လူအတု၊ အကျဉ်းသားအချို့အကြောင်းကို ကျွန်တော် ပြန်လည်မြင်ယောင်မိသည်။

မှတ်သားစရာကောင်း၍ ပြန်လည်ပြောပြရခြင်းဖြစ်၏။

✿ ✿ ✿

BURMESE CLASSIC .com

[ ၂ ]

❑

၁၉၈၉ ခုနှစ် အရေးအခင်းကာလအပြီးမှာ ကျွန်တော်လည်း အဝိဇ္ဇာပိတ်ကာဆို့၍ မိစ္ဆာမြို့သားဖြစ်ကာ နရသိန်တောရမှာ သီတင်းရက်ရှည် သုံးခဲ့ရ၏။

ထိုစဉ်တုန်းက ...

ငါ ဘာကြောင့် နရသိန်အကျဉ်းစံဘဝ ရောက်ခဲ့ရသည်ကို အနုလုံပဋိလုံ မစဉ်းစားခဲ့။

ငါလုပ်သမျှ မှန်သည်။ ငါ့ဘဝကို ဒါသက်သက်မဲ့ နိုင်လိုမင်းထက် ညှဉ်းပန်းနှိပ်စက်နေကြတာဟု ယုံကြည်စွဲထင်နေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သာမဟုတ် ...

နရသိန်ရောက် ဘဝတူအကျဉ်းသား၊ အချုပ်သားတိုင်းဖြစ်၏။ နိုင်ငံတော်လုံခြုံရေးအတွက် ဥပဒေပြဋ္ဌာန်းချက်ရှိ၏။ ဒါကို တရားစီရင်ရေးဟုခေါ်၏။

ဥပဒေကျောင်းမတက်ခဲ့ရသော ကျွန်တော်တို့အရပ်သားများ အနေဖြင့် ဘယ်အမှုကို ဘယ်လိုကျူးလွန်လျှင် ဘယ်ပုဒ်မနှင့် ငြိစွန်း၍ ပြစ်ဒဏ်မည်မျှ ကျခံရမည်ကို မသိကြ။

ငါလုပ်သမျှ အလုပ်သည် ငါ့အတွက်၊

ငါ့မိသားစုအတွက်၊

ငါ့မြို့နယ်အတွက် ...

ဟူသောအတ္တနှင့် လုပ်ချင်သလို လုပ်ခဲ့ကြသည်လည်း ရှိ၏။ လုပ်သင့်၍ လုပ်ခဲ့ကြသည်လည်း ရှိ၏။

ဒီလိုနှင့် အစွန်းတစ်ဖက်ရောက်သွားပြီး အတ္တစိတ်ကြီးမားကာ အမှန်ကနေ အမှားဖြစ်သွား။

အမှားသေးသေးလေးကနေ အမှားကြီးကြီးဘဝကို ရောက်သည့်နောက် ပြဋ္ဌာန်းတရားဥပဒေနဲ့ စီရင်ခြင်းကိုခံရ။

အချို့က ... အမြင့်မှန်ရကြ။ နောင်တရကြ။

အချို့က ... ဆထက်ပိုး တိုး၍ မိုက်ကြ။

အဲဒီမှာ ကျွန်တော် ဆတက်ထမ်းပိုးတိုး၍ မိုက်နေကြသည့် လူတုလူယောင်အချို့ကို မှတ်တမ်းတင်ဖြစ်ခဲ့ရ၏။

သူတို့သည် လူလူချင်းကိုမပြောနဲ့ ဘုရားကိုပင် ခဝတည်တည် လိမ်လိုက်ညာလိုက်သေး၏။ ထောင်ထဲမှာ ညခုနစ်နာရီရောက်လျှင် အဆောင်တိုင်း ဘုရားရှိခိုးကြရ၏။ နံနက်စောစော ရှိခိုးသည်





လည်းရှိ၏။ ရုံးထွက်ဆောင်ရောက်လျှင်လည်း ထုံးစံအတိုင်း အားလုံး စုပေါင်းဘုရားရှိခိုးကြရ၏။

ဗုဒ္ဓဘာသာဝင် အကျဉ်းသား၊ အချုပ်ကျများ ဘုရားရှိခိုးနေချိန်မှာ ခရစ်ယာန်ဘာသာဝင်နှင့် မူဆလင်ဘာသာဝင်တို့က အသာထိုင်၍ နားထောင်နေကြလေ့ရှိ၏။

ကျွန်တော်တို့ အဆောင် (....)ကို ရောက်စတုန်းက ညစဉ် ဘုရားရှိခိုး တိုင်ပေးသူတစ်ဦးရှိခဲ့။

သူ့အမည်ကို ဦးကတုံးဟုပဲ အလွယ်ခေါ်ကြပါစို့။ ဦးကတုံးသည် အသက် (၄၀)ကျော်ခန့်ရှိ၏။ ညစဉ် ဘုရားရှိခိုးတာဝန်ကို သူက ဦးဆောင်လေ့ရှိ၏။

စိန်ရောင်ခြည်ဘုရားပင့်ကို ရွတ်သွားသည်မှာ ဓာတ်မင်းသားကြီးတစ်ဦးအလား အသံကောင်း၏။

ဓမ္မကထိကတစ်ဦးကဲ့သို့ သံနေသံထားကောင်းလှ၏။ ရောက်စတုန်းက သူ့ရဲ့ စိန်ရောင်ခြည်ဘုရားပင့်ရွတ်သံမှာ နစ်မျောပြီး သူ့ကို လေးစားသလိုလို ရှိသွားခဲ့၏။

"အင်္ဂီရသဿ ဥဏ္ဍာယ၊
ဒါဌာဟိ သေတရံသိယော။
ဝဇိရာဝ ဝိရောစန္တိ၊
ဇိနော မေ ဌာတု သီသကေ။

အင်္ဂီရသဿ – အယုတ်အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံကွန့်မြူးလျက် 'အင်္ဂီရသ' ဆိုတဲ့ဘွဲ့ထူးကို အံ့ကျူးခဲ့နိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကြီး၏။

**ဘမုကန္တရေ** – မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌၊

**သဥ္ဏာတာယ**–နုဖြူထွားထွား ကောင်းစွာ ပေါက်ဖွား၍နေသော၊

**ဥဏ္ဏာယစ** – ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့်ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ခတ် လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း၊

**ဒါဌာဟိစ**–ပတ္တမြားခေါင်ရမ်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင် ဖုံးပိတ်၍ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာခတ်တော်ထူးတို့မှလည်းကောင်း၊

**သေတရံသီယော** – ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွှက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ်တလည်လည် ထိန်ပြောင်ကြည်တဲ့ စိန်ရောင်ခြည်ခတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်၊

**ဝဇိရာဝ**–စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့၊

**ဝိရောစန္တိ**–ဖူးမြင်ရသူတို့၏စိတ်ဝယ် အထူးဘဝင်မှာ ကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူကြပါပေကုန်၏။





**သောဖိနော** – ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသဘွဲ့ထူးခံသည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊

**မေ မမ**–ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ်အကျွန်ုပ်၏။

**သီသကေ**–ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌၊

**ဌာတု**–ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပါ စိန်ရောင်ခြည်နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား”

“သာဓု ...”

“သာဓု ...”

“သာဓုပါ့ ဘုရား”

ဇာတ်မင်းသားကြီးလိုအသံ၊ ဥပသကာကြီးလိုအသံ နားဝင်ချိုလိုက်တာ။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုက်တာ။

အချုပ်ကျ လူသုံးရာကျော်ခန့်တို့ရဲ့ သာဓုခေါ်သံကလည်း တကယ့် ဝိပဿနာတရားစခန်းကြီး။ ရေစက်ချအလှူလူအုပ်ကြီးမှ ပြိုင်တူ သာဓုခေါ်လိုက်သကဲ့သို့ သံပြိုင်ဟည်းဟည်း ကြက်သီးဖြန်းဖြန်း ဝမ်းသာကြည်နူးစရာ။

ဦးကတုံးရဲ့ စိန်ရောင်ခြည်ဘုရားပင့်ဆုံးသည်နှင့် ကျွန်တော်တို့အချုပ်ကျများ၊ အခန်းလူကြီးနှင့် ဘုတ်ကိုင်များက ညီညီညာညာ ဩကာသကို ရွတ်ဆိုကြရသည်။

ပြီးသည်နှင့် နောက်တစ်ယောက်က ငါးပါးသီလကို တိုင်ပေးလေ၏။ သူ့အသံကလည်း ကောင်းလှပေ၏။ ပန်တျာကြည်လင်အသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆင်ဆင်တူ၏။

"အဟံ ဘန္တေ ..."

"အဟံဘန္တေ ..."

"တိသရဏေန သဟ ..."

"တိသရဏေန သဟ ..."

"ပဉ္စသီလံ ..."

"ပဉ္စသီလံ ..."

"ဓမ္မံ ယာစာမိ ..."

"ဓမ္မံ ယာစာမိ ..."

"အနုဂ္ဂဟံ ကတွာ ..."

"အနုဂ္ဂဟံ ကတွာ ..."

"သီလံ ဒေထ မေ ဘန္တေ ..."

"သီလံ ဒေထ မေ ဘန္တေ ..."

ကျွန်တော်တို့က ပန်တျာကြည်လင်အသံနှင့် ဆင်တူသည့် အချုပ်သားရဲ့တိုင်ချက်အတိုင်း လိုက်ဆိုရသည်။

ပြီးသော် ငုင်းပုဂ္ဂိုလ်ကပင် ရေတော်နှင့် ဆီမီးတော်လှူခြင်းကို ဦးဆောင်၍ သံတိုသံရှည်၊ သံလတ်၊ အနိမ့်အမြင့်၊ အရှိုက်အငင်၊ အဝင်အဟန့်၊ အတန့်အရပ်နှင့် ပူဇော်သွားလေ၏။

**အရဟာတာဒိ နဝဂုဏေဟိ၊ အရဟံ**–အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်၊ **သမန္နာဂတံ** – ပြည့်စုံတော်မူသော၊ **နာထံ**–လူ့နတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊

**ဗုဒ္ဓံ**–သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ **ဥဒ္ဒိဿ**–ရည်မှတ်၍၊ **စေတီယဿ**–ဓာတု စေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ,





ပရိဘောဂစေတီတော်မြတ်အား၊ **ဝဏ္ဏ ဂန္ဓ သမ္ပန္နံ**–အဆင်း,အနံ့နှင့် ပြည့်စုံတော်မူသော၊ **ဣမံ ပုပ္ဖံ**–ဤပန်းကိုလည်းကောင်း၊

**သုဒ္ဓ သီတလ ပသန္နံ**–သန့်ရှင်း, အေးမြ, ကြည်လင်လှသော၊ **ဣမံ ပါနီယ ပရိဘောဇနီယံ**–ဤသောက်တော်ရေ, သုံးဆောင်တော်ရေကိုလည်းကောင်း၊ **ပဘာဝဏ္ဏေဟိ**–အရောင်အဆင်းတို့ဖြင့်၊

**အန္ဓကာရံ**–အမိုက်အမှောင်ကို၊ **ဝိနာသကံ**–ပယ်ဖျောက်တတ်သော၊ **ဣမံ ဒီပဓာလံ**–ဤဆီမီးလျှံနှင့်၊ **ဣမံ ဂန္ဓံ**–ဤအမွှေးအနံ့တို့ကိုလည်းကောင်း၊ **ဒေမိ**–နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ **ပူဇေမိ**–နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။

**မေ**–တပည့်တော်တို့၏၊ **ဣဒံ ပုညံ**–ဤကောင်းမှုသည်၊ **အာသဝက္ခယံ ဝဟံ**–အာသဝေါ တရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

အားလုံးပန်းရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ရွတ်ဆိုပြီးသည်နှင့် စိန်ရောင်ခြည်ဘုရားပင့်ကို ရွတ်ဆိုသွားသော ရွှေမန်းကျော်အောင်အသံနှင့်တူသည့် ဦးကတုံးဆိုသူက မေတ္တာပို့၊ နတ်ပို့၊ အမျှဝေခြင်းကို ပါဠိကထာနှင့် ရွတ်သွားလိုက်သည်မှာ ပီတိ ကျွန်တော်တို့အားလုံး နရသိန်အကျဉ်းထောင်သို့ ရောက်သည်နှင့်မတူ။ ဘုန်းတော်ကြီးကျောင်းဥပုသ် ရွှေမြင်ကွင်းသို့ ရောက်နေသည့်အလား ကြည်နူးဝမ်းသာ ခံစားရလေ၏။

"ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော"



www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းကျော်အောင် ဦးကတုံးကလည်း ပါဠိလေးပိုဒ်ကို ဓမ္မကထိကလေသံအတိုင်းရွတ်၍ နတ်ပို့ မေတ္တာပို့ အမျှဝေပြီးအောင် ကျွန်တော်တို့အားလုံးက သံပြိုင်သာဓုခေါ်လိုက်သံများကား တစ်ထောင်လုံးကို လွှမ်းသွားမလားထင်ရပေ၏။

အမှန်လည်း လွှမ်းပါပေ၏။ အဘယ်ကြောင့်မူ ဤအချိန်ရောက်လျှင် အင်းစိန်အကျဉ်းထောင်ရှိ အဆောင်များအားလုံး ဘုရားဝတ်တက်ချိန်ဖြစ်သောကြောင့် အမျှဝေသံ၊ သာဓုခေါ်သံတို့ကား ... တစ်ထောင်လုံးလွှမ်းအောင် စည်ဝေလျှံကျလျက် ရှိသောကြောင့်တည်း။

✿ ✿ ✿

| ၃ |

❑

"ဦးကတုံးကြီးက ရွှေမန်းကျော်အောင် အသံအတိုင်းပဲနော်"

"ဟို ... ဒုတိယလူကလည်း ပန်လျာကြည်လင်အသံနဲ့ မတူဘူးလား ဆရာမှိုင်းရ"

ကိုလှမြင့်ဦးက မေးငေါ့ကြည့်ရင်းဆိုလေ၏။ ထိုအချိန်၌ အချို့က ကြမ်းပြင်ပေါ်မှာ လှဲသူလှဲ၊ ဝိုင်းဖွဲ့စကားပြောသူပြော၊ ဆေးလိပ်ဖွာသူဖွာ၊ ဟိုင်းဒီတွေး လုပ်သူကလုပ်။

"အဲဒီလူ နာမည်ဘယ်လိုခေါ်လဲ မသိဘူး"

ဒီလိုမေးလိုက်တော့ ကျွန်တော့်အနီးရှိ သာကေတမှ လူသတ်မှုနှင့် ကျွန်တော်တို့အရင် ရောက်နှင့်နေသော ကိုကြာသပတေးဆိုသူက ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူနာမည်က လက်ပွားချစ်ခင်တဲ့ဗျ"

"ဇာတ်မင်းသားများ လုပ်ခဲ့ရော့လားဗျ"

"မဟုတ်ဘူး ...။ ခါးပိုက်နှိုက် နာမည်ကြီးဗျ"

"ဟင် ... အဲဒီလူကလေ"

"အဟုတ်ပါ ဆရာမှိုင်းရာ။ ဒီကောင့်ကို လက်ကောက်ပွား လို့ ခေါ်ကြသဗျ"

"လက်ကောက်ဆိုတာ ဘာကိုခေါ်တာတုံး ကိုကြာသပတေး"

ကျွန်တော်တို့နှင့်အမှုတွဲ ကိုအေးသိန်းက ဝင်မေးလိုက်ပြန် သည်။

"လက်ကောက်ဆိုတာ ပြစ်မှုအမျိုးမျိုး၊ ဒါမှမဟုတ် သူ ကျူးလွန်နေကျပြစ်မှုမျိုးနဲ့ အကြိမ်ကြိမ်အခါခါ ထောင်ထဲပြန်ဝင်လာသူ ကိုခေါ်တာ ... ကိုအေးသိန်းရဲ့"

"ဒါဆို အဲဒီလက်ပွားချစ်ခင်က ဒီကိုရောက်တာ ဘယ်နှစ် ကြိမ်လောက်ရှိပြီလဲဗျ"

"ကျုပ်သိသလောက်တော့ ဒီကောင်လက်ပွား 'ခါးမှု'နဲ့ရောက် တာ(၁၀)ကြိမ်တောင် ရှိပြီဗျ"

"အလိုလေးဗျာ ... ဒါဆို သင်းက ထောင်ကို အိမ်လိုသဘော ထားနေတာပေါ့"

"ဒါပေါ့ ဆရာမှိုင်းရာ။ သူတို့လိုလူစားမျိုးအဖို့ ထောင်ကို အိမ် လို ဝင်လိုက်ထွက်လိုက် လုပ်နေပါများတော့ သူတို့ကို တစ်ထောင်လုံး က အချုပ်ကျရော၊ ထောင်ကျရော၊ အမှုထမ်းများကရော သိနေကြပြီ လေဗျာ။

ဒီလိုလေဗျာ ...။ ဒီအထဲကိုပြန်ရောက်ရင် မူလရာထူး





ရေဘုတ်ကိုင်ဆို ရေဘုတ်ကိုင်၊ ထမင်းဘုတ်ကိုင်ဆို ထမင်းဘုတ်ကိုင် အချိန်မရွေး ပြန်ရနေတာပဲ။ လက်ပွားတို့၊ ဦးကတုံးတို့က ဘုရားစာ၊ တရားစာလေး အလွတ်ရနေပြန်တော့ ညဘက်ဘုရား ရှိခိုးချိန်ရောက် ရင် သူတို့ရဲ့ ဘုရားရှိခိုးတိုင်ပေးသံကို အားလုံးကြားရဖြစ်ရပြီး သူတို့ က ထောင် (Star) ဖြစ်နေသေးပေါ့ဗျာ ..."

"ဒါဆို ... ဟိုစိန်ရောင်ခြည်ဘုရားပင့် ရွတ်သွားတဲ့လူကြီး ဦးကတုံးကရောဗျာ။ သူလည်း ခါးပိုက်နှိုက်နဲ့ ရောက်တာပဲလား"

"မဟုတ်ဘူး ...။ သူက 'ခါး' မဟုတ်ဘူး"

"ဒါဆို သူ့အမှုက ..."

"မုဒိမ်းမှု ..."

"ဗျာ ..."

"ဘာ ... ဘယ်လို ... ဘယ်လို ..."

"မုဒိမ်းမှုနဲ့ဝင်လာတာ။ မုဒိမ်းမှုနဲ့ ထောင်နှစ်ကြိမ်ရှိပြီ ခင်ဗျ"

"ဘုရားရေ ...။ ဒီလိုဘုရားပင့်ကို ဇာတ်မင်းသားနီးပါး ရွတ်နိုင်သူ လူကြီးက မုဒိမ်းမှုနှစ်ကြိမ် ကျူးလွန်ခဲ့တယ်။ ဟုတ်လား ကိုကြာသပတေးရာ"

ဒီလိုမေးလိုက်ရော လူသတ်သမား ကိုကြာသပတေးက အခန်း လူကြီးကိုဗျောကြီးကို လှမ်းခေါ်လိုက်ပါရော။ ကိုဗျောကြီးဆိုတာ နာမည် အရင်းမဟုတ်ဘူးနော်။ အဆောင်သားအချုပ်ကျတွေက ပေးထားတဲ့ ဒုတိယနာမည်။

မူလနာမည်အရင်းက ကိုကြီးပွားတဲ့။ အဆောင်မှာ လက်သံ ပြောင်လွန်းလို့ ကိုဗျောကြီးလို့ အမည်ပေးထားတာ။ အချို့ အချုပ်ကျ တွေက ပုံစံခန်းက စနစ်တကျ ပုံစံသင်ပေးလိုက်သည့်တိုင် အဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်ရင် ကြွစောင်းကြွစောင်းနဲ့ ပမာမခန့်လုပ်ချင်ကြလို့ အဲဒီလို လူမျိုး ဒီအဆောင်ကိုရောက်လာရင် ကိုဗျောကြီးက ရှာစားကြီးစိန်ဗေဒါ ရဲ့ ဗျောညွှန့်လက်သံနဲ့ အကျအညှော်ခံပြီး အနေကျအောင် လုပ်ပေးရ သတဲ့လေ။

"ကိုဗျောကြီး ..."

"ဘာတုံး ... ကိုငတေး"

"ဟောဒီစာရေးဆရာအုပ်စုက စိန်ရောင်ခြည်ကိုကတုံး မုဒိမ်းမှု နဲ့ နှစ်ကြိမ်ဝင်လာတာကို မယုံလို့တဲ့။ ရှင်းပြလိုက်ပါဦး ကိုဗျောကြီး ရာ"

"ဟုတ်တယ် ဆရာတို့ရဲ့။ ဆရာတို့စာရေးဆရာများသိအောင် ပြောရရင် ကိုကတုံးက သူ့အရပ်က အလှူခံမဏ္ဍပ်အထိုင် စာဟော ဆရာလေ။ ဘုန်းကြီးလူထွက်ပေါ့။ ဘုန်းကြီးဘဝမှာ အရက်ခိုးသောက် လို့ ကျောင်းက လူဝတ်လဲပြီး မောင်းထုတ်လိုက်တာရယ်။

လူဝတ်ကြောင် ဘဝရောက်တော့လည်း ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ အလှူခံမဏ္ဍပ်မှာ အသံချဲ့စက်နဲ့ အလှူခံပြောပြော ပြီး ချောင်သလိုနေတာပေါ့။ ပထမအမှုက မုဆိုးမတစ်ဦးရဲ့ခြင်ထောင် ထဲ ညအချိန်မတော်ဝင်လို့ မုဒိမ်းမှုကျူးလွန်ပြီး ထောင်ကျခဲ့တယ်။

ထောင်ကလွတ်ပြန်တော့ အရက်ပုန်းချက်လို့ အဖမ်းခံရပြန် ရော။ အဲဒီကလွတ်ပြန်တော့ အရွယ်ရောက်စ ကလေးမလေးကို ဖြား ယောင်းသွေးဆောင်ပြီး မုဒိမ်းထပ်ကျင့်လို့ အခုပြန်ရောက်နေတာဗျ"

"ဒါဆိုလည်း ဒီလိုလူစားမျိုးကို ဘာလို့ ဘုရားရှိခိုးစာ ဦးဆောင် နိုင်းနေရသေးလဲဗျာ"

"လူက သောက်သုံးမကျပေမဲ့ ဘုန်းကြီးလူထွက်ဘဝက လာခဲ့





သူ၊ အလှူမဏ္ဍပ် ကိုင်ခဲ့ဖူးသူဆိုတော့ ဘုရားရှိခိုးစာမျိုးစုံကို အသံနေ အသံထားနဲ့ အကုန်ရနေတာလေ။ အဲဒါ သူ့ဘဝလည်း အသိတရား ရပြီး ကောင်းချင်ကောင်းပါစေဆိုပြီး၊ နောက်တစ်ချက်က သူလို ဘုရား ရှိခိုးအမျိုးမျိုးကို ဘယ်အချုပ်သား ထောင်ကျမှမရတော့ သူတို့နှစ် ယောက်ကိုပဲ လောလောဆယ် နေရာပေးထားရတာပေါ့ဗျာ"

"ငပွားလည်း ပါဠိပါဌ်သား ရတယ်နော်"

"ရမှာပေါ့ ..။ သူ့အဖေက အပြင်မှာ နာမည်ကြီး ဗေဒင် ဆရာပဲဥစ္စာ။ လက်ပွားကို ငယ်စဉ်ကတည်းက သူ့ခြေရာနင်းရအောင် ဘုရားပင့်၊ နတ်ပင့်၊ ရှင်လောင်းသွင်း၊ ဗေဒင်စာတွေ သင်ပေးခဲ့တာ ရယ်။ ဒါပေမဲ့ လက်ပွားက လူပေါင်းမှားခဲ့တယ်။

သူ့အပေါင်းအသင်းတွေက 'ခါး' အဖွဲ့ဝင်၊ ဖြတ်၊ နှိုက်၊ ခွဲ၊ ပြေးချည်းပဲ။ အဲဒီ မကောင်းဆိုးဝါးအုပ်စုနဲ့ လက်တွဲပျော်ပိုက်ပြီး သူ လည်း 'ခါး'အဖွဲ့မှာ နစ်မွန်းခဲ့တယ်။ ဘယ်လိုမှ ပြုပြင်လို့မရတဲ့ဘဝကို ရောက်ပြီး ထောင်ကို အိမ်အမှတ်နဲ့နေနေတာပဲ။

ဒါပေမဲ့ ကြည့်နေ ...။ လက်ပွားရော၊ ကိုကတုံးရော ထောင် ထဲမှာရှိနေတဲ့ ကာလတစ်လျှောက်လုံး ဘုရားဒကာ၊ ကျောင်းဒကာ သူတော်စင်အတိုင်းပဲ။ အဟုတ် ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

ဟုတ်ပေ၏။ ကိုကတုံးရော၊ ခါးပိုက်နှိုက်လက်ပွားရော ဘုရားရှိခိုးပြီး၍ အများသူများ အိပ်သူအိပ်၊ လှဲသူလှဲ၊ စကားပြော သူပြောလုပ်နေကြသည့်အချိန်မှာ သူတို့နှစ်ဦးက ဘုရားရုပ်ပွားတော်ရှေ့မှာ ပုတီးစိပ်နေကြ၏။ ပါးစပ်မှလည်း တိုးတိုးရွတ်နေကြ၏။

မနက်ပိုင်း ထမင်းစားပြီးလျှင် စကားဝိုင်းဖွဲ့ကြ၏။ စကားဝိုင်းမှာ ဦးကတုံးက ဦးဆောင်၏။

မဟာဗုဒ္ဓဝင်ကို ခင်းပြီး ...

သမထအကြောင်းကို ရှင်း၏။

ဝိပဿနာရဲ့အရသာကို အာချောင်၏။





ခါးပိုက်နှိုက်လက်ပွားက ယသော်ဓယာကန်တော့ခန်းကို အသံနေအသံထားနှင့် ရွတ်ပြလေ၏။ ကောင်းလိုက်တာ။

ဒီမှာ အားကျမခံ ဦးကတုံးက လယ်တီဆရာတော်ဘုရားကြီး၏ နိဗ္ဗိန္ဒတေးထပ်ကို အသံနှင့်ရွတ်ပြ၏။

"... အဝိဇ္ဇာ ပိတ်ကာဆို့ပါလို့ ... မိစ္ဆာမြို့ပြင်ပြင် ... ဣန္ဒြာလို့ စွဲထင်ရင် ..."

၎င်းနိဗ္ဗိန္ဒတေးထပ်ကို အစအဆုံးရွတ်ပြီးနောက် မမြဲသည့် အနိစ္စတရားကို ရှင်းပြဟောပြောလိုက်သည်မှာ သူ့က ထိုင်ရှိခိုးချင်စိတ်ပင် ပေါက်ခဲ့ရလေသည်။

သို့ကလို ဦးကတုံးက နိဗ္ဗိန္ဒတေးထပ်ကို ရွတ်ဆိုရှင်းပြလိုက်သောအခါ ဘိသိက်ဆရာကြီးရဲ့သား ခါးပိုက်နှိုက်လက်ပွားကလည်း အားကျမခံ ဆရာကြီး မဟာဂီတဦးပြုံးချိုရဲ့ တေဘုမ္မာသီချင်းခန့်ကို ဟစ်လေတော့၏။

"တေ ...တေဘုမ္မာ ...အနိစ္စ ...ဒုက္ခ ...အနတ္တနဲ့ ...တရားမရကြလို့ ...များလှသည့် သံသရာ ...ကာမောကာ ..."

ပြီး ...သူက အပုပ်ကောင်များ ရုပ်ဆောင်နေသည့်ဘဝကို ရှင်းပြန်၏။ ကျွန်တော်တို့ကား ဗဟုသုတ တစ်လှေတစ်မကြီးရ၍ လူထူးလူဆန်းပုဂ္ဂိုလ်ထူးများနှင့် ပါရမီရေစက်ဆုံ၍ ကြုံရလေခြင်းဟု သဘောပိုက်ကြ၏။

ဦးကတုံးကလည်း ကြားဖြတ်၍ ရေ၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါးအကြောင်းကို ပြောပြန်၏။ အဝိဇ္ဇာနှင့်ဝိဇ္ဇာကို ရှင်းပြန်၏။

ဒီမှာ ကိုကျော်မြင့်က နားညည်းလာ၍ မေးလေ၏။

"ဦးကတုံး ..."

www.burmeseclassic.com



"ဘာတုံး ... ဆရာကျော်"

"ဦးကတုံးက ဟိုအမှုနဲ့ နှစ်ကြိမ်ဝင်ခဲ့ဆိုဗျ"

"ဘာအမှုတုံး ဆရာ့ကျော်ရဲ့"

"ပုဒ်မ (၃၇၆) ..."

"ဩော် ... ဒါလား ... အင်း ... အင်း ..."

"လုပ်ပါဦးဗျ ...။ ဘယ်လိုကျူးလွန်းသလဲဆိုတာ ကျွန်တော်တို့လည်း ရှင်းပြပါဦး"

"မကောင်းပါဘူး ဆရာကျော်ရာ"

"ဘယ့်နှယ် မကောင်းရမှာလည်းဗျ။ ခင်ဗျား ကောင်းလို့ ကျူးလွန်ခဲ့တာပေါ့။ ပထမတစ်ကြိမ်ကတည်းက မကောင်းမှန်းတကယ် သိရင် မုဆိုးမအိမ်ပြီးတော့ ဟိုအပျိုမလေးကို ခင်ဗျား ကျူးလွန်မှာလား။ပြော ..."

ကိုကျော်မြင့်က ဖွတ်သမား။ ပြောရင်လည်း ချက်ကျလက်ကျ တုပ်နှောင်ပြီးမှ ပြောသည့်လူ။ နောက်ဆုံး အားလုံးက ဝိုင်းမေးမှ သူတော်ကောင်းကြီးက သူ ယုတ်ယုတ်မာမာ ကျူးလွန်ခဲ့သည့် မုဒိမ်းမှု အကြောင်းကို စိပ်ပုတီးကြီး လည်ပင်းမှာဆွဲရင်း အာပေါင်အာရင်းနှင့် အားရပါးရ ပြောပြလေတော့သတည်း။

❁ ❁ ❁

| ၅ |

❑

မိုးလင်းသောအခါ အဆောင်မှာ ပြဿနာတစ်ခုပေါ်ခဲ့သည်။ အမှုက ဆေးလိပ်ပျောက်သောအမှုပါ။

ဆေးလိပ်ပျောက်သူက နွားခိုးမှုနဲ့ရောက်နေသည့် ကျီးကန်း ဆိုသည့် အချုပ်သား။ ကျီးကန်းက ဆေးလိပ်ပျောက်သည့်ကိစ္စအား အခန်းလူကြီး ကိုဗျောကြီးကို တိုင်လေ၏။

"ဘယ်နှစ်လိပ် ပျောက်လို့တုံး ကျီးကန်း"

"ငါးလိပ် ... ကိုဗျောကြီး"

"ဘယ်မှာ ထားအိပ်လို့တုံး"

"ကျွန်တော့်ခေါင်းရင်းမှာ အကျီနဲ့ ထုပ်ပတ်ပြီးထားတာ။ မိုးလင်းလို့ကြည့်တော့ တစ်လိပ်မှ မရှိတော့ဘူး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး တန်းစီ ပုံစံထိုင်"

အခန်းလူကြီးကိုဗျောကြီးရဲ့ ပုံစံထိုင်ဟု အော်လိုက်သံကြောင့် ထောင်အချုပ်သားသုံးရာခန့်တို့ ပုံစံထိုင်၍ နားထောင်နေကြရ၏။

"ညတုန်းက နွားခိုးကျိုးကန်းရဲ့ ဆေးပေါ့လိပ်ငါးလိပ် အခိုးခံရတယ်။ အဲဒါ ဘယ်သူခိုးသလဲပြော။ ခိုးတာဝှက်တာ မလုပ်နဲ့လို့ ပြဌာန်းထားလျက်နဲ့ကွာ။ အမှန်အတိုင်းဝန်ခံရင် သက်သာမယ်။ ငါစစ်ဆေးလို့ပေါ်ရင် မင်းတို့ မသက်သာဘူး။ ပြော ... ကျိုးကန်းရဲ့ဆေးပေါ့လိပ် ဘယ်သူခိုးသလဲ"

မည်သူမှ မပြောကြ။ အားလုံးတိတ်လို့။

"ငါစစ်လို့ပေါ်ရင် နောက်တစ်မှုတိုးသွားမယ်နော်။ ပြော"

သုံးကြိမ်သုံးခါမေးသည့်တိုင် မည်သူမျှ ဝန်မခံကြ။ အခန်းလူကြီးကိုသာဗျောက မသက်သာသူများရဲ့ မျက်နှာများကို လိုက်ကြည့်သည်။

အဆောင်မှာ သူခိုး၊ ခါးပိုက်နှိုက်၊ အလစ်သမား များ၏။

"ကောင်းကြိုင်"

"ရှိ ..."

"မင်း ခိုးသလား"

"မခိုး ..."

"ဗေဒါ ..."

"ရှိ ..."

"မင်း ခိုးသလား"

"မခိုး ..."

"မှတ်ကြီး ..."





"ရှိ ..."

"မင်းရော ..."

"မခိုး ..."

"ညွှပ်ကြီး ..."

"ရှိ ..."

"မင်း ခိုးတယ်မဟုတ်လား"

"မခိုး ..."

"လက်ပွား ..."

"ရှိ ..."

"မင်းလက်ချက် မဟုတ်လား"

"မဟုတ် ..."

သူခိုးနှင့် ခါးပိုက်နှိုက်၊ အလစ်သုတ်သမား 'ဒ' ရှိသူများကို စစ်ဆေးမေးမြန်းသည့်တိုင် အားလုံးက မခိုးဘူးဟု ဆိုနေကြသည်။ ကျွန်တော်တို့ စားရေးဆရာအချုပ်ကျများကား သည်ခိုးမှုကို အခန်းလူကြီး ဘယ်လိုများဖော်ထုတ်မည်ကို စိတ်ဝင်စားနေကြ၏။

"ညတုန်းက ညကင်းကျ အချုပ်သားလေးဦး ထ"

ဒီမှာ အချုပ်သားလေးဦး ထရပ်၍ ပုံစံနှင့် ရပ်နေလိုက်၏။

"ညဦးပိုင်း ညကင်းကျတာ ဘယ်သူလဲပြော"

"ကျွန်တော် ... မှတ်ကြီး"

"ကျွန်တော် ... ငတိုး"

"မင်းတို့ ညကင်းလုံခြုံရေး ဘယ်အချိန်အထိလဲ"

"ညခုနစ်နာရီကနေ (၁၂)နာရီအထိပါ"

ညကင်းလုံခြုံရေးကျသူ အချုပ်သားများသည် အိပ်နေသူ



www.burmeseclassic.com

www.burmeseclassic.com



အချုပ်သားများရဲ့ လှုပ်ရှားမှုကို ကြည့်နေရ၏။ ချေးပါသေးပေါက် လုပ်သူများကို မှတ်ထားရ၏။ အချုပ်သားများကို ခြင်မကိုက်စေရန် ပုဆိုးပိုင်းနှင့် ခြင်လိုက်ယမ်းပေးရ၏။ မသင်္ကာလျှင် စစ်ဆေးမေးမြန်းခွင့်ရှိ၏။

"မှတ်ကြီးနဲ့ငတိုး (၁၂)နာရီအထိ ဘယ်သူ ချေးပါသေးပေါက်ထသလဲ"

"လုံးဝမရှိပါ"

"ကျိန်းသေလား"

"ကျိန်းသေပါတယ်"

"မင်းတို့ထိုင်။ ည(၁၂)နာရီကနေ မိုးလင်းပိုင်းအထိ ကင်းကျသူ ဘယ်သူလဲ။ ထ ..."

လူနှစ်ယောက်ပုံစံနှင့် ထရပ်လိုက်ကြသည်။

"နာမည်ပြော ..."

"စိုးကြီး ..."

"နောက်တစ်ယောက် ..."

"ချိုတူး ..."

"မင်းတို့တာဝန်ယူချိန်မှာ ဘယ်သူ ချေးပါသေးပေါက် လုပ်သလဲ"

"ဦးကတုံး ..."

"ပြီးတော့ရော ..."

"လက်ပွား ..."

"သူတို့ ဘယ်နားကိုသွားသေးလဲ"

နှစ်ဦးစလုံး မည်သူမျှမပြော။ ရေငုံနှုတ်ဆိတ်နေကြ၏။

"မေးနေတယ်လေ။ မပြောဘူးဟုတ်လား။ ဝါဒါကို ခေါ်လိုက်





စမ်းဟေ့"

ဝါဒါခေါ်လိုက်ဟု ပြောလိုက်သောအခါ ချိုတူးက ကြောက်ကြောက်လန့်လန့်နှင့် ပြောတော့၏။

"အခန်းလူကြီးခင်ဗျား ..."

"ပြော ... ချိုတူး"

"ညတုန်းက နှစ်နာရီမှာ လက်ပွားအိမ်သာတက်တယ်"

"ပြီးတော့ရော ..."

"နွားခိုးကျိုးကန်းရဲ့ အိပ်ရာနားကို သွားပါတယ်"

"လက်ပွား ... ထ"

ခါးပိုက်နှိုက်လက်ပွား ထပြီး ပုံစံရပ်လိုက်သည်။

"မင်း ကျိုးကန်းရဲ့အိပ်ရာနားကို ဘာသွားလုပ်တာလဲ"

"သူ ပုဆိုးလန်နေလို့ သွားဖုံးပေးတာပါ"

"မင်းနှမယောက်ျားမို့ သွားလုပ်ပေးတာလား"

"အမြင်မတော်လို့ပါ"

"ဒါ ထောင်ကွ။ ယောက်ျားတွေချည်း နေတဲ့အဆောင်။ အမြင်မတော်သလေး ရှက်သလေးနဲ့ ခွေးပါးစပ်က နတ်စကားထွက်လို့။ မင်းရပ်နေ။ ကျိုးကန်း ... ထ"

ဆေးလိပ်အခိုးခံရသူ ကျိုးကန်းက ပုံစံထရပ်လိုက်သည်။

"မင်းပျောက်တဲ့ ဆေးလိပ်နာမည်က ဘာလဲ"

"မကြွင်လှ နွားတံဆိပ်ဆေးလိပ်ပါ ခင်ဗျား"

"လက်ပွား ... မင်းရော ဘာတံဆိပ်သောက်သလဲ ပြော"

"ကျွန်တော်လည်း မကြွင်လှနွားတံဆိပ်ပဲ သောက်ပါတယ်"

"မင်းမှာ ဆေးလိပ် ဘယ်နှစ်လိပ်ကျန်သေးလဲ လက်ပွား"



www.burmeseclassic.com

www.burmeseclassic.com



"သုံးလိပ်ကျန်ပါတယ်"

"မင်း ဒီမနက် ဘယ်နှစ်လိပ်သောက်သလဲ"

"တစ်လိပ်"

"ဒီပြင့်လူကို ပေးသလား"

"ဦးကတုံး သောက်စရာမရှိလို့ တစ်လိပ်ပေးလိုက်ပါတယ်"

"ကျန်သုံးလိပ် ငါ့ဆီယူခဲ့"

ဒီမှာ ခါးပိုက်နှိုက်လက်ပွားက ကျန်ဆေးလိပ်သုံးလိပ်ကို အခန်းလူကြီး ကိုဗျောကြီးလက်ထဲသို့ ပေးအပ်လိုက်သည်။ ကိုဗျောကြီးက ဆေးလိပ်သုံးလိပ်ကို အပြီးပြန်ခေါင်းပြန် စစ်ဆေးလိုက်ပြီး ပြုံးလိုက်သည်ကို ကျွန်တော်တို့ ပုံစံထိုင်နေသူ အချုပ်သားများအားလုံး မြင်လိုက်ရ၏။

ခါးပိုက်နှိုက်လက်ပွားက ဘာမှအရေးမစိုက်သလို ရှိနေ၏။

"ကျီးကန်း ... မင်းရဲ့ မကြင်လှ (နွားတံဆိပ်)ဆေးလိပ်မှာ ထူးထူးခြားခြား မှတ်သားသင်္ကေတလုပ်တာမျိုး ရှိသလား"

"ရှိပါတယ် အခန်းလူကြီး"

"ရှိရင်ပြော ..."

"ကျွန်တော်ရဲ့ ဝါသနာခလေ့အရ ဆေးလိပ်ရဲ့ စက္ကူပတ်အမှတ်တံဆိပ်များကို လက်သည်းနဲ့ အလယ်ကောင်နေရာမှာ ဖြလှန်တွန့်ထားလေ့ရှိပါတယ် ခင်ဗျာ"

"လက်ပွား ..."

"ခင်ဗျာ ..."

"မင်းရော ... မင်းဆေးလိပ်ကို အမှတ်တရ သင်္ကေတလုပ်ထားတာရှိသလား"





"အဲ ... အဲ ... မရှိပါဘူး"

ဒီမှာပဲ အခန်းလူကြီး ကိုဗျောကြီးက ဆေးလိပ်သုံးလိပ်ကို ကိုင်လို့ လက်ပွားရဲ့အနီး ခြေလှမ်းကျဲကြီးနဲ့ လှမ်းလာ၏။

"လက်ပွား ... ဒီဆေးလိပ်ဟာ မင်းအိမ်က ထောင်ဝင်စာပို့တဲ့ ဆေးလိပ်လား၊ ညတုန်းက ကျီးကန်းဆီကခိုးခဲ့တဲ့ ဆေးလိပ်လား ကြည့်။ ရော့ ..."

ခါးပိုက်နှိုက်လက်ပွားသည် အခန်းလူကြီးပြသည့် မကြင်လှဆေးလိပ်သုံးလိပ်ကို ကြည့်ပြီး မျက်စိမျက်နှာပျက်လို့ တစ်ကိုယ်လုံးတုန်နေသည်။ အခန်းလူကြီးက အားလုံးမြင်သာအောင် ဆေးလိပ်သုံးလိပ်ကို ထောင်ပြလိုက်သောအခါ ဆေးလိပ်သုံးလိပ်ရဲ့ စက္ကူပတ်အလယ်သားနေရာသည် ဖြလန်ပြီး အောက်သို့ တွန့်ကျနေသည်ကို ထင်ရှားစွာ မြင်လိုက်ရသည်။

"လက်ပွား ..."

အခန်းလူကြီးရဲ့ခေါ်သံက မိုးကြိုးပစ်ချလိုက်သလို ဟိန်း၍ ပေါ်လာရကား လက်ပွား တုန်ခါ၍သွားတော့၏။

"မင်း ... ခိုးတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့။ ခိုး ... ခိုးမိပါတယ် ခင်ဗျာ"

"မင်းနဲ့ကြံရာပါ ဘယ်သူလဲ မှန်မှန်ပြော"

"ဟို ... ဟို ... ဟိုဒင်း ... ဟို ... ဦး ... က ... တုံး ... ပါ"

"ဟာ ..."

"ဟယ် ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး အံ့အားသင့်သွားခဲ့ရပါသည်။ ဆေးလိပ်ကြဲရာပါသူခိုးက ညစဉ် စိန်ရောင်ခြည်ဘုရားရှိခိုးကို ဖတ်မင်းသားလို၊ ဓမ္မကထိကလို လေယူလေသိမ်းနှင့် ရွတ်လေ့တိုင်ပေးလေ့ရှိသည့် ဦးကတုံး။ နေ့စဉ် ဘုရားစင်ရှေ့မှာ ပုတီးစိပ်၊ သမထထိုင်သလို လုပ်လေ့ရှိသော ဦးကတုံးဟု သိလိုက်ရသောအခါ ...''

''ကတုံး ...''

''ရှိ ...''

ဦးကတုံး မျက်စိမျက်နှာပျက်နှင့် ထရပ်လိုက်သည်။ အားလုံးရဲ့မျက်လုံးများက သူတို့နှစ်ဦးနှင့် အခန်းလူးကြီးရဲ့ မျက်နှာများပေါ်သို့ အလေးအနက် အာရုံစိုက်နေကြလျက် ...

''ကတုံးနဲ့ လက်ပွား ... မင်းတို့နှစ်ယောက်ဟာ ဒီအဆောင်၊ ဒီထောင်မှာ လက်ကောက်တွေပဲ။ အကျင့်မကောင်းသူတွေပဲကွ။ မင်းတို့ကို ကြည့်လိုက်ရင် ပါးစပ်ကနေ ဘုရားစာရွတ်လိုက်၊ ဂါထာရွတ်လိုက်၊ မဟာဗုဒ္ဓဝင်ပြောလိုက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ကြီးကြီးကျယ်ကျယ်ပြောလိုက်။

ပြီး ဘုရားစင်ရှေ့မှာ လူမြင်ကောင်းအောင် ပုတီးစိပ်ပြလိုက်၊ သမထထိုင်သလို လုပ်ပြလိုက်နဲ့ အမှန်က မင်းတို့နှစ်ယောက်က အယောင်ဆောင်တွေ။ လူမြင်ကောင်းအောင် ဟန်ရေးပြနေသူတွေ။ ခွေးမြီးကောက်ကျည်တောက်စွပ်လို မိစ္ဆာကောင်တွေ။ သူတော်ကောင်းယောင်ဆောင်နေတဲ့ မုဒိမ်းသမားနဲ့ ခါးပိုက်နှိုက် နောင်တတရား မရှိသူတွေပဲ။

ငါတို့ကတော့ နောင်ကြဉ်ပါစေတော့ဆိုပြီး ဘုရားစင်ရှေ့ နေရာပေးတယ်။ မင်းတို့က ပါးစပ်က ဘုရားစာအော်ရွတ်ပြီး ဒီအကျဉ်းထောင်ထဲရောက်နေသည့်တိုင် ခိုးနေတုန်းပဲ။ မင်းတို့အားလုံးသိအောင် ပြော





ပြမယ်။ အားလုံးမှတ်ထားကြ။

တစ်ချိန်တုန်းက ပေါဒီဘုရားစင်အောက်က ခါးပန်းသစ်သားတန်းမှာ ထောင်ကျကြီးတစ်ဦးက စာတစ်ကြောင်း ရေးသွားခဲ့ဖူးတယ်။ 'ငါဘုရားသည် အချဉ်မဟုတ်' တဲ့။ သူပြောချင်တာက မင်းတို့ထောင်ကျတွေ အပြင်မှာ ရာဇဝတ်မှုတွေ ကျူးလွန်ချင်တိုင်း ကျူးလွန်လာ၊ ထောင်ထဲလည်းရောက်ရော ဘုရားကယ်ပါဆိုပြီး ဘုရားစင်ရှေ့မှာ ပုတီးစိပ်ကြ၊ ဂါထာမန္တန်တွေရွတ်ကြ၊ အချိန်တန်လို့ လွတ်လည်းသွားရော ဘုရားကယ်ပါ။

နောင် ဒီလိုမျိုး မကျူးလွန်ပါဘူးဘုရားလို့ သစ္စာဆိုခဲ့ဖူးတဲ့ ပြစ်မှုကျူးလွန်သူ အတော်များများပဲ ဒီထောင်ထဲကို ပြန်ရောက်လာကြ။ တစ်ခါ ဘုရားရှေ့မှာပဲ ဟန်ရေးကောင်းကောင်းနဲ့ သစ္စာပြုပြန်ကြ။ အပြင်ပြန်ရောက်ရင် မကြာပါဘူး ဒီလူတွေပဲ ပြန်ဝင်လာကြ။ အဲဒါ အကြောင်းသိနေတဲ့ နှစ်ကြီးကျအကျဉ်းသား မျက်စိနောက်လို့ ရွံလွန်းလို့ ဘုရားကိုယ်စား သူက ဝင်ပြောတဲ့သဘောနဲ့ ရေးခဲ့တာ''

'ငါ ... ဘုရားသည် အချဉ်မဟုတ်' တဲ့။

မင်းတို့နှစ်ယောက်လည်း ထောင်ထဲမှာ ဘုရားစကား၊ တရားစကား အကြီးအကျယ်ပြောလားပြောရဲ့၊ လုပ်လားလုပ်ရဲ့၊ အကြောင်းမသိရင် နက်ဖြန်သဘက် ထွက်ရပ်ပေါက်မလိုလို၊ အရှင်ထွက်မလိုလို၊ အသေထွက်မလိုလိုနဲ့ နောက်ဆုံး မှတ်ကျောက်တင်ကြည့်လိုက်ရင် မင်းတို့ သူခိုးမုဒိမ်းက သူခိုးမုဒိမ်းပဲ။

ဘုရားစကား များများပြောတဲ့လူ၊ တရားအလုပ် များများလုပ်တဲ့သူဆိုတာ ဘုရားကြိုက်အောင်နေ၊ နတ်ကြိုက်အောင်၊ လူယုံကြည်အောင် နေပြ လုပ်ပြကျင့်ပြရတယ်။ မင်းတို့လူစားတွေ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို လိုမ့်လို့ ညာလို့ ဖြီးလို့ ရချင်ရမယ် ဘုရားကို လုံးဝမလိမ်နဲ့။

ဘုရားကိုလိမ်ရင် မြေကြီးအောက်က ဒယ်အိုးထဲမှာ အနှစ် ထောင်နဲ့ချီပြီး ထောင်ကျဦးမယ်ဆိုတာ မှတ်ထား။ အေး ...အခု ထောင်ထဲမှာ လိမ်၊ ညာ၊ ခိုးတဲ့အတွက် မင်းတို့နှစ်ဦး ရုံးအတင်ခံမလား ငါဆုံးမတာခံမလား။ ပြော ...”

“ကျွန်တော်တို့ မှားပါတယ်။ ရုံးမတင်ပါနဲ့။ အခန်းလူကြီး ဆုံးမတဲ့အတိုင်း နာခံပါ့မယ် ခင်ဗျား”

စိန်ရောင်ခြည် ကိုကာတုံးနှင့် ခါးပိုက်နှိုက်သူခိုး လက်ပွားတို့ က သနားစဖွယ် မျက်ရည်ခံထိုး၍ တောင်းပန်ကြသည်။

ထောင်စည်းကမ်းမှာ ...

ထောင်ကျဖြစ်စေ၊ အချုပ်ကျဖြစ်စေ ထောင်ထဲမှာနေစဉ် မခိုးရ၊ မဝှက်ရ၊ ရန်မဖြစ်ရ၊ လိင်တူချင်း ကာမမစပ်ယှက်ရ။ ၎င်းပြစ်မှု များ ထပ်မံကျူးလွန်သော် နောက်ထပ်အမှုသစ်ထပ်တိုးပြီး ပြစ်ဒဏ် စီရင်ခြင်းကို ထပ်ခံရလေ့ရှိသည်။

နဂိုမူလအပြစ်ဒဏ်နှင့် ပေါင်းလိုက်လျှင် လွတ်ရက်ပိုကြာ၊ ပို ဆိုးသွားလိမ့်မည်လေ။

သိပ်မကြာလိုက် ...

နံနက်ချိန်ခါ တေးသံသာစတော့၏။

အခန်းလူကြီးကိုဗျောကြီးရဲ့ ဗျောညွန့်တီးလုံးကို ကြားရတော့ သည်။

နားဝင်ပီယံရှိလေစွ ...။

✿ ✿ ✿

## | ၆ |

❑

ဒါ လွန်ခဲ့သည့် အနှစ်(၂၄)ကျော်လောက်တုန်းက အင်းစိန် အကျဉ်းထောင်မှာ ကျွန်တော်တို့ကြုံခဲ့ရသည့် အဖြစ်သနစ်များပဲဖြစ် ၏။ အဲဒီအချိန်တုန်းက အကျဉ်းထောင်မှာ တရားစစ်တရားမှန် ဓမ္မအသိ ကို စနစ်တကျ သွန်သင်ဆုံးမ ပြသမည့်သူမရှိ။

အယောင်အဆောင်တွေက များ၏။ အလိမ်တွေက များ၏။ အချို့ တကယ်အသိတရားရ၍ ဘုရား၊ တရားအသိနှင့် ပုတီးစိပ်၊ ဂါထာ ရွတ်ပြီး ကိုယ့်အမှုကိုယ်ရင်ဆိုင်ရင်း လွတ်မြောက်လို့ ထောင်ထဲကို လုံးဝ ပြန်မလာသူ လူကောင်း အနည်းအကျဉ်းလည်း ရှိကြပါသည်။

ယနေ့ မျက်မှောက်ခေတ်သို့ ရောက်သောအခါ ထောင်မှာ ရေသုံးအိမ်သာနှင့် ဖြစ်နေ၏။ ရေကို ဝဝလင်လင်ချိုးရ၏။ စာကြည့် တိုက်က စာအုပ်၊ သတင်းစာငှား၍ စာမျိုးစုံဖတ်ခွင့်ရ၏။ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိ၏။ အားကစားပြိုင်ပွဲများ ပါဝင်ယှဉ် ပြိုင်ခွင့်ရနေ၏။ စာသင်ခန်းအသီးသီးမှာ စာပေသင်ကြားခွင့်ရနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . ခုနစ်ရက်၊ (၁၀)ရက် တရားစခန်းများကို ကျွမ်းကျင်တတ်သိပညာရှင်များက အနီးကပ်ကြီးကြပ်၍ သင်ကြားပြသ ဆုံးမဩဝါဒပေး လေ့ကျင့်ပြုစုပျိုးထောင်ပေးနေရကား အကျဉ်းသားဘဝရောက်သည့်တိုင် လူ့အခွင့်အရေးနှင့် လူ့အသိတရား မဆုံးရှုံး၊ မနစ်နာကြ၊ ဓမ္မအစစ်ကို အနီးကပ်ရရှိကြသည်။

ခိုင်မာသော ဓမ္မသော ဓမ္မအသိနှင့် အနာဂတ်ကောင်းစားကြပြီး ဤဓမ္မအသိစစ်နှင့် တည်ရှိနေကြသော အကျဉ်းသား လူရွယ်မောင်မယ်တို့အား ဘုရားကိုယ်တော်မြတ်ကြီးကိုယ်စား ပြောပေးရမည်ဆိုလျှင် . . .

'ငါဘုရား ဝမ်းမြောက်ဝမ်းသာရှိပြီး ချစ်သားချစ်သမီးတို့ ကိုယ့်အမှားကိုယ်သိ၍ ကိုယ့်တရားကို ရှိလာကြပြီဆိုလျှင် ချစ်သားချစ်သမီးတို့ ရှေ့လျှောက်မင်္ဂလာဖိုနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီး လူကောင်းသူကောင်းများ ဖြစ်ကြကုန်လတ္တံ့။


သာဓု . . သာဓု . . . သာဓု . . .

ကိုယ်တိုင်သိလျှင် ကိုယ်တိုင် ကျင့်ကြံကြကုန်လော့။

ပဥ္စသီလလုံခြုံသမျှ ချစ်သားတို့ လောကီလောကုတ္တရာရှစ်ဖြာကောင်းကျိုးချမ်းသာကို ခံစားကြရကုန်အံ့။ သာဓု . . . သာဓု . . . သာဓု။

***မှတ်ချက်။ ။ အတုတွေပျောက်၍ အစစ်တွေ တောက်ပကြပါစေ။***

မောင်ညိုမှိုင်း(သန့်လျှင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တိုက်ကနေအဆောင်သို့ ပြောင်းရွှေ့ရမည်ဟု ကြားရသောအခါ ကျွန်တော်တို့အားလုံး ဝမ်းသာလို့မဆုံး။

ဒုက္ခဆင်းရဲကြီးတစ်ခုကနေ အပြီးတိုင်လွတ်မြောက်ပြီဟု ဝေဖန်ပြောဆိုကြသည်။

ဘယ်လိုအကျဉ်းသားသည် 'တိုက်' ဆိုသည့် အခန်းကျဉ်းလေးထဲမှာ ချောင်ပိတ်၍ နေချင်မည်နည်း။

အကျယ်အဝန်းက (၈×၁၂) သို့မဟုတ် (၈×၁၀)ပေ ဝန်းကျင်နီးပါးခန့်သာကျယ်သည်။ သုံးဖက်လုံးမှမိုးပိတ်။





ရှေ့မှာ သံတိုင်စိုက်တံခါးက လွှဝင်ပြီးလျှင် (၂၄)နာရီ သော့ခတ်ထားလျက်။ ကျားတစ်ကောင်၊ မျောက်တစ်ကောင်ကို လှောင်အိမ်ထဲ ထည့်ထားသည့်အတိုင်း။

ကျွန်တော်တို့ဘဝက ကျားတစ်ကောင်ဘဝထက် လူးလွန့်နေသာခွင့်မရ။ အကြောင်းကား တစ်ယောက်နှစ်ယောက်သာလျှင် နေရသည့် တိုက်ထဲမှာ စုစုပေါင်း ခြောက်ယောက်နေရသည်ကိုး။

အောက်ခံမွေ့ရာကား တောရွာ အလှူမသာမဏ္ဍပ် ဆွမ်းကျွေးမှာခင်းသည့် နီးကြမ်းဖျာများဖြစ်၏။

ဖျာက နှစ်ပေါင်းများစွာ တိုက်ခန်း၏ မဟာမိတ်တာဝန်ကို ထမ်းဆောင်ရသဖြင့် ထောင့်အနားများ ကျိုးပဲ့စုတ်လန်နေ၏။

နောင်သိရသည်မှာ ဖျာကြမ်းကိုချိုး၍ ဆေးတုတ်ခနောင်း လုပ်ကြသောကြောင့် ဖျာထောင့်စွန်းများ လန်ပြတ်ကုန်သည်ဟု သိရလေ၏။

ဟုတ်တာပေါ့။

မျက်မှောက်ခေတ် အကျဉ်းထောင် ပြုပြင်ပြောင်းလဲမှုလို ရေသုံးအိမ်သာမဟုတ်ပေ။

အကျဉ်းတိုက်ထုံးစံအတိုင်း အင်္ဂလိပ်ခေတ်ကတည်းက လက်စွဲဥပဒေအတိုင်း ဂန်ဖလားကို သုံးရသည်။

ဟိုတုန်းက ဂန်ဖလားက စဉ့်အိုးဖြစ်ပေသော်လည်း တိုက်ထဲမှာပင် အိမ်သာချေးအိုးသုံးဂန်ဖလားနှင့် ရန်ဖြစ်လျှင် ထုခွဲရိုက်နှက်နိုင်သည့် ဖြစ်စဉ်များ ရှိခဲ့ဖူးသောအခါ ကျွန်တော်တို့ရောက်ခဲ့သည့် ၁၉၈၉ ခုနှစ်ကာလတုန်းက ဂန်ဖလား (ချေးအိုး+သေးအိုး)သည် ပလတ်စတစ်ဖလုံအိုးများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ချေးအိုးကား အောက်မှာ ဖွဲပြာခံ၍ ချေးယိုရ၏။ ချေးယိုသော် လူငါးဦးရှေ့မှာ ထိုင်၍ ယိုရ၏။

ကိုအေးသိန်း (ဂီတဆရာ) ကား ရှက်၍ ချေးယိုမရသောကြောင့် ဝမ်းချုပ်ပြီး နောက်ဆုံး သွေးဝမ်းများသွားလို့ သေမလိုဘဝရောက်ခဲ့ရ၏။

(၎င်းအကြောင်းကို နရသိန်မဂ္ဂဇင်းမှာ ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။)

စက္ကူသုံးခွင့်မရှိ။ အဝတ်ပုဆိုးဟောင်းကို ဆုတ်ဖြဲ၍ ချေးကုန်းရ၏။

ကျွန်တော်တို့ရှေ့က စီနီယာအကျဉ်းသား၊ အချုပ်သားများက အဝတ်နှင့်သုတ်ကုန်းရတာ အားမရလို့ထင် အခင်းနီးကြမ်းများကိုချိုးပြီး ချေးတုတ်ခနောင်း လုပ်ရကား ...

ဆိုခဲ့သည့်အတိုင်း ... ကြာတော့ နီးကြမ်းဖျာသည် တစ်ဝက်ခန့်ပဲ ကျန်ရစ်ခဲ့သည့်ဘဝသို့ ရွေ့လျားပြောင်းလဲသွားခဲ့ရလေ၏။

အနီးတိုက်ခန်းကျဉ်းမှာ အကျဉ်းသား၊ အချုပ်သားတစ်ဦးချေးယိုနေလျှင် ကျန်လူများက နှာခေါင်းပိတ်၍ အော့အန်ကြရ၏။

"မြန်မြန်ယိုပြီး ပြာအုပ်ပါတော့ကွ။ အော့ ... အော့ ..."

"ဝေါ့ .. ဝေါ့ ..."

"မပြီးသေးဘူးလား ... မသာရ"

"ခုမှ ... ယိုလို့ကောင်းတုန်းဟ"

"ငါ .... မသား ... နံလိုက်တာကွာ ... အေ ... အော့နံလိုက်တာကွာ ... အေ ... အော့ ... ဝေါ့ ..."

ကိုခင်မောင်လေးကား ရှေ့နေပီပီ စကားပြောလျှင် ဥပမာ





ဥပမေယျနှင့် ပြောလေ့ရှိ၏။ ယခုလည်း နံဟောင်နေသည့်ချေးကို အမေနှင့်ရွာကိုလွမ်းတယ် သီချင်းဆိုရင်း ဖိမ်နှင့်ယိုနေ၏။

အနံ့မခံနိုင်၍ မြန်မြန်လက်စသိမ်းရန် ဝိုင်းပြောတော့ သီချင်းဆုံး သူလည်း အားရပါးရကိစ္စပြီးမှ ဖွဲပြာနှင့် အုပ်လိုက်၏။

ဒီတော့မှ ဆိုးဝါးလှသော မစင်အနံ့သည် ပျောက်၍သွားလေ၏။ သေးအိုးကား အဖုံးလေးရှိ၍ တော်သေး၏။

စားလည်း သေးအိုးချေးအိုးအနီး။

အိပ်လည်း သေးအိုးချေးအိုးအနီး။

အညောင်းပြေ လမ်းလျှောက်စရာနေရာမရှိ။ အိပ်လို့ ကျောဆန့်လျှင် ချေးအိုးကို ခြေဖဝါးက ဦးတိုက်ရသေး၏။

ကိုင်း ... ဘယ်လိုအကျဉ်းသား အချုပ်သား ဒီလို 'တိုက်' ဆိုသည့်နေရာမျိုးမှာ ကြာရှည်နေချင်မှာနည်း။

အချို့ အအေးကိုင်၍ လေဖြတ်သွား၏။

ရင်ကျပ်ပန်းနာဖြစ်၏။ ဝမ်းချုပ်ရောဂါဖြစ်၏။ မွန်းကျပ်လှောင်ပိန်းပြီး ပြင်ပနှင့် လုံးဝအဆက်ပြတ်၍ အူကြောင်ကြောင် ဦးနှောက်ချောင်သည့်ရောဂါဝေဒနာ ခံစားရလေ၏။

ကောင်းပြီ။

မနေအပ်သော အရပ်မှန်းသိလျက် ဘာလို့ ရောက်လာကြသနည်း။

ဘယ်သူမပြု မိမိဘာသာပြုသည့် 'ကံ' အလုပ်ကြောင့် ဒီလိုနရသိန်အကျဉ်းတိုက်သို့ ရောက်လာရခြင်းသာ။

တိုက်ဆိုတာ ...

အလွန်ဆိုးသွမ်းကြမ်းတမ်းသူများ၊



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်သား လူသတ်သမားကြီးများ၊

ရာဇဝင်လူဆိုးများ၊

ထောင်ထဲရောက်မှ နောက်ထပ်ပြစ်မှုအသစ် ကျူးလွန်ကြသူများ၊

အဲဒီ လူထပ်ဆင့် ရာဇဝတ်မှု ကျူးလွန်ကြသူများကျတော့ သံခြေချင်းခြေထောက်မှာ ခတ်ထားရသေး၏။

အဲဒီသံခြေချင်းနှင့်ပင် အထဲမှာ အချင်းချင်း အခန့်မသင့်လို့ စကားများလျှင် လည်းပင်းကို နင်းဖိ၍ သတ်ကြသေး၏။

အကျဉ်းအကျပ် မနေအပ်သောအရပ်။

အဲဒီတိုက်အကျဉ်းအကျပ်မှ အဆောင်သို့ ပြောင်းရွှေ့ရမည်ဟု ကြားရသောအခါ ...

ထီပေါက်သကဲ့သို့ ဝမ်းသာကြရလေ၏။

ကိုခင်မောင်လေးကား ဝမ်းသာလွန်း၍ အဆိုတော်ကိုအံ့ကြိုး၏ ...

“ ×× ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရေတစ်ပြင်တည်း ××× ရှေးကထက်ပိုမိုချစ်ကြတယ် ×××

သီချင်းကိုဆို၍ ထော့နင်းတော့နင်းနှင့် က,လေ၏။

အကျဉ်းတိုက်ကို ကြီးကြပ်ရသည့် ထောင်ဝါဒါတပ်ကြပ်ကြီးကား ကျွန်တော်တို့ အပျော်ကိုကြည့်ပြီး သူပါရော၍ ကြည်နူးဝမ်းသာနေသည့်အပြုံးကို ယနေ့တိုင် မြင်ယောင်နေသဲ။

✿ ✿ ✿

[ ၂ ]

❑

ကျွန်တော်၊ ဦးချစ်သန်းမြင့်၊ ကိုအေးသိန်း၊ ကိုခင်မောင်လေး၊ ကိုလှမြင့်နှင့် ကိုကျော်မြင့်တို့ (၇)ဆောင်သို့ ရောက်ခဲ့ကြပြီ။

ကျွန်တော်တို့နှင့်အတူ ....

သုံးတိုက်၊ လေးတိုက်မှ လူများလည်း ပါလာကြသည်။

အဆောင်ကား လွန်စွာ လေကောင်းလေသန့် ရလေ၏။ ဤ (၇) ဆောင်သည် ၁၉၈၈ အရေးအခင်းကာလမတိုင်ခင်က အမျိုးသမီးဆောင်ဟုသိရ၏။

(၈၈) အရေးအခင်းကာလပြီးတော့ အမျိုးသားအချုပ်သားများထားသည့် နှစ်ထပ်ဆောင်ဖြစ်လာ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာ ကျွန်တော်တို့ တိုက်ထွက်အချုပ်သားများနှင့် ရာဇဝတ်သား အမျိုးမျိုးရှိနေ၏။

အဲဒီမှာ အောက်ထပ်မှာကား ရဲဘက်အလုပ်စခန်းပြန် (ဂိ) ခေါ် မကျန်းမာသူထောင်ကျများရှိ၏။

(ဂ)ဆောင်သည် ထောင်အုတ်ရိုးနှင့် ကပ်နေသဖြင့် ပြင်ပ လူသံသူသံကို ကြားရ၏။ ကျွန်တော်တို့ အပေါ်ထပ်မှစီး၍ ကြည့်လိုက် လျှင် အဝေးကားလမ်းမကြီးမှ လှုပ်ရှားမှုများကို မြင်နေရသဖြင့် တိုက် အကျဉ်းခန်းမှာ နေရစဉ်ကထက် စိတ်ချမ်းသာဖွယ်ကောင်း၏။

အချိန်မှန် မျက်နှာသစ်ရ၏။ ရေချိုးရ၏။ ထမင်းကို တန်းစီ ဆွဲစားရ၏။ မိတ်သစ်ဆွေသစ်များ တိုး၏။ စားပြီးသော် မြေကြီးကို နင်း၍ လမ်းလျှောက်ခွင့်ရ၏။ ကောင်းလေစွ။

အခင်းကြီးအခင်းငယ်ကို အိမ်သာဟု သတ်မှတ်ထားသည့် လုံလုံခြုံခြုံနေရာမှာ ဆေးပေါ့လိပ်ခဲ၍ ဖိမ်နှင့် မရှက်မကြောက် သွား လို့ရ၏။

ညအိပ်လျှင် ညစောင့်ဘာယာက ပုဆိုးပိုင်းနှင့် အချုပ်သား သုံးလေးရာကို ခြင်ယမ်းပေးနေ၏။

စိတ်ကလေး ချမ်းသာမည် ကြံခါရှိသေး ...

စိတ်နောက်ညစ်ညူးစရာများကို တဖြည်းဖြည်း တွေ့လာရ ၏။ ဒီမှာ အခန်းလူကြီး (ဘထွားဟုပဲ ဆိုပါစို့) ပ,စားပေးထားသည့် ချာတိတ်လေးတစ်ဦးရှိ၏။ 'နီတွတ်' ဟု ခေါ်၏။ ကောင်လေးက အသက် ရှိလှမှ (၁၆)နှစ်ဝန်းကျင်ခန့်သာ ရှိလိမ့်မည်။ ပုပုသေးသေး ပိန်ပိန် လေး။

သို့သော် အခန်းလူကြီးဘထွားက ပ, စားပေးမွေးစားထား၍





လူစွာကျယ်ကလေး ဖြစ်နေ၏။ သူ့လက်ထဲမှာ ကြိမ်လုံးလေးတစ်ချောင်း အမြဲကိုင်ထားပြီး အချုပ်သားသုံးရာကျော် တန်းစီပုံစံထိုင်လျှင် သည် ကောင်လေးနီတွတ်ကပါ ဝင်၍ ဩဇာပါဝင်ပြလေတော့၏။

"အားလုံးတန်းစီ ... ပုံစံထိုင်"

"နှစ်ခါမပြောဘူးနော် ... ကြိမ်လုံးတွေ့လား"

"ရှမ်း ..."

"အား ..."

"ဘာလို့ ဘေးကိုထွက်နေတာလဲ။ ဟိုဘက်တိုး ..."

"ဒါ ... ထောင်။ မင်းတို့ ခင်ဗျားတို့မြို့က အချုပ်လို ပေါ့ ပေါ့နေ ပေါ့ပေါ့စား လုပ်လို့မရဘူး။ နားရွက်ပြတ်ချင်လား၊ အရိုးထပ် ချင်လား"

"ရှမ်း ..."

"အား ..."

"နောက်ကို လှည့်မကြည့်နဲ့။ မင်းအဖေမရှိဘူး"

နီတွတ်က အမြင်မတော်ရာ၊ ထောင့်မကျိုးရာမှန်သမျှကို ကြိမ် လုံးနှင့်ရိုက်၍ ပြောလေ၏။

ဒီကိစ္စကို လူသတ်မှုနှင့်ကျလာသူရော၊ ဓားပြမှုနှင့်ကျလာသူ ရော၊ သူခိုးခါးပိုက်နှိုက်ရော မည်သူမျှ ကဏ္ဍကောစ မလုပ်ရဲကြ။

သူ့ကို အခန်းလူကြီးနှင့် အခန်းစာရေးတို့ အပါအဝင် အခန်း လူကြီးရဲ့ လက်ပါးစေကိုယ်ရံတော် စီနီယာအချုပ်သား လူမိုက်များက နေရာပေး သူကောင်းပြုထားသည်ကိုး။

ကိုယ့်သားကိုယ့်တူအရွယ် သူခိုးကြမ်းပိုးလေးကများ ငါတို့ကို ဒီလိုနှိပ်စက်လို့ရမလားဆိုပြီး ပြန်မတုံ့ပြန်လေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်လိုက်သော် အခန်းလူကြီးရဲ့ တပည့်လက်သားအုပ်စု လက်ချက်မိပြီး သတိလစ်သွားလိမ့်မည်။

သတိပြန်ရလျှင် ကိုယ့်ကို အဆောင်ပြောင်းလိမ့်မည်။ ဒါမှ မဟုတ် ဝါဒါများကို သည့်ထက်ပိုပြောပြီး တိုက်ခန်းအရောက် 'ချွန်' လိုက်လျှင်ဘဝက ပိုနာသွားလိမ့်မည်။

မည်သူမျှ 'တိုက်' လို အကျဉ်းအကျပ်မှာ မနေချင်ကြ။

ဒီတော့ အားလုံးကို သည်းခံရသည်။ သည်းခံနိုင်လျှင် ရန်လည်း ငြိမ်းသည်။ ဒီနေရာက ကိုယ့်မြို့ကိုယ့်ရွာမဟုတ်။ ကိုယ့်အပိုင်သား မရှိ။ ကိုယ့်အပိုင်သား လူခံရှိနေလျှင် နေရတာထိုင်ရတာ နည်းနည်းချောင်သည်။

အပိုင်သားမရှိလျှင် ...

ဆရာသမားမရှိလျှင် ...

အပေးကမ်းအရှိအသေ မရှိလျှင် ...

နရသိန်လိုနေရာမျိုး ကြက်ဖလိုမနေနှင့်၊ ကြက်မလိုနေ။

မတွန်နှင့်။ ကတော်သံသာပေး။ အဲဒါ အေးချမ်း၏။

ဒီမှာ အခန်းလူကြီးဘထွား ပ,စားပေးနေရာပေးထားသူ မွေးစားသားနှစ်ဦးရှိသည်ကို ကျွန်တော်တို့ တဖြည်းဖြည်းချင်း သိလာရလေ၏။

ပထမ မွေးစားသားလေးကား ...

ကြိမ်လုံးတရှမ်းရှမ်းနှင့် လူမိုက်ရိုင်းလေး 'နီတွတ်'။

ဒုတိယ မွေးစားသားလေးကား ...

"အကျော့ (ခေါ်) မောင်ကျော့ခင်'ဆိုသူလေးတည်း။ အကျော့သည် အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက် လှလှလေးနှင့် ချစ်စရာ





ကောင်းသည့် လူငယ်လေးဖြစ်၏။

နီတွတ်နှင့် ရွယ်တူဖြစ်၏။

မျက်နှာကျက မိန်းကလေးရုပ်နှင့် ဆင်လေ၏။ မိန်းကလေးရုပ်နှင့်ဆင်ဆင်တူ၍ အခန်းလူကြီး ဘထွားတို့အုပ်စုက မောင်ကျော့ခင်ဟုမခေါ်၊ 'အကျော့'ဟု ခေါ်၍ မွေးစားထားလေ၏။

'အကျော့' မွေးစားခံရသည့် ရင်နင့်စရာဘဝကို မပြောခင် နရသိန်အခန်းလူကြီး လူစွာလူမိုက်တို့၏ စရိုက်သဘာဝခံယူချက် အပြုအမူ ပြောင်းပြန်ကျနေသည့်ဘဝကို ရေးပြပြောမှ ...

ဪ ... နရသိန်ဆိုတာ ရွံရှာစက်ဆုပ်ခါးသီး ကြောက်လန့်စရာနေရာပါလား။

အမှန်တကယ် မရောက်အပ်၊ မနေအပ်သောအရပ် ဖြစ်နေပါလားဟု စာဖတ်သူ လူငယ်လူရွယ်လူကြီးများ ခံစားနားလည် သဘောပေါက်၍ လက်ဆင့်ကမ်း ဟန့်တားဆုံးမ သတိပေးနိုင်ဖွယ်ရာကို ရှေးရှုလို့ ဘဝဖြစ်ရပ်မှန်ကို ပြန်လည်ရေးသားရခြင်း ဖြစ်ပေသည်။

(ယခုအခါ အင်းစိန်အကျဉ်းထောင်သည် အစစအရာပြုပြင်ပြောင်းလဲမှုများနှင့် အကျဉ်းသားအချုပ်သားဘဝကို ဘက်စုံမြှင့်တင်ပြုစုစောင့်ရှောက်နေပါသည်။

သောက်ရေသန့်ရသည့် ရေသုံးအိမ်သာဖြစ်နေပြီး စာကြည့်တိုက်ရှိပြီး စာဖတ်ခွင့်လည်းရနေသည်။ ချိုးရေလည်း လုံလုံလောက်လောက် ချိုးနိုင်အောင် စီစဉ်ပေးထား၏။ စားရေးသောက်ရေး အာဟာရပြည့်ဝသည်။

ဒါအပြင် တရားစခန်းများ၊ အားကစား ကျန်းမာရေးဆိုင်ရာပြိုင်ပွဲများ ကျန်းမာရေးဝန်ဆောင်မှုများမှာလည်း အားရကျေနပ်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်လာအောင် သက်ဆိုင်ရာမှ ဘက်စုံအဆင့်မြှင့်ဆောင်ရွက်ပေး ထားပြီဟု သိရပါသည်။

သို့သော် . . . ထောင်ဆိုသည် ရောက်ကောင်းနေအပ်သည့် အရပ် မဟုတ်ပါသောကြောင့်၊ ဖြစ်နိုင်လျှင် ဥပဒေဘောင်အတွင်းကောင်း သောနေထိုင်ခြင်းဖြင့် ထောင်ထဲမရောက်အောင် ကြိုးစားကျင့်ကြံ ပြုမူ နေထိုင်ကြပါကုန်။)

✿ ✿ ✿

| ၃ |

❑

တစ်နေ့ မုဒိမ်းမှုနှင့်လူကြီးတစ်ဦး ကျွန်တော်တို့(၇)အဆောင်သို့ ရောက်လာခဲ့လေ၏။

အချုပ်မှာပဲဖြစ်စေ၊ ထောင်မှာပဲဖြစ်စေ မုဒိမ်းမှုနှင့်ရောက်လာလျှင် အဲဒီရာဇဝတ်သားကို လူသတ်မှုကျူးလွန်သူထက် ပို၍ ရွံရှာစက်ဆုပ်ကြလေ၏။

အခု မုဒိမ်းမှုနှင့် ရောက်လာသူကြီးကား အသက်အတော်ကြီးလေပြီ။ ထုံးစံအတိုင်း အဆောင်သို့ရောက်သောအခါ လူကြီးကို အခန်းလူကြီးနှင့်အဖွဲ့က ကောင်းစွာ ပညာပေးကြလေ၏။

*(မှတ်ချက် ။ ။ ဤသရုပ်ဖော်ခန်းကို ကျွန်တော် မရေးချင်ပါ။ သို့သော် လွန်ခဲ့သည့် ကာလတစ်ခုတုန်းက မုဒိမ်းမှုနှင့် ဝင်လာသူကို အချုပ်သား၊ အကျဉ်းသားတို့ မည်မျှ စက်ဆုပ်ရွံရှာ အော့နလုံးနာ*



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို နောင် ဒီလို မှဒိမ်းမှုမျိုးကျူးလွန်သူတို့ ကြုံ၍ သဘော ပေါက်နားလည်စေချင်သောကြောင့် မရေးမဖြစ် ရေးလိုက်ရခြင်း ဖြစ်ပါသည်။ မည်သူမဆိုဖတ်မိပြီး ဆင်ခြင်တုံတရား ရှိကြပါစေသတည်း)

"ပုံစံထိုင်"

"နာမည်"

"သူတော်"

"သူတော် ... ဟုတ်လား"

"ဟုတ်"

"ပြောင်း ..."

"အင်း ... အမလေးဗျ ..."

"လူကြီးရဲ့နာမည်ကို ကြားသောအခါ အခန်းလူကြီးက နားရင်းတစ်ချက် ဖျင်းလိုက်သည်။ အားခနဲအော်ပြီး ပုံစံပျက်သွားတော့ နောက်ကျောကို နံတွတ်က ကြိမ်လုံးနှင့် ထပ်ဖျင်းလိုက်၏။

"အဖအမည်"

"ဦးချစ်"

"အင်း ... အသက်"

"၅၅ နှစ်"

"နေရပ်လိပ်စာ"

"အမှတ် ( .... ), ( .... ) လမ်း, ( .... ) မြို့"

"ပြစ်မှု ..."

"မုဒိမ်းမှု"

"ဘယ်အရွယ်ကို ကျင့်ခဲ့သလဲ"





မုဒိမ်းသမား ကိုသူတော်က မပြော။ ဖျင်းလိုက်မှ ပြောတော့၏။

"၁၅ နှစ်သမီး"

"သေဟ ... လူယုတ်မာ ..."

"ပြောင်း ..."

"အား ..."

"ကိုယ့်မြေး ကိုယ့်သမီးလောက်ကို လုပ်ဦးဟ"

"ဖောင်း ..."

"အား ... သေပါပြီခင်ဗျ"

"ထိုင် ... ပုံစံပြန်ထိုင်"

"အား ... ကျွတ် ... ကျွတ် ... ကျွတ် ..."

"ပုဆိုးချွတ်လိုက်စမ်း"

"ဗျာ ... ဗျာ ..."

"ဖောင်း ..."

"အား ... အမလေးဗျ ..."

"ခုမှရှက်နေ ဟုတ်လား။ သူများသားသမီး မြေးအရွယ်လေးကို အလိုမတူဘဲ ပါးစိပ်ပိတ်၊ ဟိုဒင်းပြုတုန်းကတော့ မရှက်ဘူး။ ခုမှ ရှက်နေတယ်ပေါ့။ သူတော်ကောင်းကြီး၊ နာဘူးကြီး ... ကိုယ့်အသက်အရွယ်မှ ကိုယ်အားမနာဗျာ။ ဘုရားတရားနဲ့ မနေဘူး။ ချွတ်လိုက်"

နောက်ဆုံး မုဒိမ်းကောင် ကိုသူတော်ခမျာ ယောကျ်ားသားများရှေ့မှာ ပုဆိုးကွင်းလုံး ချွတ်လိုက်ရတော့သည်။ သူ လွန်စွာရှက်နေ၏။ အချုပ်သားများက သူ့ကိုဝိုင်းကြည့်ပြီး ရယ်ကြလှောင်ကြ၏။

"မိန်းမရော ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ ... ပါ ... တယ်"

"မိန်းမရှိတဲ့ကြားကတောင် သောင်းကျန်းချင်ဦး"

"ဗုန်း ..."

"အား ..."

"ခွပ် ..."

"အင်း ..."

သည့်နောက် ကိုသူတော်ကို ဝိုင်းချုပ်၍ လေးဖက်ထောက်နိုင်းပြီး သူ့စအိုထဲသို့ ငရုတ်သီးအစိမ်းတောင့်ကို ချိုး၍ ထိုးထည့်မွှေပေး၊ သွင်းလိုက်ထုတ်လိုက် လုပ်လိုက်သောအခါ မုဒိမ်းသမားကိုသူတော် လူးလွန့်တွန့်ပြီး 'အမလေးဗျ ... ကြောက်ပါပြီဗျ' နှင့် အော်နေရတော့သည်။

"ဘယ်လိုနေလဲ"

"စပ် ... စပ် ... ပူ ... ပူ ..."

"ဖောင်း ..."

"ကောင်းတယ်လို့ပြော"

"အား ... ပူ ... ပူ ... စပ် ... စပ် ..."

"ဖြန်း ..."

"သူများသားသမီးကို အဓမ္မကြံစည်တုန်းက မင်းအရသာရှိပြီး ကောင်းခဲ့တယ်မဟုတ်လား။ အခု ... မင်းအလှည့်။ ကောင်းတယ်လို့ပြော။ ပြော ... ပြော ... ကဲဟာ ... ကဲဟာ ..."

"အား ... ကြောက်ပါပြီ ဆရာတို့ရဲ့။ အမလေးဗျ ..."

"ကောင်းတယ်လို့ပြော"

"အား ... အ ... အမလေး ..."

စိတ်ကူးသစ်စာပေ



"ကောင်းလား ..."

"ကောင်း ... ကောင်း ..."

"ကောင်းရဲ့လား ... သူတော်"

"ဟုတ် ... ဟုတ် ... အား ... မလေးဗျာ ... သေပါပြီဗျာ ..."

နောက်ဆုံး မုဒိမ်းသမားကိုသူတော် စအိုပူစပ်၍ ကြမ်းပြင်ပေါ်မှာ ထွန့်ထွန့်လူး အော်ဟစ်နေသည်။

"မှတ်ထား သူတော်။ မင်း အခုခံစားရသလို မင်းကျူးလွန်ခဲ့တဲ့ မိန်းကလေးခများမှာလည်း အဲဒီလို အလူးအလဲ ခံစားရမှာပဲ။ မင်းကိုယ်ချင်းစာလို့ရအောင် ဒါ ငရုတ်သီးတောင့်နဲ့ နမူနာပြတာ။ မင်းကို ယောကျ်ားတန်ဆာနဲ့ သက်သေပြလိုက်ရမလား"

"မ ... မလုပ်ပါနဲ့ ... အစ်ကိုတို့၊ ဆရာတို့ရယ်။ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား"

"မင်း နောင်တရပြီလား"

"ရ ... ရ ... ပါပြီ ... ခင်ဗျာ"

"သွား ... ရေဆေး။ နောက်တစ်ကြိမ် ဒီလိုပြစ်မှုမျိုးနဲ့ ဒီနေရာကိုရောက်လာခဲ့ရင် မင်း ဖင်နှစ်ခြမ်း ဗျမ်းဗျမ်းကွဲသွားမယ်။ နားလည်လား ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

ကိုင်း ... အဲဒါ မုဒိမ်းမှုနဲ့ဝင်လာခဲ့ရင် အချို့ အကျဉ်းထောင်၊ အချုပ်ထောင်မှာ အခြေအနေအရ ပညာပေးတဲ့နည်းပဲ။

ကိုယ်ချင်းစာလို့ ရကြမည်ထင်ပါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

သို့သော် ...

သို့သော် ...

သို့သော် ...

ကိုယ်ချင်းမစာသူများ ရှိကြလေရဲ့။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး၊ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး လုပ်ကြသူတွေ ရှိကြလေရဲ့။

ပါးစပ်က ဘုရား ... ဘုရား၊ လက်က ကားရားကားရား။

ထို့ ... ထောင်ထဲကိုရောက်မှ ဒေါသကို မနည်းချုပ်တည်းထားရသည်။

စိတ်ရှိလက်ရှိသာ ပြောရလုပ်ရ ရေးရလျှင် ကျော်မကောင်းကြားမကောင်း ဖြစ်ကုန်ရော့မည်။





ဣဋ္ဌာရုံနည်းနည်း အနိဋ္ဌာရုံချည်းများများ ဖြစ်နေသည်။

အေးလေ ... ဒါ အိမ်မဟုတ်ဘူး။ စာသင်ကျောင်းမဟုတ်ဘူး။ ဘုန်းကြီးကျောင်းမဟုတ်ဘူး။ တရားစခန်းမဟုတ်ဘူး။

ထောင် ...။

လူဆိုးလူမိုက်နှင့် ဥပဒေဆန့်ကျင်သူ လူသွမ်းတွေ လှောင်ထားသည့်နေရာ။ ခွေးမြီးကောက် ကျည်တောက်စွပ် များသည့်နေရာဥစ္စာ။ ကိုယ်ဖြစ်ချင်တာမျိုး ဘယ်လိုလုပ်ဖြစ်မှာလဲ နော့ ...။

ကြည့် ...။ အခန်းလူကြီးဘထွားတို့ လုပ်ပုံနှယ်။

ညဘက် အိပ်ချိန်ရောက်လျှင် (၁၁) နာရီ၊ (၁၂) နာရီနီးပါးရောက်လျှင် တိုးတိုးတိတ်တိတ် လှုပ်ရှားကြတော့သည်။ လုပ်ပုံက ဒီလို။ ထောင်အဆောင်ရဲ့ခေါင်မိုးက အခင်းကြမ်းပြင်ကနေ လူနှစ်ရပ်အမြင့်မှာရှိ၏။ ဒါပေမဲ့ သုံးပေပတ်လည်ခန့် လူဝင်ပေါက်တစ်ခုတော့ မျက်နှာကြက်မှာရှိ၏။

ဘထွားတို့အုပ်စုသည် ညဥ့်နက်သည်နှင့် တစ်ယောက်ပခုံးတစ်ယောက်တက်ဆင့်ရပ်ပြီး အကျော့ဆိုသည့်ကောင်လေးကို မျက်နှာကြက်အပေါ်ထပ်သို့ တွန်းတင်ကြ၏။

သည့်နောက် တစ်ယောက်က လိုက်ဝင်သွား၏။

ပြီး ... ၎င်းလူ ပြန်ဆင်းလာပြီးလျှင် နောက်တစ်ယောက်တက်သွားလေ့ရှိ၏။

အဲဒီလိုအပြုအမူကို နှစ်ညခြား သုံးညခြား ပြုလုပ်ကြ၏။ ကျွန်တော်တို့ရောက်စက ဘာလုပ်တာလဲဟု သိချင်စပ်စုသောအခါ ...

'မမေးနဲ့' ဟု ပိတ်ပင်သည်လည်းရှိ၏။

ထပ်ခိုးမျက်နှာကြက်ပေါ်မှာ ကြွက်သေနံ့ရ၍ တက်ရှာကြသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ဆိုသည်လည်းရှိ၏။

နီးရာလူကို မေးလို့လည်းမရ။

သူတို့ထဲမှာ မိန်းမလျာလို ခပ်နွဲ့နွဲ့လည်းပါ၏။ သူတို့ကို အခန်းလူကြီးနှင့် ကြံရာပါများက သွေးဆောင်ဖြားယောင်းလို့မရ။

ဟိုက ပညာတတ်များ။

သူတို့ယုံကြည်ချက်၊ သူတို့ခံယူချက်နှင့် သီးခြားနေသည်။ ကျွန်တော်တို့ စာရေးဆရာများကိုတောင် သိပ်အရောမဝင်။

သို့သော် သူတို့အုပ်စုလည်း ကျွန်တော်တို့အုပ်စုလို ညဘက် အဲဒီလှုပ်ရှားမှုကို သိချင်နေကြသည်။

သူတို့ အပေါ်ကျပ်ခိုးပေါက် မျက်နှာကြက်ပေါ်တက်၍ လှုပ်ရှားလိုလာလျှင် ဘထွားနှင့်အဖွဲ့က အမိန့်ထုတ်တော့သည်။

"အားလုံး အိပ်နော်။ ခေါင်းထောင်မကြည့်နဲ့"

"ခေါင်းထောင်ကြည့်ရင် ခေါင်းအကွဲ"

"လျှာရှည်ရင် လျှာအပြတ်ပဲ။ အိပ်ချိန်အိပ်၊ ဟိုကြည့်ဒီငေးမလုပ်နဲ့။ ဘာညာသာရကာလျှာရှည်ရင် အသေထွက် ထွက်သွားရမယ်။ ကြားလား ..."

သူတို့အုပ်စုနဲ့ ကျားဟိန်းခြင်္သေ့ဟိန်း အသံများကြောင့် မည်သူမျှမလှုပ်ရဲ။ အစောင့်ဝါဒါများ ဟိုအောက်ဘက် မြေပြင်ကင်းတဲထဲမှာပဲနေကြ၍ အပေါ်ထပ်လှုပ်ရှားမှုကို သိပ်မသိကြ။

လှေကားမှတက်လာလျှင် သတိပေးရန် သူတို့က အဝင်ဝနေရာမှာ လူအချုပ်သားကင်းစောင့် ချထားလိုက်သေး၏။

ကျွန်တော်တို့ကား စာရေးဆရာပီပီ စပ်စုဝါသနာပါ၏။ သို့ဖြစ်၍ အိပ်ရင်းက မျက်လုံးဖွင့်ကြည့်၏။ ထုံးစံအတိုင်း လူဆင့်ရပ်ပြီး





'အကျော့' ကို အရင် အပေါ်ပေါက်ထဲသို့ ပင့်သွင်း၏။

နောက် တစ်ယောက်ပြီးတစ်ယောက် ဝင်လိုက်ဆင်းလိုက်။

နောက်တော့ ၎င်းလှုပ်ရှားမှုကို သိလိုက်ရသည်။ အခန်းလူကြီးဘထွားနှင့် သူ့လူများက မိန်းမလျာအကျော့လေးကို ဟိုးမျက်နှာကြက် အပေါ်စင်မှာတင်၍ ...

ဗွီ ... ရက်စက်ယုတ်မာလိုက်သည့် ကောင်တွေ။

ပါးစပ်ကပြောတော့ မုဒိမ်းမှုနဲ့ဝင်လာရင် လူမဆန်တဲ့အလုပ်မို့ အသေပဲဆိုပြီး ပညာပေးတော့သူတို့။

အခု သူတို့က ပိုလို့ ယုတ်မာကြသေးသည်။

အဲဒါ အဆောင်ရှိလူအများ သိကုန်ကြသည်။ သို့သော် ဝါဒါများကို မတိုင်ရဲ။ တိုင်လို့သိသွားရင် တိုင်သူ သက်သာလိမ့်မည်မဟုတ်။

တစ်ညတော့ ထောင်အမှုထမ်းများက ရှေ့တံခါး၊ နောက်တံခါးမှ တက်လာ၊ မီးထိုးတံခါးဖွင့်ပြီး ဖမ်းလိုက်ကြသောအခါ ...

ကျွန်တော်တို့အားလုံး ဝမ်းသာလိုက်ကြတာ။

စစ်ဆေးလိုက်တော့ အကျော့က အသေးစိတ် ဝန်ခံရတော့၏။ မကျေနပ်သူများကလည်း သက်သေခံကြသည်။ သည့်နောက် အခန်းလူကြီးအပါအဝင် အဖွဲ့ဝင် လူသွမ်းငါးယောက်တို့အား ထောင်ဥပဒေအရ ပြင်းထန်စွာအရေးယူပြီး တိုက်ပိတ်ရတော့သည်။

ကျွန်တော်တို့အားလုံး ဝမ်းသာ၍မဆုံး။ ခုမှ အဆောင်သည် သန့်ရှင်းသွား၏။ အများကြိုက်လူကြီး ခန့်ကြ၏။ ဟိုခွေးသားနိတွတ် နောက်ပိုင်း ဖနောင့်စာမိ၍ အပိုးကျိုးသွားတော့၏။

ဒီမှာ ဝမ်းအသာဆုံးလူကား ...

မုဒိမ်းမှုနှင့် ရင်ဆိုင်နေရသည့် ဦးသူတော်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော် ရွှင်လှချီလားဗျ"

"ဝမ်းသာလွန်းလို့ပါ စာရေးဆရာတို့ရယ်"

"လုပ်ပါဦး ... ဘယ်လိုဝမ်းသာနေတာတုံး။ ခင်ဗျားမိန်းမ ကွာရှင်းစာ လာတောင်းလို့လား၊ အာမခံရလို့လား"

"ထပ်သရီး ဆရာရယ်။ ကျွန်တော့်မိန်းမလား ကျွန်တော့်ကို ကွာရှင်းစာ တောင်းရဲမှာ။ နောက်ဘဝဆက်တိုင်း အစ်ကိုနဲ့ပဲ ပေါင်းရ ပါလို၏လို့ ဆုတောင်းနေတဲ့မိန်းမ ဆရာရဲ့"

"လုပ်လှချည်လား ကိုသူတော်။ ခင်ဗျားကို အဲဒီလောက်ချစ် တာ ဟုတ်လား"

"ဟုတ် ..."

"ဒါဖြင့် ... ခုဝမ်းသာရတဲ့ အကြောင်းရင်းက ..."

"ဆရာတို့ စဉ်းစားကြည့်လေ ဆရာ။ ဟိုကောင်ခွေးသား အခန်းလူကြီးဘထွားနဲ့ အဖွဲ့လေဗျာ။ ကျုပ်ကိုကျတော့ အလိုမကျဘဲ ကာမဂုဏ်သောင်းကျန်း မုဒိမ်းကျင့်ရကောင်းလားဆိုပြီး ငရုတ်သီးတောင့် ထိုးထည့်လို့ ပညာပေးကြတယ်။

အမျိုးယုတ်တွေက သူတို့ကျတော့ ခွေးတိရစ္ဆာန်တောင် မလုပ် မစဉ်းစားတဲ့ ဘဝတူ ထောင်ကျ အချုပ်ကျချင်းကို အိုးစားဖက်လုပ်၊ လိင်တူချင်း ဆက်ဆံကြတယ်လေ။ ဒီလို လူလွန်မသား၊ အယုတ်တမာ ကောင်တွေ တိုက်ထဲရောက်သွားတော့ ဝမ်းသာလွန်းလို့ပါ ဆရာရယ်။

ဖြစ်မျှားဖြစ်နိုင်ရင်လေ ... ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ တစ် ဆောင်လုံး မုန့်ဟင်းခါးကျွေးပြီး လက်ခုပ်တီး က,ချင်လိုက်ပါဘိ ဆရာ တို့ရယ်"

"ကိုသူတော် ..."

---

စိတ်ကူးသစ်စာပေ



"ဗျာ ... ဆရာမှိုင်း"

"ကျွန်တော်တို့လည်း ဒီကိစ္စပေါ်သွားလို့ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ ဒီကိစ္စကို အမှုထမ်းတွေသိအောင် ဘယ်သူလုပ်လိုက်တာလဲ ကိုသူ တော်ရ"

"မသိချင်ပါနဲ့ ဆရာမှိုင်းရ"

"ပြောပါဗျာ"

"မသိချင်ပါနဲ့ဗျာ"

ဘယ်လိုမေးမေး မေးလို့မရခဲ့။ မဟုတ်မှလွဲရော ... ဒါ ... ကိုသူတော့်လက်ချက်ဟု ထင်ကြေးပေးမိ၏။ ဘာပဲဖြစ်ဖြစ် ကိုသူတော် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို အရဲစွန့်လုပ်လိုက်တာပဲဟု တွေးရင်း ကျေနပ်မိတော့သည်တကား။

***မှတ်ချက်။ ။ လွန်ခဲ့သည့် အနှစ်(၂၀)ကျော် ကာလတုန်းက အကြောင်းကို ဆင်ခြင်နိုင်ရန် ရေးသားရခြင်းဖြစ်ပါသည်။ သည်မှာ ဘက်ကာလ မျက်မှောက်မှာတော့ ၎င်းအပြုအမူအဖြစ်အပျက်များ ကင်းစင်သွားပြီ ဖြစ်သည်။***

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

လူ ...

ရက်စက်ကြမ်းကြုတ်ရာမှာလည်း လူမိုက်သရဖူဆောင်းတာ လူ။

လိမ္မာယဉ်ကျေး တော်တည့်မှန်ကန်ရာမှာလည်း ပြိုင်စံရှားတာ ... လူ။

မေတ္တာတရား အစစ်အမှန်နှင့် ရှင်သန်ဖွံ့ဖြိုးပြီး နှလုံးသား အေးချမ်းစရာရှိနေတာလည်း ... လူ။

အတ္တကို ရှေ့တန်းတင်ပြီး လောဘ၊ ဒေါသ၊ မောဟတရားများနှင့် တစ်ကိုယ်လုံး လောင်မီးကျပြီး ပူလို့ပူမှန်းမသိတာလည်း ... လူ။ ...။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ …

ပရကို ဦးထိပ်ပန်ဆင်ပြီး ဘဝတစ်ခုလုံးကို အရွယ်ရောက် အသိဉာဏ်တရားဖွံ့ဖြိုးချိန်ကစလို့ အနိစ္စ၊ သခါရတရားနဲ့ မြေကြီးထဲရောက်သည့်တိုင် အများအကျိုး ဦးလည်မသုန် ဆောင်ရွက်သွားတာသည်လည်း … လူ။

တီထွင်ဆန်းသစ်သော သိပ္ပံပညာအသိဉာဏ်၊ အသည်းနှလုံးနှင့် လောကအကျိုး၊ ကမ္ဘာကြီးကောင်းကျိုးကို အသက်ထက်ဆုံးတည်ဆောက်ဖန်ဆင်းနေတာလည်း … လူ။

တစ်ကမ္ဘာလုံးကို ကြည်ပြာရောင် မေတ္တာတရား အစဥ်လွှမ်းခြုံပြီး လူရောသတ္တဝါပါ ကိုယ်ချင်းစားတရားတွေနှင့်ရစ်နှောင်ပြီး မဟာကရုဏာတရားမွေ့နဲ့ ပွေ့ပိုက်ရှင်သန်စေတာသည်လည်း … လူပါပဲ။

ဆိုရလျှင် …

လူ၏ အဇ္ဈတ္တ–အတွင်းစိတ်နှင့် ဗဟိဒ္ဓ–ပြင်ပရုပ်အနေအထားကိုခွဲခြားရန် လွယ်ကူသလို ခက်ခဲနေတာလည်းရှိနေ၏။

တစ်ခါတစ်ရံ အဇ္ဈတ္တစိတ်က လူလိမ္မာ။

ပြင်ပဗဟိဒ္ဓရုပ်ပြုလုပ်ချက် ကံအလုပ်က လူကြမ်း၊ လူရမ်း၊ လူမိုက်။

လူ့လောကမှာ ဟစ်တလာလို ရက်စက်ကြမ်းကြုတ်သောလူမျိုးရှိနေသလို၊ ဗုဒ္ဓဂေါတမလို ယဉ်ကျေးသိမ်မွေ့ပြီး တရားနှလုံးနှင့် ပြည့်ဝဆင်ခြင်သည့် သူတော်စင်များလည်း ရှိနေကြသည်။

မာသာထရီဇာလို အကြင်နာတရား ပြည့်လျှံနေသူများ ခြေလှမ်းစိပ်စိပ်နှင့် ကမ္ဘာမြေအနှံ့မေတ္တာကရုဏာကို ဖြန့်ဝေနေသလို၊ သူတစ်ပါး သွေးမြေကျ၊ မျက်ရည်ပေါက်ပေါက်ကျမှ စားဝင်အိပ်ပျော်ကြ





သူတွေလည်း ဟောဒီလူ့ကမ္ဘာမြေပြင်မှာ အမြောက်အမြား ပြန့်ကျဲနေကြသည်။

အချို့က ကမ္ဘာကြီးကို ပန်းရနံ့နှင့် ထုံသင်းကြိုင်လှိုင်စေချင်သော်လည်း …

အချို့က ကမ္ဘာကြီးကို သွေးညှီရနံ့နှင့် အော်ဟစ်ညည်းညူပူလောင်ကြေကွဲနေသည်အား ကြည့်၍ ခါးထောက်၍ ရယ်ချင်ကြသည်။

အချို့အပြုံးက …

ရေရောလို့မရ၊ အရောင်ဆိုးလို့မရသည့် အပြုံး။

အချို့အပြုံးက …

ဓားသွားလှံသွားနဲ့ အဆိပ်ရည်၊ အဆိပ်ငွေ့များ ရစ်သိုင်းပြီး အေးစက်စက်ကြောက်မက်ဖွယ် လျှို့ဝှက်အပြုံး။

တစ်ခါတစ်ရံကျတော့လည်း …

ရက်စက်ကြမ်းကြုတ်သည့် မျက်နှာ၊ မျက်လုံးအိမ်၏ နောက်ကွယ်မှာ ရှားပါးသော အကြင်နာတရား၊ ကိုယ်ချင်းစာတရား၊ မေတ္တာတရားကို အံ့ဖွယ် မြင်လိုက်ရလေ့ရှိ၏။

တစ်ခါတစ်ရံကျတော့လည်း …

မေတ္တာတရား၊ ကရုဏာတရား လွှမ်းခြုံနေဟန်ပြည့်နေသည့် မျက်နှာရဲ့ နောက်ကျောဘက်မှာ အဆိပ်ပြင်းသုတ်လိမ်းထားသည့် မြားတံများပစ်ရန် အသင့်ချိန်ရွယ်ထားသည်ကို အံ့ဖွယ်ကောင်းအောင် မြင်လိုက်ရသည်လည်း မြင်ရဖူးသည်။

ဆိုရလျှင် …

လူသည် ဆုံးဖြတ်ချက်ချရန် ခက်ခဲသည့် သတ္တဝါစုစာရင်းမှာ ပါနေသည်ကို အတွေ့အကြုံအရ သိခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါက ဖြစ်သည်။

ယနေ့တိုင် မေ့လို့မရနိုင်သေးသည့် ဖြစ်ရပ်တစ်ခု။

ဂန္ထဝင်တင်လောက်သည့် ကိစ္စတော့မဟုတ်။ သို့သော် မျှဝေခံစားလို့ရသည့် အဖြစ်အပျက်တစ်ခုပါ။

✿ ✿ ✿

## | ၂ |

❑

၁၉၈၈ ခုနှစ် တိုင်းပျက်ပြည်ပျက် ထိန်းသိမ်းရခက်သည့် ဆူပူမှု အရေးအခင်းကြီး ပြီးသွားသည့်အချိန်။

ကျွန်တော်လည်း ကိုယ်ပြုသည့်ကံအကြောင်းတရားနှင့် ကံဝဋ်ကြွေးကို နရသိန်အင်းစိန်အကျဉ်းထောင်မှာ အကြွေးဆပ်နေသည့်အချိန်။

စပါယ်ရှယ်ကံကြီးလှစွာဖြင့် တိုက်ရိုက်ပဲ အကျဉ်းတိုက်ထဲသို့ တန်းရောက်ခဲ့ရ၏။

(၅) တိုက်၊ (၄)တိုက်၊ (၃)တိုက်များမှာ တစ်လှည့်စီ စံမြန်း ဒုက္ကရစရိယာကျင့်ကြံပြီးနောက် ကျွန်တော်တို့ သူငယ်ချင်း ရဲဘော်ရဲဘက် ငါးဦး တိုက်နံပါတ်(၅)မှာ အတူတကွ နေခွင့်ရခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဝတ္ထုများမှာ ကျွန်တော် ရေးခဲ့သလိုပါပဲ အကျဉ်း 'တိုက်' ဆိုသည် ကြယ်ငါးပွင့်အဆင့်ဝေး၍ အပေါ်စားတည်းခိုခန်းမှုလောက်မှ နေချင်စရာ လွတ်လပ်ခွင့်မရှိပါ။

ကြယ်ငါးပွင့်အဆင့် တည်းခိုခန်းရိပ်သာနှင့် စားဖွယ်ရိက္ခာ အစုံ ရေ၊ မီးနှင့် တီဗီ၊ ကက်ဆက်ဖွင့်ပြီး ထားရအောင်လည်း ကျွန်တော်တို့က အထူးဧည့်သည်တော်များမဟုတ်။

ဥပဒေအကြောင်းအရ ကြည့်လျှင် …

ပြစ်မှုကျူးလွန်ခဲ့သူ ရာဇဝတ်သား အလောင်းအလျာများ။ ခြောက်ပေပတ်လည်နီးပါး ကျယ်သည့်အခန်း၊ ပြတင်းပေါက်သေးသေးလေးတစ်ပေါက်နှင့် သံတိုင်စိပ်စိပ်စိုက်ထားပြီး အကျဉ်းတိုက်အတွင်း တောမသာမှာခင်းသည့် နီးကြမ်းများနှင့် အိပ်စက်ရသည့် … တိုက်။

လမ်းလျှောက်စရာ နေရာအပိုမရှိ။

အိပ်လျှင်တောင် ငါးယောက် ကျောချင်းကပ်အိပ်ရသည့်အထဲ ဖိနပ်လိုးဓားနှင့် လူတစ်ယောက်ကို အသေထိုးသတ်လိုက်သည့် လူသတ်သမား ချာတိတ်လူပျိုပေါက်ကလေးက အဆစ်ရောက်လာခဲ့လိုက်သေး၏။

အရေးအခင်းပြီးကာလမို့ ရာဇဝတ်သားပေါင်းများစွာကို ထောင် 'တိုက်' ရော၊ 'အဆောင်များ' မှာရော ပြည့်လုမခန်း ရှိနေသည်ကိုး။

ကိုင်း … ဧည့်သည်လူသစ်ကလေး ရောက်လာတော့လည်း ကိုယ်က အလျင်ရောက်နေသည့် စီနီယာအိမ်ရှင်ဖြစ်နေတော့ ဖော်ဖော်ရွေရွေ ကြိုဆိုဧည့်ဝတ်ပြုရသည်။

ချာတိတ်လူသတ်သမားလေးပါလာသည့် ငါးပိကြော်လေးကို ချော့မော့ဖားကပ်၍ လက်သည်းခွံမျှစီ တောင်းစားရသည်။





ကျွန်တော်တို့ကား နေ့စဉ် ပုံစံထမင်း၊ ကန်စွန်းကြီးရွက်ချဉ်ရည်ဟင်းကို တီကောင်ပုစွန်ခြောက်၊ ငါးပိစိမ်းစား လက်သန်းဖျားခန့်နှင့် နေ့ရောညပါ လွေးနေရသည်ကိုး။

သူတော်ကောင်းလေး ရောက်လာ၍ အလွန်ကျေးဇူးတင်နေ၏။

ဘိုးဘိုးအောင်ကြွလာသည့်အလား ကျွန်တော်တို့က သူငယ်လေးကို ငါးယောက်ဝေသောက်ဖွာနေရသည့် ဆေးလိပ်အတိုနှင့် သဒ္ဒါကြီးစွာ ဧည့်ဝတ်ပြန်ပြုရလေ၏။

ချာတိတ်ကလေးကား ငယ်ငယ်ချောချော နုနုငယ်လေး ဖြစ်၏။ သူ့ကိုလာပို့သည့် ထောင်ဝါဒါအမှုထမ်းက …

"ဆရာမှိုင်း …"

"ခင်ဗျာ … ထောင်မှူးကြီး"

"ဒီချာတိတ်ကို ဆရာမှိုင်းတို့(၅)တိုက်မှာ ယုံကြည်စွာ အပ်နှံခဲ့မယ်ဗျာ။ ကောင်းမွန်စွာ စောင့်ရှောက်လိုက်ပါ ဆရာတို့ရာ။ သဘောပေါက်ရဲ့လားဗျ"

"ပေါက်ပါတယ် ထောင်မှူးကြီး။ စိတ်ချပါ ခင်ဗျား"

ထောင်မှူးကြီး သို့ကလို ကျွန်တော်တို့အား ပြောဆိုအပ်နှံသွားရသည်မှာ အကြောင်းရှိပါသည်။ အများအားဖြင့် အင်းစိန်အကျဉ်းထောင်သို့ ပြန်လည်ရောက်ရှိလာကြသည့် အကျဉ်းသား၊ အချုပ်သား၊ ရာဇဝတ်သားများမှာ လက်ကောက်ခေါ် ထောင်မကြာခဏကျလိုက် ဝင်လိုက်ထွက်လိုက်လုပ်နေသည့် လူးဆိုလူကြမ်းများ အများဆုံး ရှိနေကြ၏။

အချို့သော လူဆိုးလူမိုက်၊ လူကြမ်း၊ လူယုတ်မာအကျဉ်းသား၊



www.burmeseclassic.com

www.burmeseclassic.com



အချုပ်သားအချို့သည် ကိုယ့်ကံအကြောင်းတရားနှင့် ကိုယ်စီရင်၍ ဝင်လာကြသည့် အချုပ်ကျအကျဉ်းသား လူရွယ်လူငယ် ချောချောလေးများကို မြင်ရလျှင် ဒါ ငါ့သမီးလေးဟု အမည်တပ်ပြီး အပိုင်သားလုပ်၍ မွေးစားလိုက်ကြ၏။

ဦးစွာ နေရာထိုင်ခင်း ကျကျနန လုပ်ပေး၏။

စားကောင်းသောက်ဖွယ်များ အကြိအဖန်လုပ်၍ ရှာကျွေး၏။

ကြံလို့ဖန်လို့ရသမျှ အဝတ်အစားများအား ၎င်းမွေးစားထားသည့် ဘုမသိဘမသိ လူငယ်အချုပ်သား၊ အကျဉ်းသား၊ ချောချောလေးကို ဆင်ယင်၏။

ချော့မော့၍ ဓာတ်သွင်းလို့မရလျှင် လည်ပင်းညှစ်သတ်ပစ်မည်။ နှာခေါင်းကို၊ ပါးစပ်ကို အဝတ်ဆို့၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး အလိုတူအောင် ကြံစည်လေ့ရှိ၏။

အကျဉ်းထောင်ဥပဒေအရ မိန်းမချင်းဖြစ်စေ၊ ယောကျ်ားချင်းဖြစ်စေ အကျဉ်းထောင်အတွင်း လိင်တူချင်း ကာမမဆက်ဆံရ။ သွေးမဆောင်ရ၊ မခြိမ်းခြောက်ရ။

ပြဋ္ဌာန်းချက်ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခဲ့ပါက တာဝန်ရှိသူများ မြင်ကြားသိရှိလျှင် အကျဉ်းထောင်ဥပဒေအရ ပြင်းထန်စွာ အရေးယူလေ့ရှိ၏။

အဲဒီလို ပြင်းထန်ထိရောက်စွာ အရေးယူသည့်ကြားမှာပင် ထောင်လက်ကောက်များသည် ၎င်းပြစ်မှုကို အခွင့်အရေးလစ်သည် ရသည်နှင့် လျှို့ဝှက်စွာ ကျူးလွန်လေ့ရှိ၏။

အကျဉ်းထောင်မှာ လျှို့ဝှက်ကိစ္စမှန်သမျှ မပေါ်သည်မရှိ။

အကျဉ်းထောင်ဆိုစကားအရ ဘာယာတန်းမှာ နားနှင့်မျက်စိ





များ ရှိနေကြသည်ကိုး။

သို့ဖြစ်၍ ထောင်မှူးကြီးများအနေဖြင့် အကြောင်းကံအားလျော်စွာ အရွယ်နုနုချောချော အချုပ်သား၊ အကျဉ်းသားများ ရောက်ရှိလာလျှင် အလွန်ဂရုစိုက်၍ နေရာချကြသည်။

ကျွန်တော်တို့ကား စာရေးဆရာများ၊ ဂီတသမားများ ဖြစ်ကြ၏။ ထောင်မှူးကြီးများ၊ ဝါဒါများက ကျွန်တော်တို့ကို လေးစားကြ၏။ ကောင်းကောင်းမွန်မွန် ဆက်ဆံလေ့ရှိ၏။ ဒါ့အပြင် ကျွန်တော်တို့ ဂုဏ်သိက္ခာကို ယုံကြည်ကြ၏။

ဒါကြောင့် ... လူငယ်ချောချော လူသတ်မှုကျူးလွန်ခဲ့သူ ချာတိတ်အား ကျွန်တော်တို့တိုက်ခန်းမှာ ယုံကြည်စွာ လာရောက်အပ်နှံလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၃ |

❑

"ညီလေး . . . မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မောင်တင်စိန်ပါ အစ်ကို"

"အသက်ကရောကွယ့်"

"ဆယ့်ရှစ်နှစ်ရှိပါပြီ ခင်ဗျာ"

"အိုး . . . ငယ်ငယ်လေးပဲ ရှိသေးတာပဲ။ ကျောင်းနေသလား"

"မနေပါဘူး အစ်ကို။ ဖိနပ်ချုပ်လုပ်ငန်းမှာ သားရေလှီး၊ ဖိနပ်ချုပ်လုပ်ပါတယ်"

"နေရပ်ကရော ညီလေးရယ်"

"စမ်းချောင်းမြို့နယ်၊ ( . . . . . )လမ်းမှာပါ အစ်ကို"





"နေစမ်းပါဦး ငါ့ညီရာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာလို့ လူသတ်မှုကြီးကို ကျူးလွန်ရသလဲ ငါ့ညီရယ် . . . ဟင်"

"ဒီလိုပါ အစ်ကို။ အရေးအခင်းဖြစ်နေချိန်မှာပေါ့ အစ်ကိုရယ်။ ကျွန်တော့်အစ်မကို လူတစ်ယောက်က နေ့စဉ် ရည်းစားစကားလိုက်ပြော နှောင့်ယှက်နေတာ အစ်ကိုရဲ့။ အစ်မကလည်း သူ့အကြောင်းသိလို့ လုံးဝလက်မခံဘူး။

အဲဒါ နေ့စဉ်နဲ့အမျှ ဈေးသွားဈေးပြန်ရော အပြင်သွားတိုင်းမှာရော လူမြင်လို့မသင့်အောင်ကို လိုက်နှောင့်ယှက်နေတာ။ အစ်မကရှက်လို့ရယ်၊ ပြဿနာဖြစ်မှာစိုးလို့ရယ် စိုးရိမ်ပြီး မိဘများကိုတောင် ပြန်မပြောပါဘူး အစ်ကို။ ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ကို လာပြောပြမှ အကြောင်းမှန်သိရတာ။

ကျွန်တော်က ကျွန်တော့်အစ်မကို လိုက်မနှောင့်ယှက်ဖို့ အတန်တန် မေတ္တာရပ်ခံ တောင်းပန်ပေမင့် သူက နောက်မဆုတ်တဲ့အပြင် ကျွန်တော့်ကိုပါ ရန်လုပ်လာတာနဲ့ မထူးဘူးဆိုပြီး ဖိနပ်သားရေလှီးတဲ့ ဓားနဲ့ ရင်ဝကို ထိုးချလိုက်တာ။ နေရာတင် ပွဲချင်းပြီးသေရော"

"အိုး . . . ဖြစ်မှဖြစ်ရပလေ့ ငါ့ညီရယ်။ ကျွတ် . . . ကျွတ် ကျွတ် . . . ကိုင်း . . . ဖြစ်လာပြီးမှတော့ အမှုကို ရင်ဆိုင်လိုက်ကြရုံပဲပေါ့လေ။ ဒီကိုရောက်တုန်း အားမငယ်ပါနဲ့ကွာ။ အစ်ကိုတို့ရှိနေဦးမှာ။ မပျော်လည်း ပျော်အောင် ကြံဖန်နေလိုက်ပေါ့။ အစ်ကိုတို့လည်း စိတ်ညစ်စရာကိုဖျောက်ပြီး နေလို့ရအောင် ကြံဖန်ကြိုးစားနေလိုက်တာပဲ ငါ့ညီ။ ကြားရဲ့လား . . ."

"ဟုတ်ကဲ့ . . . အစ်ကို"

မောင်တင်စိန်လေးက လိမ္မာရေးခြားရှိပါသည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ လူသတ်မှုဆိုသည့် ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့သည့်တိုင် ကျွန်တော်တို့အားလုံးကို ရှိသေလေးစားရှာ၏။ နင်းနှိပ်ပေး၏။ စားဦးစားဖျား ဦးချ၍စား၏။ အိမ်ကလာပို့သည့် ငါးပိကြော်၊ ဆေးလိပ်စသည်တို့အား မျှဝေဖဲ့၍ ကျွေး၏။

ညမအိပ်ခင် ဘုရားရှိခိုးပြီး ပုတီးစိပ်၏။ ပြီးသည်နှင့် ကျွန်တော်တို့အားလုံးကို ရှိရှိသေသေ ဦးချကန်တော့ပြီးမှ အိပ်လေ၏။ ကျွန်တော်တို့အားလုံးကလည်း သူ့ကို ညီငယ်လေးလို၊ တူသားလို စောင့်ရှောက်ရင်း အချိန်ကုန်ခဲ့ရလေ၏။

✿ ✿ ✿

[ ၄ ]

❑

ဆိုရလျှင် ကျွန်တော်တို့ခြောက်ဦးသည် အကျဉ်းတိုက်ကျဉ်းကျဉ်းလေးထဲမှာ ကျပ်ကျပ်တည်းတည်း အိပ်ရနေရ၏။ ခြေရင်းမှာ ချေးအိုးသေးအိုး၊ (ဂန်ဖလား) အိုးနှစ်အိုးရှိ၏။

ချေးပါလျှင် လူငါးဦးရှေ့မှာ ငုတ်တုတ်ထိုင်၍ ပါရ၏။ ချေးနံ့နံ့လျှင် တစ်လံကွာရှိ အကျဉ်းတိုက်သံတံခါး၊ သံတိုင်ကြား မျက်နှာအပ်ပြီး ပြင်ပလေကိုရှူ၍ အနံ့ဆိုးများကို ပါးစပ်မှမှုတ်ထုတ်ပစ်ရ၏။ ကြာတော့ ရှူရင်းမှုတ်ရင်း၊ အော့အန်ရင်း မျက်လုံးမှ မျက်ရည်များပင်စီးကျခဲ့ရလေ၏။

ဒီလို ဒုက္ခဆိုးသည် တစ်နေ့တည်းမဟုတ်။ နေ့စဉ် ကြုံတွေ့ခံစားရ၏။ ရောက်စတုန်းက ယောကျ်ားချင်းရှေ့မှာ ပုဆိုးမ,ပြီး ချေးမယိုရဲ၊ အလေးမသွားရဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ခင်းဖျာကြမ်းကြီးကို ထောင့်ချိုးမှာ ကာ၍ ယိုရ၏။ နောက်အလေ့အကျင့်ဖြစ်သွားမှ ဖျာကြမ်းကြီးဖယ်၍ ယိုရလေ၏။ ချေးယိုသည့်ကိစ္စပြီးသော် ဖွဲပြာနည်းနည်းနှင့်ဖုံး၍ အနံ့ကို ဖျောက်ရလေသည်။

ဒီမှာ အခက်ကြုံသူကား ဂီတသမား ကိုအေးသိန်းဖြစ်၏။ ကိုအေးသိန်းကား အလွန်ရှက်တတ်၏။ လူခြောက်ဦးရှိသည့်အနက် ငါးဦးရှေ့မှာ ငုတ်တုတ်ထိုင်၍ ချေးမယိုရဲရှာ။

ဒါကြောင့် ခင်းဖျာကို ကာပေးရ၏။

သူ့အတွက် အဘယ်မှာလျှင် ကျွန်တော်တို့သည် လေးဖက်လုံ အကာနှင့် ရေမွှေးနံ့သင်းသောအိမ်သာကို စီစဉ်ပေးနိုင်မည်နည်း။ ဖျာကာပေးသည့်ကြားမှပင် အနီးမှာလူရှိနေ၍ သူ လုံးဝအလေးစွန့် (ချေးယို)၍မရ။ အကြီးအကျယ် စိတ်ညစ်နေလေ၏။

"ရွာပြန်ပြီး ယိုလို့ရရင် သိပ်ကောင်းမှာပဲ"

ကိုအေးသိန်းက စအို့ဝကို လက်နှင့်ဖိရင်း ညည်း၏။

ဒီမှာ ကိုခင်မောင်လေးက ထော့နင်းထော့နင်းနှင့် မေး၏။

"ကိုအေးသိန်းက ရွာပြန်ချေးယိုချင်ရအောင် ရွာကအိမ်သာက ရေလောင်း ကြွေကမုတ်အိမ်သာလားဗျ"

"မဟုတ်ပါဘူး ... ကိုခင်မောင်လေးရာ"

"ဒါဆို သစ်သားရေတံလျှောက်အိမ်သာလား"

"ဟုတ်ဘူး"

"ဒါဖြင့် ... ဘယ်လို အိမ်သာတုံး"

"လမုပင်ချောင်းနံဘေးမှာ ငုတ်တုတ်ယိုရတဲ့ အိမ်သာဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... ဟီး ... ဟီး ... ဟီး ..."





"ဝက်တွေရော လာကြသေးလား"

"ချောင်းငါးစင်ရိုင်းကတော့ ခုန်တက်မှာပဲနော်"

"လေလေးတဖြူးဖြူးနဲ့ ငယ်ရည်စားကိုလွမ်းရင်း ယိုရတာ ဖိမ်ပဲဗျ"

ကိုအေးသိန်းက သတိတရ ပြောရှာနေသေး၏။

"ကိုင်း ... ကိုင်း ... ကိုအေးသိန်း၊ မြဝတီမင်းကြီးဦးစမွေးသည့်ရွာမှာ အချင်းမြှုပ်ခဲ့ဖူးသော ဂီတစာဆို ကိုအေးသိန်းခင်ဗျား ... လဟာယက်ကျေးရွာ၊ လမုပင်ချောင်းကမ်းနံဘေးက လဟာပြင်အိမ်သာမှာ အမေနဲ့ရွာကိုလွမ်းတယ် သီချင်းဟစ်ရင်း ဖိမ်နဲ့ယိုချင်ရင် အမှုမြန်မြန်ပြီးပါစေလို့သာ ဆုတောင်းပေရော့ ကိုအေးသိန်းရေ"

ပြောရလျှင် အရှက်ကြီးလွန်းလှသော ကိုအေးသိန်းသည် ဤအကျဉ်းတိုက်မှာ ဝမ်းသွား၍ မရခဲ့တော့။ ရက်အတန်ကြာသည့်တိုင် ဝမ်းချုပ်ရောဂါရပြီး စမြင်းတုံးခံနေရကား ဘယ်လိုညှစ်ညှစ် လိပ်ခေါင်းသာထွက်ပြီး ဝမ်းလုံးဝမသွားသည်မှာ နှစ်ပတ်နီးပါးခန့်ရှိခဲ့၏။

တစ်နေ့သောအခါ မခံမရပ်နိုင်သည့် အဆုံးသေချင်လည်း သေရော့ဟာဟုဆိုပြီး ဝမ်းကို အသားကုန်အားကုန် ညှစ်ချလိုက်ရာ ခဲတံကျည်တောင့်အလုံးကြီးခန့် ကြီးမားသော လိပ်သည်းကျောက်နှင့် ဆွေမျိုးတော်ပုံရသည့် ကျောက်ဖြစ်ရုပ်ကြွင်းစမြင်းတုံး အတောင့်ကြီး မဆုံမပြဲ ကျလာရကား ...

စမြင်းတောင့်ကြီးနှင့်အတူ သွေးဝမ်းများပါ ဒလဟော ပါလာကာ ချေးပါပြီးနောက် မောဟိုက်အားပြတ်ပြီး လဲကျသွားလေ၏။

သည့်နောက်ပိုင်း စအို့မှ သွေးဝမ်းများ စီးယိုကျခဲ့လေ၏။ ၎င်းသွေးဝမ်းကား နေ့စဉ်နှင့်အမျှကျနေရကား လူလည်း ဖြူဖပ်ဖြူရော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ မကြာခင် ကိုအေးသိန်း ငှင်းရောဂါနှင့် သွေးအားနည်းပြီး သေရတော့မည်ဟု ကျွန်တော်တို့အားလုံးက ယုံကြည်နေ၏။

"ထောင်ဆေးရုံပြမလား ကိုအေးသိန်း"

"ပြချင်ဘူးဗျာ"

"ဘာဖြစ်လို့လဲဟင်"

"သေရင်လည်း ခင်ဗျားတို့လက်ပေါ်မှာ သေချင်လို့"

ဖြစ်ရလေ . . . ။

ကျွန်တော်၊ ကိုအေးသိန်း၊ ကိုကျော်မြင့်၊ ကိုလှမြင့်ဦးနှင့် ကိုခင်မောင်လေး (ကွယ်လွန်) တို့ကား အလွန်ချစ်ကြသည့် ရဲဘော်ရဲဘက် သူငယ်ချင်းဖြစ်ကြ၏။

မြေပဲလှော် (၁၀) စေ့ရှိလျှင် တစ်ယောက်နှစ်စေ့ ဝေစား၏။ ဆေးပေါ့လိပ်တစ်လိပ်ရလျှင် ငါးယောက်ဝေသောက်ကြ၏။

အခု ကိုအေးသိန်း မြော့မြော့ပဲကျန်တော့သည်။

လဟာယက်သူ တောသူမလေး သူ့မိန်းမနှင့် သူ့သားလေးကို ကျွန်တော်တို့ ဘယ်လိုပြောရပ့်။

ဟော . . . ကံလေးများကောင်းချင်တော့ ကြည့်။

ကျွန်တော်တို့ တိုက်ကျအချုပ်သားများ (၇) ဆောင်သို့ ပြောင်းရ၏။ ဝမ်းသာလိုက်ကြတာ။ ကိုယ့်အိမ်ပြန်ရောက်ဘိအလား ပျော်ရွှင်ကြည်နူးရ၏။

(၇)ဆောင် အပေါ်ထပ်သို့လူမမာ ကိုအေးသိန်းကိုတွဲ၍ ကျွန်တော်တို့ ပြောင်းရ၏။ ကျွန်တော်တို့လို (၄)တို၊ (၄)ရှည်မှ တိုက်ထဲ သွေးတိုးရောဂါနှင့် အအေးကိုင်ပြီး လေဖြန်းသွားသည့် တိုက်အချုပ်သားနှစ်ဦးလည်း အတွဲနှင့်ပြောင်းရ၏။





(၇)ဆောင်ကား အကျဉ်းထောင်အတွင်း အုတ်ရိုးအနီးမှာရှိ ကျယ်ဝန်းပြီး လေကောင်းလေသန့်ရ၏။ အဆောင်ရောက်၍ နေ့စဉ် ရေမှန်မှန်ချိုးရပြီး သန့်သန့်ပြန့်ပြန့်နေလို့ရ၏။

ထမင်းစားပြီးချိန် အဆောင်အောက်မြေပြင်မှာ လမ်းလျှောက်ချိန်ရ၏။ မိတ်ဆွေသစ်များနှင့် တွေ့ဆုံရင်းနှီးခွင့်ရ၏။ သို့သော် ကိုအေးသိန်းကား ယဲ့ယဲ့မျှသာရှိ၏။ တစ်နေ့ညနေမှာ သွေးအလိုက်အသွန်များ၍ ကိုအောင်ကြီးတို့၊ ကိုစိန်ထွန်းတို့ ဆေးရုံအသိများအကူအညီနှင့် ကိုအေးသိန်းကို အရေးပေါ်ထောင်ဆေးရုံသို့ တင်လိုက်ရလေ၏။

ထောင်ဆေးရုံကား ကျွန်တော်ရောက်နေသည့် (၇)ဆောင်မှ လှမ်းမြင်ရ၏။ ဆေးရုံအုပ်ကြီးမရှိ၍ ကိုအေးသိန်းကို ထောင်ဆေးရုံ အောက်ထပ် အရေးပေါ်လူနာဆောင်မှာ တစ်ညထားခဲ့ရ၏။

နောက်နေ့ မိုးလင်းသောအခါ ကိုအေးသိန်းထောင်ဆေးရုံမှ သူ့သဘောနှင့်သူ ပြန်လာခဲ့လိုက်သည်။

"ကိုအေးသိန်း . . . ဘာဖြစ်လို့ ဆေးရုံမတက်ရတာတုံးဗျာ"

"မတက်တော့ဘူးဗျာ။ သေချင်သေရင် ခင်ဗျားတို့အားလုံး ရှေ့မှာပဲ အသေခံတော့မယ်"

"ဘာလို့တုံး ကိုအေးသိန်းရယ်"

"ဟာဗျာ . . . ကျုပ်နေတဲ့ ဆေးရုံအောက်ထပ်အဆောင်မှာ ဝမ်းလျှောနေတဲ့ 'ဂိ' တွေချည်းပဲဗျာ။ တစ်ခန်းလုံး ဝမ်းတွေပုံ့ကျဲ နံဟောင်နေတာပဲ။ အသက်ရှူလို့လည်း မရဘူး"

ဟုတ်ပေသည်။ ထိုအချိန်က (၁၉၈၈) အရေးအခင်းပြီးကာလ ထောင်ပြန်ဖွင့်စဖြစ်ရကား ထောင်ကျသစ်ရော၊ အချုပ်သစ်ရော လူပေါင်းကမနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နယ်အလုပ်စခန်း ရဲဘက်ပြန် 'ဂ' လူမမာများ ဝမ်းရောဂါအဖြစ်များ၍ ထောင်ဆေးရုံများ လူနာများနေချိန်ဖြစ်၏။ မစင်များ မြင်မကောင်းရှုမကောင်း ပြန့်ကြဲနေ၏။

ထောင်ဆေးရုံမှာ ဆေးဝါးကလည်း မပြည့်စုံ၊ အရေးအခင်းကာလတုန်းက ထောင်ကို အကျဉ်းသားများက မီးရှို့ပြီး ဆေးရုံပစ္စည်းများပါမကျန် ဖျက်ဆီးထား၍ ဆေးဝါးရှားပါး လစ်ဟာနေချိန်ဖြစ်ရာ ကား လူနာတိုင်းကို လိုအပ်သည့်ဆေးဝါးများဖြင့် ကုသမပေးနိုင်သေး။ ကိုအေးသိန်း ပါသွားသည့် အကျီ၊ ပုဆိုးလည်း ဘယ်သူအလစ်မှာ မ, သွားလဲမသိ မရှိတော့။

ကိုအေးသိန်း စိတ်ညစ်ချင်လည်း စိတ်ညစ်စရာ။ နောက်ဆုံး ကျွန်တော်တို့ မရရသည့်နည်းနှင့် ကြံဖန်ယူလာသည့် (မက်ထရို) ဝမ်းကိုက်ပျောက်ဆေးကို တိုက်သည့်တိုင် ကိုအေးသိန်းရောဂါကား မသက်သာ။

ပုဆိုးမှာ သွေးကွက်များပေကျံပြီး ယင်တလောင်းလောင်းနှင့် ညီစော်နံနေ၍ သူ့အား ကိုအောင်ကြီးတို့၊ ကိုစိန်ထွန်းတို့၊ ထောင်မှူးကြီးဦးလှတို့ အကူအညီနှင့် လူမမာစာ အသားစွပ်ပြုတ်လေးတိုက်ပြီး သေရမည့်အချိန်ကို ငံ့လင့်နေကြသည်။

❁ ❁ ❁

| ၅ |

❑

တစ်နေ့နံနက် ထမင်းစားပြီးချိန်တွင် 'တရုတ်ကြီး' ဆိုသူ အသားဖြူဖြူ၊ ဗလကောင်းကောင်း မျက်နှာမှာ ချုပ်ရိုးရာ ဗလပွနှင့် အရုပ်ဆိုးဆိုး လူတစ်ယောက်ကို ကိုအောင်ကြီးနှင့်အတူ ကျွန်တော်တို့အဆောင်သို့ ရောက်လာခဲ့၏။

"ဆရာမှိုင်း . . . ဒါ ကိုတရုတ်ကြီးလို့ ခေါ်တယ်။ ဆရာမှိုင်းတို့ သန်လျင်ကျောက်တန်းသားပဲ။

တရုတ်ကြီး . . . ဒါ မင်းတို့သန်လျင်က စာရေးဆရာ မောင်ညိုမှိုင်းနဲ့အဖွဲ့ပဲ"

"ကျွန်တော် တရုတ်ကြီးပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မြို့နယ်သားချင်း ဒီနေရာမှာတွေ့ရတာ အားရှိသကွာ။ မင်းရော ဘာမှုနဲ့ ရောက်နေတာတုံး ကိုတရုတ်ကြီး"

"ကျွန်တော် လူသတ်မှုပါ အစ်ကို"

"ဟေ ... ဘယ်မှာ သတ်ခဲ့လို့တုံး"

"အရေးအခင်းကာလတုန်းက ( .... ) မြို့နယ်မှာ ကျူးလွန်ခဲ့တာပါ အစ်ကို"

"ဟူး ... ငါတို့ထက် ဆိုးပါလားကွာ"

သည့်နောက် ကျွန်တော်က ဦးချစ်သန်းမြင့်၊ ကိုခင်မောင်လေး၊ ကိုလှမြင့်ဦးတို့ ငါးယောက်နှင့် မိတ်ဆက်ပေးလိုက်သောအခါ ကိုတရုတ်ကြီးသည် အိပ်ရင်း ညည်းညူနေသည့် ကိုအေးသိန်းကိုမြင်သွားပြီး ...

"အစ်ကိုမှိုင်း ... ဒီဆရာက ဘာဖြစ်လို့တုံး"

"သွေးဝမ်းတွေ သွားနေလို့ဗျာ"

"ဟင် ... ကြာပြီလား။ ဆေးရုံမပြဘူးလား"

ကျွန်တော်က ကိုအေးသိန်းအကျဉ်းတိုက်ထဲမှာ နေစဉ်ရက်ပြီး ဝမ်းမသွားနိုင်သည်ကစ၍ နောက်ဆုံး ထောင်ဆေးရုံ အရေးပေါ်တက်ရာမှသည် 'ဂိ' များနှင့်တွေ့ကြုံပြီး ကြောက်လန့်၍ ပြန်ဆင်းလာခဲ့ရသည့်အကြောင်းနှင့် ပါလာသည့်ပစ္စည်းပါ အလစ်သုတ်ခံရသည့်အကြောင်းကို ပြောပြလိုက်သောအခါ ...

"စောစောကသိရရင် ဒီလိုမခံရပါဘူးဗျာ။ အစ်ကို ... ညနေကျရင် ကျွန်တော် ဆေးပင်ရှာယူခဲ့မယ်"

"ဘာဆေးပင်တုံး ကိုတရုတ်ကြီး"

"စောင့်နေ အစ်ကိုရာ။ ကျွန်တော် အခုပဲ သွားရှာလိုက်မယ်"





သူသည် ကျွန်တော့်အမေးကို ပြန်မဖြေတော့ဘဲ လှစ်ခနဲ အဆောင်ပေါ်မှ ပြေးဆင်းသွားတော့သည်။

ညနေ အကျဉ်းသား၊ အချုပ်သားများ ထမင်းစားချိန်ရောက်သောအခါ ကိုတရုတ်ကြီး ညိုမည်းမည်း၊ ပြာတာတာ အပင်တစ်ပင်ကိုယူလာပြီး ...

"ရော့ ... ဆရာအေးသိန်း၊ ဒီအရွက်တစ်ရွက်ကို အလျင်ဝါးစားလိုက်"

"ဒါ ... ဘာလို့ခေါ်လဲ ကိုတရုတ်ကြီး"

"မီးကွင်းဂမုန်းလို့ ခေါ်တယ်ဆရာ။ ဒီ မီးကွင်းဂမုန်းပင်ဟာ ဒူလာသွေးဝမ်း၊ ဝမ်းကိုက်သွေးဝမ်း၊ ဝမ်းချုပ်သွေးဝမ်း ဖြစ်လာရင် အရွက်တစ်ရွက် အရင်ဝါးစားလိုက်။ နောက်ကျရင် ထမင်းစားတိုင်း ငါးပိ၊ ဒါမှမဟုတ် ငါးပိရည်နဲ့ တို့စား၊ မြှုပ်စားပေးလိုက်။ မိုးလင်းရင် သိသိသာသာ ကောင်းသွားလိမ့်မယ်။ စား ... ရဲရဲဝံ့ဝံ့ စားစမ်းပါဗျာ"

ကျွန်တော်တို့ကလည်း အားပေးသည်။

"စားဗျာ ... ကိုအေးသိန်း။ သေလည်းကံ၊ ရှင်လည်းကံပဲ"

သို့နှင့် ကိုအေးသိန်းသည် မီးကွင်းဂမုန်း အရွက်နှစ်ရွက်ကို ရေဆေး၍ ဝါးစားလိုက်ရင်း မျက်နှာရှုံ့သွား၏။

"ဘာဖြစ်လို့တုံး"

"ချဉ်ဖြုံးဖြုံးမို့ဗျ"

"မသေနိုင်ပါဘူး ဆရာအေးသိန်းရာ။ ဒီဆေးပင်က ဒီအင်းစိန်ထောင်မှာ သွေးဝမ်းမှန်ရင် မုချလက်တွေ့ပျောက်ကင်းတဲ့ နတ်ဩဇာဆေးပင်ပဲဗျ။ 'မသိသူကျော်သွား၊ သိသူဖော်စား'ပဲ။ ကိုင်း ... ဆရာမှိုင်း၊ ကျွန်တော် ပြန်လိုက်ဦးမယ်။ ကိုအေးသိန်း ... မနက်မိုးလင်းရင် ထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားပါလိမ့်မယ် ဆရာရယ်။ သွားပြီဗျို့"

ကိုတရုတ်ကြီးလည်း ဆေးပင်ကိုပေးခဲ့ပြီး ပြန်သွား၏။ ကိုအေးသိန်းကား မျက်နှာကို ရှုံ့လိုက်၊ ကြိတ်ဝါးရင်း အရည်လေးရသည်နှင့် မျိုချလိုက်သည်နှင့် မကြာခင် မီးကွင်းဂမုန်းနှစ်ရွက် ကုန်သွားခဲ့၏။

ထမင်းစားချိန်ရောက်သော် အရွက်တစ်ရွက်ကို ပဲဟင်းရည်နှင့် ငါးပိစိမ်းစားလေး တို့မြှုပ်၍ နည်းနည်း မျိုချစားလိုက်၏။

ကြည့်စမ်း ...။

သေကံမရောက် သက်မပျောက်ပါတကား။

မိုးလင်း၍ အချုပ်ကျများ အသီးသီး အိမ်သာတက်ကြ၏။ ကိုအေးသိန်းလည်း လှုပ်လှုပ်နှင့် အိမ်သာသို့သွား၏။

အိမ်သာမှ ပြန်လာသောအခါ သူ့မျက်နှာပေါ်မှာ ဝမ်းသာရိပ်များ ပြည့်လျှမ်းနေ၏။

"ကိုအေးသိန်း ... ဝမ်းအခြေအနေ ဘယ်လိုလဲ"

သူသည် ကျွန်တော်တို့မေးသည်ကို အလျင်မဖြေဘဲ ပြန်၍ မေးခွန်းထုတ်နေလေ၏။

"ဆရာမှိုင်း ... ဆေးပင်လာပေးတဲ့ ကိုတရုတ်ကြီး ဘယ်အဆောင်မှာ နေသတုံးဗျာ"

"အဆောင် ( .... ) မှာလို့ ပြောတာပဲ။ ဘာဖြစ်လို့တုံး"

"ကျေးဇူးတင်လွန်းလို့။ ခုချက်ချင်း ခေါ်ကန်တော့ချင်လို့ပါ ဆရာမှိုင်းရာ"

"နေပါဦးဗျ ...။ ဘယ်လိုကျေးဇူးတင်စရာဖြစ်လို့တုံး ရှင်းပါဦး ကိုယ့်ဆရာရဲ့"

"ဆရာမှိုင်းရေ ... ကျွန်တော့်သွေးဝမ်းရောဂါ ပျောက်သွား





ပြီဗျ"

"ဟေ ..."

"ဟင် ..."

"အဟုတ် ..."

"တကယ် အဟုတ်ပါပဲဗျာ။ ခုပဲ ဝမ်းသွားအိမ်သာတက်လိုက်ရော အံ့ရောဆရာမှိုင်းရေ။ သွေးဝမ်း လုံးဝမသွားတော့ဘဲ ခါတိုင်း ပုံမှန်ဝမ်းလို အရောင်အဆင်းနဲ့ ဝမ်းပျော့ပျော့ဖြစ်သွားလို့ စိတ်ရော ကိုယ်ပါ ချမ်းသာလိုက်ရတာ ဆရာမှိုင်းရာ"

"ဒါဆို မောင်ရင် မသေတော့ဘူးပေါ့"

"ဒါပေါ့ ... ဒါပေါ့ ..."

"ဒါဆို ထောင်ကလွတ်ရင်• မောင်ရင့်မိန်းမ တောသူမလေးနဲ့ ဟိုဒင်းအဝှာ ပြုလို့ရ ..."

"ဘာတုံးဗျ ... ကိုခင်မောင်လေးရဲ။ ဟိုဒင်းအဝှာဆိုတာ ရှင်းအောင်လုပ်စမ်းပါ"

"ဟိုဒင်းလေးဗျာ ... အဝှာ ... အဲ .. အဲ ... ဘုရားသွား ကျောင်းတက်လုပ်လို့ ရပြီလို့ ကြော ... ဒါ ... ခင် ... ညာ ..."

"ဟား ... ဟား ... ဟား ..."

"ဂလိုလုပ်ပါဗျာ။ အဟီး ..."

ဘာမျှမကြာလိုက်။ ကိုတရုတ်ကြီး ပေါက်ချရောက်ချလာ၏။ သူက ရောက်ရောက်ချင်း ကိုအေးသိန်းရဲ့အခြေအနေကို အလျင်စလို မေး၏။ သူ့လက်ထဲမှာလည်း မီးကွင်းဂမုန်းရွက်အချို့ ပါလာသေး၏။ ကိုအေးသိန်းက သွေးဝမ်းလုံးဝရပ်၍ ဝမ်းမှန်ပြန်ဖြစ်သွားသည့်အကြောင်း ပြောပြလိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ကြမ်းကြုတ်ရာမှာ ပြိုင်စံရှားဟု နာမည်ကြီးလှသော လူသတ်သမားရဲ့ ချုပ်ရိုးကြောင်းမျက်နှာပြင်ပေါ်မှာ ဝမ်းသာကြည်နူးရိပ်များ လျှပ်စီးလက်၍ သွားခဲ့လေသည်။

ဒီမှာ ကိုအေးသိန်းက ကိုတရုတ်ကြီးကို ကျေးဇူးတင်လွန်း၍ ထိုင်ကန်တော့ရန် လုပ်သောအခါ ကိုတရုတ်ကြီးက ကပျာကယာ လက်ကာပြီး ...

"မလုပ်ပါနဲ့ ဆရာကိုအေးသိန်းရာ။ ကျွန်တော်က လူသတ်သမား၊ ကြိုးစင်ရောက်ချင်ရောက်မယ့် ရာဇဝတ်သားပါ ဆရာရယ်။ ဆရာတို့က အများချစ်ခင်လေးစားတဲ့ စာရေးဆရာ၊ ဂီတသမားတွေပါ ဆရာရယ်။ ကျွန်တော် ငရဲမကျရပါစေနဲ့ဗျာ"

...... ဟူ၏။

✿ ✿ ✿

| ၆ |

❑

နောင် ... ကျွန်တော်တို့ လူသတ်သမားကြီး ကိုတရုတ်ကြီးရဲ့အကြောင်းကို သိရသည်မှာ သူသည် သန်လျင်ကျောက်တန်းမြို့သား ဖြစ်ပြီး ရန်ကုန်မှာ အရွယ်ရောက်၍ လူပေလူတေလောကထဲ ရောက်ခဲ့၏။

ဟိုမှာဘက်ခေတ်မှာ လမ်းသရဲဂိုဏ်းဝင်လည်းဖြစ်ခဲ့ပြီး ရိုက်နှက်လုယက်ဆိုးသွမ်းရာမှာ အလွန်နာမည်ကြီး၏။ အချုပ်နှင့်ထောင်ကား အိမ်ဦးနှင့်ကြမ်းပြင်လို ကူးသန်းနေရကား ...

( ....) မြို့နယ်မှာ တရုတ်ကြီးဆိုလျှင် လူတိုင်း လန့်ရကြောက်ရ စိုးရိမ်ထိတ်လန့်ကြရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြိုင်ဘက်များကလည်း လူစွာ၊ လူမိုက်တရုတ်ကြီးကို အပြတ်ရှင်းရန် အလစ်အငိုက် ချောင်းမြောင်းနေကြသည်။

တစ်နေ့ညမှာ လမ်းသရဲဂိုဏ်းလူမိုက်များက အရက်မူးပြန်လာသည့် တရုတ်ကြီးကို ပုဆိုးနှင့် ခေါင်းစွပ်အုပ်ပြီး သံတုတ်များ၊ ရဲတင်းများ၊ အုတ်ခဲများ၊ ဝါးတုတ်များဖြင့် ဖွတ်ဖွတ်ညက်ညက်ကြေအောင် ဝိုင်းရိုက်ကြတော့သည်။

သေလောက်ပြီဟုယူဆပြီး မလှုပ်မယှက် ငြိမ်သက်နေတော့မှ ရေစပ်စပ်မြောင်းထဲမှာ စွန့်ပစ်ခဲ့ကြသည်။

မိုးလင်းတော့ လမ်းသွားလမ်းလာများမြင်သွားပြီး ရဲစခန်းကို အကြောင်းကြားကြသည်။ ရဲတပ်ဖွဲ့ဝင်များက လူဆိုးလူမိုက်လူရမ်းကား တရုတ်ကြီးမှန်းသိသော်လည်း ဆေးရုံကို ရောက်အောင်ပို့ပေးကြ၏။

လူမိုက်တို့သည် အသက်ရှည်လေ၏။

ဖွတ်ဖွတ်ညက်ညက် ကြေလုနီးပါး အရိုက်ခံထားရသောကိုတရုတ်ကြီးသည် ဆေးရုံကြီးမှဆရာဝန်များရဲ့ ကြိုးစားပမ်းစား ကုသချက်ကြောင့် ဆေးရုံမှာ နှစ်လခန့် နေထိုင်ဆေးဝါးကုသမှုခံယူပြီး မသေကောင်း၊ မပျောက်ကောင်း အသက်ပြန်ရှင်ခဲ့လေ၏။

အသက်ပြန်ရှင်လာသောအခါ သူ့ရဲ့မျက်နှာနှင့် ဦးခေါင်း၊ ခြေလက်တို့ကား ချုပ်ရိုးကြောင်းဗရပွနှင့် ရစရာမရှိအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ လူရုပ်နှင့်မတူ တစ္ဆေသရဲနှင့် တူလေ၏။

မည်သူမျှ သူ့မျက်နှာကို ရင်ဆိုင်မကြည့်ရဲကြ။ အားလုံး ဘာများဖြစ်ဦးမှာလဲဟု သွေးလန့်နေကြသည်။

သို့သော် တရုတ်ကြီးက လုံးဝမလှုပ်ရှား။





သူ့ကို ရိုက်နှက်လုပ်ကြံသူများကို သိသော်လည်း ဘာမှ ရန်မတုံ့ပြန်။ ပီဘိ လူလိမ္မာ နောင်တရသူအလား နေခဲ့၏။

ဒီလိုနှင့် ၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလသို့ရောက်ပြီး မင်းမဲ့စရိုက်ဆူပူမှုများ ဖြစ်လာသောအခါ သူ့ရန်သူခေါင်းဆောင်ကို အပြတ်ရှင်းပစ်လိုက်သည်။

တရုတ်ကြီးရဲ့ 'ဇ' ကိုသိသော ရန်သူများကလည်း လွတ်ရာကျွတ်ရာသို့ ပြေးတော့သည်။ အချို့လည်း အချို့သော မြို့နယ်များမှ မသမာမှုများလုပ်ကြ၍ သူ့စရိတ်နှင့်သူ သွားကြရာသည်ဟု ကြားရ၏။

၁၉၈၈ အရေးအခင်းအပြီး ၁၉၈၉ ခုနှစ်သို့ ရောက်သောအခါ သူတို့အားလုံး အရေးယူခံရတော့သည်။

သည်မှာ ကျွန်တော်တို့နှင့်တွေ့ပြီး ဖြစ်ကြောင်းကုန်စင် အကျဉ်းကို သိရခြင်းဖြစ်၏။

များမကြာမီ ...

ကျွန်တော်တို့ခြောက်ဦးလည်း တိုင်းတရားရုံး စစ်ဆေးမှုအဆင့်မှသည် မြို့နယ်တရားရုံး စစ်ဆေးမှုအဆင့်သို့ ပြောင်းလဲချပေးလိုက်သဖြင့် အင်းစိန်အကျဉ်းထောင်မှသည် မွေးရပ်ဇာတိသန်လျင် အချုပ်စခန်းသို့ ပြန်ရောက်ခဲ့ရလေ၏။

သန်လျင်အချုပ်စခန်းရောက်တော့ ကျွန်တော်တို့ အလွန်ကိုပျော်ခဲ့ရ၏။ အိမ်သူအိမ်သား၊ ဇနီးမယား၊ မိဘညီအစ်ကိုမောင်နှမများနှင့် မကြာခဏ ညှိတွေ့ခွင့်ရ၏။

အစားကောင်း အသောက်ကောင်းများ အချိန်မရွေး ပို့ပေးခွင့်ရ၍ စားရေးသောက်ရေး အဆင်ပြေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ကျွန်တော်တို့အမှု မြို့နယ်တရားရုံးမှာ ပြတ်ခဲ့ရ၏။

ချုပ်ရက်နှင့် ရှင်းလိုက်သောအခါ ကျွန်တော်တို့က ရက်ပို (၆၀)ကျော်ခန့်စွန်းအောင် နေခဲ့လိုက်သေး၏။

ရှိစေတော့ ... ဝိပါကဝဋ်ကြွေး ကုန်ခဲ့ပါပြီ။

ဇနီးမယား၊ သမီးသားများနှင့် ကိုယ်စီပြန်ဆုံရ၍ ဝမ်းသာလွန်းလို့ ပျော်ရသည့်အပျော်ကား ဘယ်အရာနှင့်မျှ နှိုင်းယှဉ်လို့မရ။

ဒါကြောင့် ...

'ရှင်လိပ်ပြန်သည့်နေ့၊ မိန်းမရသည့်နေ့၊ ထောင်ကထွက်သည့်နေ့' ဟု အနှိုင်းမဲ့ ပျော်စရာနေ့များကို ရှေးလူကြီးတို့ ဆိုရိုးပြုခဲ့ပေရော့သလား။

အိမ်ပြန်ရောက်ပြီးတော့လည်း ထောင်ထဲ၊ အချုပ်ထဲမှာ အတူနေခဲ့ရသည့် အသိမိတ်ဆွေ ဘဝတူများကို သတိတရရှိခဲ့ရ၏။

ဦးမှတ်ကြီးကို သတိရသည်။

ကိုအောင်ကြီးတို့ကို သတိရသည်။

ပြီး ... ကိုတရုတ်ကြီးကို သတိရသည်။

နွားသူခိုးလှအေးနှင့် ပန်းသူခိုးလှအေးကို သတိရသည်။

အနေရ ကျဉ်းကျပ်သည့်ဘဝ။ စည်းကမ်းကြီးလှသည့် ထောင်ရဲ့ နေ့နာရီ၊ ညနာရီများကို ပြန်တွေးပြီး ရင်သိမ့်တုန်ခဲ့ရသည်။ ကိုအေးသိန်းကား သူ့ကျေးဇူးရှင် ကိုတရုတ်ကြီးအကြောင်း မကြာခဏ ပြောလေ့ရှိ၏။

ဒါနှင့် သူ့တောကအိမ်မှာ မီးကွင်းဂမုန်းပင်များကို မှတ်မှတ်ရရ စိုက်ပျိုးထားခဲ့၏။

---

စိတ်ကူးသစ်စာပေ



နွေသည် ဥဩရဲ့ ရင်ကွဲသံနှင့် နွေဘဝကို ကြိမ်ဖန်များစွာ သရုပ်ဖော်ခဲ့၏။

မိုးသည် ရေလှိုင်း၊ မုန်တိုင်း၊ မိုးကြိုးလျှပ်စစ်များဖြင့် သူ့က, ကြိုးကို မလစ်မလပ် အသုံးတော်ခံသွားခဲ့သည်မှာ ကြိမ်ဖန်များစွာ။

ဆောင်းကလည်း နှင်းဂါဝန်ထည်လဲနှင့် အချိန်နာရီ၊ ရက်လ နှစ်တို့ကို သွားခဲ့ပြန်၏။

ကျွန်တော်တို့လည်း ဘဝကကြိုးသစ်၊ လောကဇာတ်ခုံသစ်မှာ ကျရာဇာတ်ရုတ်အမျိုးမျိုးနှင့် လောကဓံကကြိုးကို ကခုန်သီဆိုရင်း သားတွေ၊ သမီးတွေ အရွယ်ရောက် ကြီးပြင်းခဲ့လေ၏။

နှစ်တွေက (၁၉/၂၀)နှစ်သို့ ကြာခဲ့၏။

ဒီမှာ မမျှော်လင့်ဘဲ တရုတ်ကြီးနှင့် ကိုလှမြင့်ဦး သွားဆုံခဲ့သည့်တဲ့။ တရုတ်ကြီးကို သေဒဏ်နှင့် 'လူ့ဘဝမှထွက်ခွာသွားပြီ'ဟု ထင်ခဲ့သော်လည်း ...

နိုင်ငံတော်အစိုးရက အကျဉ်းသားများကို အကျိုးခံစားခွင့်ပေးလိုက်သည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည့် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေနှင့် အကျုံးဝင်ပြီး တရုတ်ကြီး လုံးဝ လွတ်မြောက်လာခဲ့သည်ဟု သိရသည်။

ကိုလှမြင့်ဦးရဲ့ ပြောပြချက်အရ တရုတ်ကြီးသည် ( ....) မြို့နယ်မှာ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ရင်း အိမ်ထောင်ကျ၍ မိသားစုနှင့် အေးအေးချမ်းချမ်း ဖြစ်နေသည်ဟူသည့်သတင်းကို ကြားရသောအခါ ...

ကျွန်တော်တို့ ဝမ်းသာကြည်နူး၍မဆုံး။

အိုးသည် မီးနှင့်ချက်ပါများလျှင် မည်းလေ့ရှိ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိုးအမည်းအတိုင်းထားလျှင် အိုးဘ၀ အရုပ်ဆိုးအကျည်းတန်၏။

မည်းတူးနေသောအိုးကို အိုးတိုက်ဖွဲပြာနှင့် အချိန်ပေး၍ တိုက်ချွတ်သန့်စင်လိုက်သောအခါ အိုးမည်းက အိုးဖြူဖြစ်ပြီး ကြည့်လို့ကောင်းသွားသည်မှာ ကေန့်အမှန်။

နေရန်မသင့်သော အချုပ်နှင့်ထောင် နရသိန်ရပ်ဝှမ်းသို့ ကျွန်တော်တို့ အကုသိုလ်ကံ အကျိုးပေးနှင့် ဝဋ်ဒုက္ခဆင်းရဲကြီးစွာဖြင့် အကြွေးအတိုး အရင်းကြီးစွာ ပေးဆပ်ခဲ့ပြီးဖြစ်ပါသည်။

ခါးသီးသော မြေရပ်ဝှမ်းမှာ တမာပင်၊ ကြက်ဟင်းခါးပင်များဘ၀နှင့် ရှင်သန်ရသည်ထက် ...

အေးချမ်းချိုမြိန်သော မြေရပ်ဝှမ်းမှာ အပင်မကြီးချင်နေ မြေစာပင်ဘ၀၊ နေကြာရိုင်းဘ၀နှင့် လေပြည်လေညင်းအရသာကို ခံစားရခြင်းက လွတ်လပ်ခြင်းအနုတ္တနှင့် နှလုံးမွေ့လျော်ဖွယ်ကောင်းလေစွ။

မောင်ညိုမှိုင်း(သန်လျင်)

## နရသိန်သို့အပြန်



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

❑

(၁၁) ရက်။

(၁၁) လ။

ည (၁၁) နာရီတိတိ။

၁၉၈၉ ခုနှစ်။

"အစ်ကို ... အစ်ကို ..."

"အစ်ကို ... အစ်ကို ..."

ဖနီးသည်မခင်စန်းမြင့်ရဲ့ လှုပ်နိုးနေသံကြောင့် အိပ်မောကျနေရာမှ ကျွန်တော် လန့်နိုးလာခဲ့သည်။

"ဘာတုံး ... မိန်းမ ... ဘာဖြစ်လို့တုံး"





"ရှူး ... တိုးတိုး"

"ဘာလဲ ..."

"အိမ်ရှေ့မှာ လူတွေအများကြီးပဲ ရောက်နေတယ်။ တံခါးဖွင့်ခိုင်းနေကြတယ်"

လှူးလဲ၍ ထကြည့်လိုက်သောအခါ များလှစွာသော လက်နှိပ်ဓာတ်မီးရောင်များက ဝါးကွက်ဆန်ခါကြားမှ ကျွန်တော်တို့ကိုယ်ပေါ်သို့ ထိုးဖြာကျနေသည်။

မျက်စိကျိန်းလွန်း၍ ဘာမျှမမြင်ရ။

"တံခါးဖွင့်ပါ ... ကိုညိုမှိုင်း"

အသံက အမိန့်ပေးနေသည့်အသံ။ ကျွန်တော့်ဇနီးသည်က တံခါးချက်ကို ဖြုတ်ပေးလိုက်သောအခါ လက်နက်ကိုင်ရဲများက ကျွန်တော်တို့မိသားစုကို သေနတ်များနှင့် ဝိုင်းပတ်ချိန်ထားကြသည်။

"ဘာကိစ္စရှိလို့လဲဗျာ"

"မေးစရာရှိလို့ပါ"

"မေးစရာရှိရင် မေးပါ။ သေနတ်ပြောင်းတွေ ဟိုဘက်လှည့်ထားကြပါဗျာ။ ကလေးတွေ လန့်နေလို့ပါ"

သမီးအကြီးနှင့် သားအငယ်ကောင်က ကြောက်လွန်း၍မျက်နှာကိုဖုက်ပြီး ငိုနေကြသည်။

"ကိုညိုမှိုင်း လိုက်ခဲ့ပါ"

ကျွန်တော်က ရာဇဝင်လူဆိုးကြီးလား၊

ရောမသူပုန်ကြီးလား။

ရပ်ကွက်ထဲက မည်သူမျှ ထွက်မကြည့်ရဲ။ ခေါင်းရင်းအိမ်မှာနေသည့် အမေနှင့် ကျွန်တော့်ညီလေးပင်လျှင် ဘာဖြစ်လို့လဲဟု ဝင်



www.burmeseclassic.com

www.burmeseclassic.com



မမေးရဲ၍ ထရံပေါက်မှချောင်းကြည့်ကာ အသံမထွက် အကဲခတ်နေကြသည်ဟု သိရ၏။

သည့်နောက် ကျွန်တော့်အိမ်ကို ပိုက်စိပ်တိုက်၍ ရှာကြသည်။ ဆန်အိုးလည်း မကျန်။ ညောင်ရေအိုးလည်း မကျန်။ စာအုပ်စင်လည်း မွစာကြကုန်၏။ ဖျာကို ဓားနှင့်ခွဲ၍ ရှာကြ၏။ ဘာရှာမှန်း ကျွန်တော် မသိ။

လျှို့ဝှက်စာရွက်စာတမ်းလား။

ဒါမှမဟုတ် ...

အခြား မသူတော်တစ်ဦးကိုများလား မေးလို့လည်းမရ။ မည်သူမျှပြန်မဖြေ။

နောက်ဆုံး ... အချုပ်ထဲသို့ ညသန်းခေါင်ယံမှာ ရောက်ခဲ့ရသည်။

အလို ... ကျွန်တော် တစ်ယောက်တည်းမဟုတ်။

ဟိုမှာ ဦးချစ်သန်းမြင့်၊ ကိုခင်မောင်လေး၊ ကိုအေးသိန်း ... အလို ကိုကျော်မြင့်ကြီးရောပါလား။

ဟာ ... အခုဝင်လာတာ ဘယ်သူပါလိမ့်။

ဟိုက် ... တေးရေးဆရာ ကိုလှမြင့်ဦး။ အချုပ်ကျားခေါင်းကိုင့်ဝင်၍ သမံတလင်းပေါ်မှာ အားလုံး ပုံစံခေါ် တင်ပျဉ်ခွေ၊ ဒူးပေါ် လက်သီးဆုပ်မှောက်တင်ပြီး စန့်နေအောင် ထိုင်ရသည်။

ဒီမှာ ခေါင်းတုံးနှင့် နှုတ်ခမ်းမွေးနှင့် လူရွယ်တစ်ဦး။ အချုပ်ခန်းလူကြီးဟုဆို၏။ ခန္ဓာကိုယ်ပေါ်မှာလည်း ဆေးမင်ကြောင်အရုပ်များက အများအပြား။

သွေးအေးအေးနှင့် ရက်စက်မည့်ရုပ်မျိုး။ သူ့အနီး ကျွန်တော်





တို့နောက်မှာ ပုဆိုးတိုတိုပြတ်ဝတ်ပြီး ချချင်လွှန်း၊ နှက်ချင်လွှန်း၍ စောင်းငန်းစောင်းငန်းလုပ်နေကြသည့် အချုပ်ခန်းလူကြီးရဲ့ တပည့်လက်သား (နောင်သိရသည်မှာ ရေဘုတ်ကိုင်၊ ထမင်းဘုတ်ကိုင်များဟု ဆို၏။) များက တဟင်းဟင်း ... တဟဲဟဲ ...။

အချိန်က ညဥ့်သန်းခေါင်။

နေရာက နရသိန်အကြို အချုပ်ထဲမှာ။ ဒီမှာ အချုပ်ခန်းရဲ့ အပြင်မှနေ၍ တာဝန်ကျရဲအရာတစ်ဦးက အချုပ်ခန်းလူကြီးကို လှမ်းခေါ်ပြီး ခပ်တိုးတိုးပြောလိုက်သည်။ အခန်းလူကြီးနာမည်က ကျားပျံဟု ဆိုကြပါစို့။

အခန်းလူကြီးကျားပျံက ကျွန်တော်တို့ရှေ့မှာ ထိုင်ပြီး ထုံးစံအတိုင်း မေးတော့သည်။

"နာမည်"

"ကိုရွှေတင်"

"နောင်ကို ကိုရွှေတင်လို့ မပြောနဲ့၊ ရွှေတင်လို့ပြော ... ဟုတ်ပလား"

"ဟုတ်ကဲ့"

"ပြန်မေးမယ်။ နာမည် ..."

"ရွှေတင်"

"အဘအမည်"

"ဦးသာဟန်"

"အသက်"

"၃၅ နှစ်"

"အလုပ်အကိုင်"



www.burmeseclassic.com

www.burmeseclassic.com



"သန်လျင် ရေနံ"

"လိပ်စာ"

"အမှတ် (၁၀/ခ)၊ ၅ လမ်း၊ ထန်းပင်ကုန်း၊ သန်လျင်"

"ကိုရွှေတင်မှာ အခြားနာမည်ရှိသေးတယ် မဟုတ်လား"

"ရှိပါတယ်"

"ပြောပါ"

"မောင်ညိုမှိုင်း (သန်လျင်)"

"စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာမဟုတ်လား"

"ဟုတ်ကဲ့"

"ကျွန်တော် ကိုညိုမှိုင်းရဲ့ ပြဇာတ်တွေကို ကြည့်ဖူးပါတယ်။ သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်တို့၊ တောက်မခတ်နဲ့ နောက်ထပ်နာမယ်တို့၊ စိန်စီကကြိုး ရေချမ်းအိုးတို့ ... လေ"

ကျွန်တော် ဝမ်းသာသွားခဲ့ရသည်။ အချုပ်ထဲကို ကျွန်တော်တစ်ခေါက်မျှမရောက်ဖူး။ ရောက်ဖူးသူများ ပြောပြချက်အရ အချုပ်ထဲရောက်သည်နှင့် ကျားခေါင်းဝက ဝင်ကတည်းက ပုံစံပေးပြီး ဗျောညွန့်တီးလုံးနှင့် ကြိုဆိုလိုက်သည်မှာ အမလေး ..အဘလေး ... တ,ရသည်ဟုဆို၏။

ဒီအထဲကိုရောက်လာပြီမို့ အသိအကျွမ်းကလည်း မရှိ။ အတီးခံ၊ အဗျင်းခံရတော့မည်ကိုတွေးပြီး စိုးရိမ်ကြောင့်ကြများနေစဉ် ...

စောစောက ရဲအရာရှိရဲ့ ခေါ်ပြီး သတိပေးချက်ကြောင့်လား၊ ကျွန်တော့်ရဲ့ပြဇာတ်များကို ကြည့်ဖူးသည့် ကျွန်တော့်ပရိသတ်တစ်ဦး အနေအထားကြောင့် လားမသိ။

အားလုံး သက်သာရာ ရသွားခဲ့ပြီ။ စိတ်ရောကိုယ်ပါ တဒင်္ဂ





အေးငြိမ်းသွားခဲ့ရလေသည်။

"ကိုညိုမှိုင်းတို့အမှုက ဘာမှုလဲ"

"မသိဘူး။ မေးစရာရှိလို့ ခဏလေးဆိုပြီး အိပ်ရာက နိုးခေါ်လာခဲ့တာပဲ"

"ကျုန်လူတွေရော ..."

"ဒီအတိုင်းပါပဲ ခင်ဗျာ"

အခန်းလူကြီး ကိုကျားပျံက သဘောပေါက်သွားသည်။ သူသည် အချုပ်နှင့်ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ကူးချည်သန်းချည်လုပ်နေသူဥစ္စာ။ သဘောပေါက်သွားခဲ့သည်။

သည့်နောက် ကျွန်တော်တို့ စာရေးဆရာ၊ သီးချင်းရေးဆရာခြောက်ဦးကို လေးလေးစားစားနေရာချပေး၍ ဆေးလိပ်တည်ခင်း ဧည့်ခံခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

သည့်နောက် ကျွန်တော်တို့ခြောက်ဦးကို လူခွဲ၍ စစ်ကြောရေးစခန်းမှာ နှစ်ရက်သုံးရက်ခန့် စစ်ဆေးပြီး တစ်ပတ်ခန့်ကြာသော အခါ ရုံးထုတ်ခဲ့သည်။

ဒီတော့မှ တရားသူကြီးက ရှင်းပြတော့သည်။

ကျွန်တော်တို့ခြောက်ဦးကို အရေးပေါ်အက်ဥပဒေ ပုဒ်မ–၅ (ည)နှင့် အရေးယူစွဲချက်တင် စစ်ဆေးသွားမည့်သူလို့။

၅ (ည)။

၅ (ည)ဆိုသည့် ပုဒ်မအဓိပ္ပာယ်ကို ကျွန်တော်တို့ နားမလည်။ မကြာခင် ခရမ်းမြို့နယ်မှ ကိုးကိုးကျွန်းပြန် ဦးသန်းထွန်းအချုပ်ထဲသို့ ရောက်လာတော့၏။





သူလည်း ပုဒ်မ–၅(ည)ပဲတဲ့။

"ဦးသန်းထွန်း ... ပုဒ်မ–၅ (ည) ဆိုတာ ဘယ်လိုလဲဗျာ ဟင်"

"ပုဒ်မ–၅(ည)ဆိုတော့ အရေးပေါ် အက်ဥပဒေပဲဗျ။ လွတ်ရက်မရှိပုဒ်မလို့ ခေါ်လည်းရတယ်။ နက်ဖြန်သန်ဘက် လွှတ်ချင်လည်း လွှတ်လို့ရတယ်။ မစစ်ဆေးဘဲ ချုပ်ထားလို့လည်း ရတယ်"

"ဟူး ... ဒီလိုလား"

အားလုံး ငိုင်သွားကြသည်။ ကိုယ့်အကြောင်း ကိုယ်သိသူများမို့ နောက်ဆုံး ကံစီမံရာအတိုင်းပဲဟုတွေးရင်း ခုမှ ဇနီးအတွက်၊ သားသမီးအတွက်၊ အမိအဘများအတွက် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ လုံခြုံရေးကို တွေးပြီး ပူပန်သောကစိတ်များ တရိပ်ရိပ်လွှမ်း၍ လာခဲ့ရလေ၏။

၅ (ည)ပုဒ်မမို့ မည်သူနှင့်မျှ တွေ့ခွင့်မရ။

ရုံးထုတ်သောအခါ အမေက ကျွန်တော့်ကိုကြည့်ပြီး ချုံးပွဲချငိုလေ၏။ အသက်(၇၀) ကျော် အမေရဲ့မျက်ရည်များကို တရားရုံးရှေ့မှာ ချောင်းမဖြစ်ရုံတမည်။

ဇနီးသည်ကလည်း ရှိုက်၍ငို၏။

သားနှင့်သမီးငယ်လေးများကလည်း လက်ထိပ်တန်းလန်းနှင့် ဖအေလုပ်သူကိုကြည့်ပြီး အဖေ့ဆီသွားမယ်ချည် အော်၍ပြော၍ ငိုကြသည်။ ရင်ကွဲချင်စရာ ဘဝပါကလား။

ခုမှ ... သောကတောင်တန်းက ပို၍ မြင့်လာပြီကော။

မြို့အချုပ်မှာနေ၍ ဘာမျှမကြာလိုက်။ ကျွန်တော် အင်းစိန်ထောင်ကြီးသို့ ပြောင်းရွှေ့ရမည်ဟု ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား"

"ဟုတ်တယ်ဗျ ...။ အမှုသေးကလွဲပြီး အမှုကြီးမှန်သမျှ အင်းစိန်ထောင်ကို ပြောင်းရမယ်တဲ့"

"ဘယ်နေ့လဲဗျာဟင်"

"အဲဒါတော့ မသိဘူး"

"ဟူး ... ဒုက္ခပါပဲကွာ"

ထောင်ကို ကျွန်တော်တို့မမြင်ဖူး၊ မရောက်ဖူးပါ။ ထောင်နှင့် ပတ်သက်၍ စာရေးဆရာကျော်မြသန်းရဲ့ သာယာဝတီထောင်မှ ငရဲခန်းများဝတ္ထု၊ မြသန်းတင့်ရဲ့ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း၊ လူထု ဦးလှရဲ့ ထောင်နှင့်လူသား ... စသည့်ဝတ္ထုများကိုဖတ်ပြီး ထောင်ဆို သည် အလွန်ကြမ်းကြုတ် မွန်းသိပ်သည့်နေရာဟု သိခဲ့ရဖူးသည်။

ယခု ကျွန်တော်တို့ ၎င်းငရဲခန်းရှိရာသို့ သွားကြရတော့သည်။

နောက်ဆုံး ခင်မင်နေသည့် ရဲသားရဲဘော်များနှင့် ဖနီးသည် ကိုလည်းကောင်း၊ အမေကိုလည်းကောင်း စိတ်မပူရန် သောကမများ ရန် မှာကြားစကားပါးရသည်။

မကြာခင် ကျွန်တော်တို့ရှေ့က ဓားပြမှုနှင့်လူများ၊ လူသတ် မှု၊ မုဒိမ်းမှုနှင့်လူများ အရင် အင်းစိန်ထောင်သို့ တစ်သုတ်ပြောင်းရွှေ့ သွားကြသည်။

ဒီမှာ ထောင်ကျဖူးသူ (လူသတ်မှုနှင့် သုံးကြိမ်ထောင်ကျဖူးသူ) ဦးမှတ်ကြီးက ...

"ဒီအချုပ်မှာနေရတာ ကိုညိုမှိုင်း ... ထောင်ထဲကိုရောက်ရင် မလွယ်ဘူး။ ဒီအချုပ်မှာလို မလွတ်လပ်ဘူး။ အစစအအရာရာ ကျဉ်း ကျပ်တယ်။ အမှားမခံဘူး။ စည်းကမ်းမဲ့လို့ မရဘူး။ ဟိုကောင်အပု





လေး ... မင်းက မိန်းမလျာလိုကောင်ပဲ။ ထောင်ထဲကိုရောင်ရင် မိန်းမလျာပုံစံနဲ့ သွားမနေနဲ့။

ထောင်ထဲကိုရောက်ရင် တည်တည်တံ့တံ့ ခပ်မှန်မှန်နေ။ ယောကျ်ားစိတ်စစ်စစ်နဲ့နေ။ ထောင်စည်းကမ်းအတိုင်းနေရင် နေလို့ ရတယ်။ အထဲမှာ အခြောက်လိုလို၊ အကောင်လိုလို၊ မောင်လိုလိုသာ သွားမလုပ်နဲ့။ လုပ်ရင် နာပြီသာမှတ်"

"ဟူး ... မလွယ်ပါလား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

အချုပ်ကားပေါ်မှဆင်း၍ ထောင်ဘူးဝရောက်သည်နှင့် နီရဲရဲ အုတ်တိုက်ကြီးကိုကြည့်ပြီး ဖက်ပိုးပေါ် လက်နှစ်ဖက်တင်ကာ မျက်နှာကိုငုံ့ပြီး တံခါးတစ်ပေါက်ပြီးတစ်ပေါက်ကို ဝင်ခဲ့ရ၏။

ဟိန်းသံဟောက်သံများကို ကြားရသည်။

တစ်ကိုယ်လုံး နတ်ကျသလို တုန်နေ၏။

အထဲဘူးအတွင်းရောက်တော့ ထောင်မှူးတစ်ဦးက အမှုတွဲနှင့်လူကို ပိုက်စိပ်တိုက်စစ်ဆေးသည်။ တစ်ကိုယ်လုံးကို ခြေသည်းကြား ဆံပင်ကြားပါမကျန် ရှာလေ၏။





ရှာလို့ဝမှ မျက်နှာကို အောက်ငုံ့ မြေကြီးကိုသာကြည့်ပြီး ဦးဆောင်ခေါ်သွားသည့်သူနောက်မှ လိုက်သွားရသည်။ ၎င်းနောက် ထောင်မှတ်တမ်းရုံးမှ မှတ်ပုံတင်ရသည်။

ဒီတော့မှ အချုပ်ကျ ထောင်ကိုယ်ပိုင်နံပါတ်ရ၏။ ဒီနံပါတ်ကို ထောင်ကမလွတ်မချင်း အရကျက်မှတ်ထားဟု တာဝန်ရှိသူတစ်ဦးက ဆိုလေ၏။

"သူတို့ခြောက်ဦးကို ပုံစံခန်းပို့ရမလား"

ဝါဒါတစ်ဦးက မေး၏။ ပုံစံခန်းဆို၍ လန့်နေ၏။ ထောင်ကျများရဲ့ ဩဝါဒစကားအရ ထောင်ကြီးချုပ်ပုံစံခန်းကား ဘာကောင်ကြီးပဲ ဖြစ်နေပလေ့စေ ထောင်ပုံစံခန်းသို့ရောက်လျှင် ဦးကျိုးသွားအောင် ပညာပေးသည့်နေရာဟု ကြိုသိထားသည်ကိုး။

ပုံစံထိုင် အချိုးမကျလျှင် ပညာပေးသည်မှာ နောက်တစ်သက်လုံးမမေ့လို့မရအောင် ပညာပေးသည့်နေရာဟု သိထားရ၍ ထောင်ပုံစံခန်းဟု ကြားရသောအခါ ခေါင်းနားပန်းများကြီးပြီး သေးပါထွက်ချင်သလို ဖြစ်လာ၏။

"သူတို့ခြောက်ယောက်ကို ပုံစံခန်းမပို့နဲ့တော့။ တိုက်ကို တိုက်ရိုက်ပို့လိုက်"

"တိုက်ဆိုပါလား"

တိုက်ဆို၍ ရင်နည်းနည်း ငြိမ်သွားခဲ့ရ၏။ ဒီလိုနှင့် မိန်းဂျေးသို့ ဦးတည်သည့်လမ်းအတိုင်း ကိုယ့်အထုပ်လေးကိုယ်ပိုက်၍ ခေါင်းငုံ့ရင်း ထောင်မှူးတစ်ဦးရဲ့ ဦးဆောင်မှုအတိုင်း လိုက်ခဲ့ရ၏။

"ပုံစံထိုင်"

ရုတ်တရက် အော်လိုက်သံကြောင့် သွားရင်းတန်းလန်းမှ မြေ



www.burmeseclassic.com

www.burmeseclassic.com



မြင်ပေါ် ကပျာကယာ ငုတ်တုတ်ထိုင်လိုက်ပြီး ဒူးနှစ်လုံးပေါ် မျက်နှာမှောက်၍ နေရ၏။

အဲဒါ ငါးမိနစ်ခန့်ကြာ၏။ ဘယ်မှမကြည့်ရ။ ခေါင်းမော့၍ ကြည့်လျှင် အဇျင်းခံရမည်။

"ထ ..."

ထ,ဆို၍ ပြန်ထရသည်။ အကြောင်းကား ထောင်မှူးကြီးတစ်ဦး လာနေသည်ကိုမြင်ရ၍ အားလုံး လေးစားစွာ အရိုအသေပေးရသည့် သဘောဟု သိရလေ၏။

ဒီလိုနှင့် တိုက်ဆိုသည့်နေရာသို့ ရောက်ခဲ့ရလေ၏။

တိုက်တော့ အုတ်တိုက်ပါပဲ။

အခန်းအကျယ် ရှစ်ပေပတ်လည်ခန့်ကျယ်၏။ သံတိုင်စိုက် တံခါးနှင့်ဖြစ်၏။ ကျွန်တော်တို့ ခြောက်ဦးအနက် ငါးဦးကို (၅)တိုက်မှာ ထည့်၍ သံတံခါးသော့ခတ်ပြီး ထားခဲ့၏။

အထဲမှာ ချေးအိုး ပလတ်စတစ်ဂန်ဖလားတစ်လုံးနှင့် သေးအိုး ပလတ်စတစ်ဂန်ဖလားတစ်လုံးရှိ၏။

ဒီမှာ ထောင်ဝါဒါက သင်ကြားပေးလေ၏။

"ချေးပါချင်ရင် ဟိုပြာအိုးထဲမှာ ခွထိုင်ပြီးပါ။ ပြီးရင် ချေးကို ပြာနဲ့ပြန်ဖုံး။ သေးအိုးကတော့ ကြိုက်သလိုပေါက်။ နံဘေးကို မစင်စေနဲ့။ ကြားလား ..."

"ဟုတ် ..."

အထဲမှာ လေဝင်ပေါက်လေး တစ်ပေတစ်ပတ်လည်ခန့် အပေါ် နားနံရံမှာရှိ၏။ မီးလုံးလေးတစ်လုံး ထွန်းထား၏။ သံပိုက်လုံးရိုက်၊ သံတံခါးကာ သော့နှစ်လုံးခတ်ထားသည်ဟု ထင်၏။





ဒီအခန်းထဲကနေ လွတ်အောင်ပြေးနိုင်သူကား မြေလျှိုးမိုးပျံ နိုင်သူ ဝိဇ္ဇာဇော်ဂျီတပသီသာ လုပ်လို့ရပေမည်။ လူသာမန်ထောင်ကျ အချုပ်သားတို့ကား ဖောက်ပြေးဖို့ လုံးဝမစဉ်းစားနှင့် ရှုံးသွားရုံသာ ရှိမြိမ့်မည်။

ရောက်စက ချေးမပါရဲကြ။

ဖင်မလုန်ရဲကြ။ ပုဆိုးမ, မရဲကြ။ အချို့ ဝမ်းချုပ်သည့်ဘဝသို့ ရောက်ပြီး သွေးဝမ်းပါလိုက်တော့၏။

အထဲမှာ ရွာအလှူမသာမှာ၊ အိမ်မှာ ခင်းသည့်နီးကြမ်းဖျာ နှစ်ချပ်ရှိ၏။

ငါးယောက်တန်းစီ အိပ်ရသောအခါ ကျပ်နေ၏။

သို့သော် ပျော်အောင်နေရ၏။ အချင်းချင်း ဥမကွဲသိုက်မပျက် အတူနေခွင့်ရ၍ ထောင်ဝါဒါများကိုပင် ရှိခိုးဦးတင် ကျေးဇူးတင်ရပါပေသည်။

နှစ်ပတ်ခန့် စားရေးသောက်ရေး ဒုက္ခရောက်လှ၏။ ကန်စွန်း ကြီးရွက် ချဉ်ရည်ဟင်းကား တီကောင်ပင် ပါလိုက်သေး၏။ ချဉ်ပေါင် ရွက်နှင့် ပဲပင်ပေါက်ချဉ်ရေဟင်းဆိုလျှင် အမြစ်မှာ မြေကြီးပင်ပါလိုက် သေး၏။ အလွန်လတ်ဆတ်ပေစွ။

အဲဒါ ငါးပိစိမ်းစားလက်သန်းဖျား ပန်းကန်နှုတ်ခမ်းမှာတင် ပြီး သံတိုင်အောက်ခြေမှ သံပန်းကန်ပြားကို ထိုးပေး၏။ စားချင်စား မစား ချင်နေ၊ ဒါ ထောင်ပုံစံ။ တိုက်ပုံစံ။ အိမ်မဟုတ်။ ဟိုတယ်မဟုတ်။ အလှူအိမ်မဟုတ်။

မဝဘူးဆိုပြီး ထပ်တောင်းလို့မရ။

ဘယ်သူမှ ရောက်စ ပုံစံတစ်ပန်းကန်ကို ကုန်အောင်မစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြ၏။ နောက်ဆုံး ထောင်ဝင်စာပိတ်ထား၍ အိမ်က ဘာမျှ ပို့လို့မရသည့်အဆုံး ထောင်ပုံစံပဲဟင်း၊ ချဉ်ရည်ဟင်းကိုပဲ ငါးပိစိမ်းစားနှင့် လွေးရတော့၏။

တကယ်ဆာ၍ တကယ်လွေးရသောအခါ နတ်သုဒ္ဓါစားရသကဲ့သို့ အရသာရှိလှပေ၏။

✿ ✿ ✿

# [ ၄ ]

❑

အဲဒါ ရုံးထုတ်သည့်နေ့ကျမှပဲ ကောင်းကောင်းလွေးရ၏။ ရုံးထုတ်သည့်နေရာကား (၆)ထပ်ရုံးကြီးမှာဖြစ်၏။ ကျွန်တော်တို့အမှုကို တိုင်းတရားရုံးက စစ်ဆေး၏။

တိုင်းတရားရုံးကား ယခင် ပါတီယူနစ်ရုံးချုပ်ဖြစ်၏။ ရုံးထုတ်တော့ အမေက ဟင်းကောင်းလေးချက်၍ ဒန်ချိုင့်ကြီးနှင့် သန်လျင်ကနေ မြစ်ကူးချောင်းကူး သယ်လာ၏။

ဖနီးသည်က မုန့်ပဲသရေစာနှင့် ဆေးလိပ်ယူလာ၏။ အစ်မများက ဒံပေါက်ဝယ်လာ၏။

ထိုအချိန်က ထောင်ထဲသို့ ဘာစားစရာမှ ယူလို့မရသေး။ ထောင်ဝင်စာပိတ်ထားသည်။ သို့ဖြစ်၍ စားလို့ရတာမှန်သမျှကို တိုင်းတရားရုံးပလက်ဖောင်း လူသွားလမ်းမှာဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ...

ဘားလမ်းအချုပ်ထဲမှာ ခဏထားစဉ်ဖြစ်စေ အားရပါးရ ဝေ့ဝေ့ပြတ်ပြတ် စားရလေ၏။

အရေးအခင်းပြီးစကာလမို့ တရားခံများက များလွန်းလှ၏။ တိုင်းတရားရုံးထုတ် အချုပ်ကားများပင် ဘားလမ်း (စတီးဝပ်အချုပ်) အပြည့်ဖြစ်နေ၏။

ချေးသေးများကား အိမ်သာကိုလျှံကျပြီး အပြင်ကို အန်ကျနေ၏။ နေစရာမရှိသည့်အဆုံး လျှံကျနေသည့် ချေးအိုင်သေးအိုင်ကြားမှာ အုတ်ခဲကိုခုပြီး ဆောင့်ကြောင့်ထိုင်ကာ ဆေးလိပ်သောက်ရ၏။ ထမင်းစားရ၏။

နောင်အခါ အနေသားလေးရလာပြီမို့ ကျွန်တော်တို့ ချေးနံ့ သေးနံ့ကို မရှူရှာတော့။ နားမျက်စိ၊ နှာခေါင်းယဉ်စပြုနေပြီ။

အထဲမှာ သတင်းကောင်းကြားရ၏။

အာမခံရမည်လိုလို ကြားရ၏။ အာမခံလျှောက်မည်ဟု ရှေ့နေကပြောစဉ် ဝမ်းသာရလေ၏။

ဒီလိုနှင့် အမှုကို တိုင်းတရားရုံးမှာ ရင်ဆိုင်ရပြန်သည်။ ကျွန်တော်တို့ရှေ့နေက အာမခံလျှောက်ထား၏။

တရားသူကြီးက အာမခံတင်သည်ကို လက်ခံပါသည်။ သို့သော် အာမခံမပေးပါ။ စဉ်းစားကြားနာပါမည်ဟုသာ ပြောလေ၏။

ထောင်ဆိုသည့် ကျပ်တည်းကျဉ်းမြောင်းသည့် မွန်းကျပ်ရပ်ဝန်းမှာ ကျွန်တော်တို့ မနေချင်တော့ပါ။

အာမခံရလျှင် ခုချက်ချင်း လိုချင်ပါသည်။

သို့သော် နားလည်သူများက အာမခံမလျှောက်နှင့်၊ ချုပ်ရက်





ကို ရသလောက်ယူထားဟုပြော၏။ ဘာလို့လဲဟု မေးကြည့်တော့ ...

"ပုဒ်မ-၅(ည)ကို အာမခံပေးရိုးမရှိတဲ့"

ကျိန်းသေ ထောင်ကျမည်ဟုဆို၏။

ဟုတ်ရဲ့လားဟုမေးသောအခါ ကျုပ်တို့က ကိုယ်တွေ့မို့ ပြောတာဟု ဆိုလေ၏။

သို့နှင့် ကျွန်တော်တို့ ရှေ့နေကြီးကိုမေးကြည့်တော့ 'ချုပ်ရက်ကလေးရနေရင် ပိုကောင်းတာပဲပေါ့' ဟု ဆိုလေ၏။

ဒီလိုနှင့် ...

ရုံးချိန်းတိုင်းမှာ အာမခံရမည်ဟု ကြားနေရပြီး ဟုတ်လိမ့်နိုးနိုးနှင့် ကိုယ့်အဝတ်အစားလေး၊ စောင်လေးများပါ တိုက်ကနေ သယ်လာခဲ့ကြသည့်တိုင်၊

အာမခံကား ဝေလာဝေးတည်း။

နောက်ဆုံး ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး အင်းစိန်ထောင်သို့ပြန်မည့် အချုပ်ကားပေါ်သို့ စုပြုံတက်လိုက်ကြရသည်။

အချုပ်ကားရဲ့ လေဝင်လေပေါက်ကနေ တွေတွေကြီးရပ်ကြည့်နေသည့် အမေ့ကို အော်၍နှုတ်ဆက်ရသည်။ ဇနီးသည်ကို စိတ်မပူရန် အော်၍ပြောရသည်။

အစ်မများနှင့် ညီလေးမောင်စံကြည် (ယခုကွယ်လွန်) ကို အိမ်ကိုလည်း ကြည့်စောင့်ရှောက်ကြပါဗျာဟု မေတ္တာရပ်ခံရသည်။

ဇနီးသည်ကား တရှေ့ရှေ့ထွက်စပြုနေသည့် ကားပေါ်မှ ကျွန်တော်ကိုလက်ပြရင်း နောက်ဆုံးမျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုချလိုက်သည်။ ရိပ်ခနဲမြင်လိုက်ရသည်။

အမေနဲ့ ... ချစ်ဇနီးတို့ရယ် ...




www.burmeseclassic.com

www.burmeseclassic.com



နောင်ကို အမေနဲ့မင်းတို့ . . . သားတို့သမီးတို့ မျက်ရည်ပေါက်ပေါက်ကျရမည့်အဖြစ်မျိုးကို လုံးဝမလုပ်မိအောင် ထိန်းသိမ်းနေထိုင်သွားပါ့မယ်လို့ ဟောဟိုက ရွှေတိဂုံဆံတော်ရှင်ကို ဦးတော်တင်ပြီး ကျွန်တော်သစ္စာပြုပါတယ် အမေ။

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

ရှင်လိင်ပြန်သည့်နေ့။

မိန်းမရသည့်နေ့နှင့် ...

ထောင်ကထွက်သည့်နေ့များသည် လူ့ဘဝ၊ လူ့ရပ်ခွင်မှာ အလွန်ပျော်စရာကောင်းသည့်နေ့ဟု ဆိုရိုးစကားရှိခဲ့၏။

လူတိုင်းတော့ ထိုသုံးနေ့စလုံးကို ဖြတ်ကျော်ဖူးချင်မှ ဖြတ်ရပေလိမ့်မည်။ ယောကျ်ားလေးများအဖို့ ရှင်လိင်ပြန်သည့်နေ့ကို ဖြတ်ကျော်ဖူးကြ၏။

ရှင်ပြုပြီး ကိုရင်ခုနစ်ရက်ဝတ်နေရသည့်နေ့သည် အတော်များများသော ယောကျ်ားလေးများအဖို့ လွန်စွာ အနေရကျဉ်းကျပ်သည့်နေ့များဖြစ်၏။





ကျောင်းထိုင်းဘုန်းကြီးရှေ့မှာ ရှင်ကျင့်ဝတ်နှင့်အညီ အတိမ်းအစောင်းမရှိနေရသည့် ဒုက္ခသည် မသေးလှ။ နေတတ်၍ နေနိုင်လျှင် ကိုယ်ရောမိဘများရော ကုသိုလ်အလွန်ရ၏။ အိပ်ချင်တိုင်းအိပ်၊ စားချင်သလိုစား၊ နေချင်သလို နေလို့မရ။

အရပ်သားလူငယ်ဘဝနှင့် ရှင်လူငယ်ဘဝ စည်းခြားသွားပြီ။ လူငယ်ဘဝ လွတ်လပ်ရေးအရသာများကို ကျင့်ဝတ်က အပိုင်စီးလိုက်ပြီးဖြစ်၍ နေရထိုင်ရ အတော်ခက်၏။

မြန်မြန်ခုနစ်ရက်စေ့ပါစေဟု ဆုတောင်း မျှော်မှန်းနေရ၏။ ခုနစ်ရက်စေ့၍ ရှင်သင်္ကန်းချွတ်ပြီး လူဝတ်လဲလို့ ရှင်လိင်ပြန်သည့်နေ့ကား ပြော၍မရအောင် ပျော်သည့်နေ့ဖြစ်၏။

ထိုအချိန်မှစ နဂိုမူလ လူစာဝ၊ လူငယ်တို့၏ လွတ်လပ်ရေးသို့မဟုတ် လွတ်လပ်ပေါ့ပါး အရသာမျိုးစုံကို ပြန်လည်ရရှိခံစားရသောကြောင့်တည်း။

လူပျိုလူရွယ်တစ်ယောက် မိန်းမရသည့်နေ့ကလည်း လွတ်ကိုပျော်စရာကောင်းသည့်နေ့ဖြစ်၏။

အပျိုလူပျိုဘဝတုန်းက သူ့စည်းကိုယ့်စည်း ကျော်၍မရသောဘဝမှသည် မင်္ဂလာဦးညရောက်သည်နှင့် အချစ်တာကျိုးပြီး ကြည်နူးချမ်းမြေ့ပျော်ရွှင်ခြင်း လှိုင်းတံပိုးအောက်ရောက်လို့ ကိလေသာယစ်မူးနစ်မွန်းသည့် အရသာကို တကယ်ချိုမြိန်အားရကျေနပ်သော အရသာအဖြစ် တရှိက်မက်မက် ခံစားလိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုနေ့ကို မေ့လို့မရ။

ပြီးတော့ ထောင်ထွက်သည့်နေ့။

လူတိုင်းတော့ အကျဉ်းထောင်မှာ အကျဉ်းသားဘဝနှင့် မနေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြဖူးကြ။ ကိုယ့်အကြောင်း ကိုယ့်ဘဝပေးနှင့်အတူ အချို့သာအကျဉ်းသားဘဝနှင့် နရသိန်ခေါ် ထောင်နန်းစံဘဝကို ရောက်ခဲ့ရ၏။

ကျွန်တော်တို့ အင်းစိန်တောရ ခေါ် နရသိန်မှာ တစ်နှစ်ခန့်နေခဲ့ရ၏။

အကျဉ်းထောင်ရဲ့ စည်းကမ်းကြီးမား ကျဉ်းကျပ်ခြင်းကားဆိုနိုင်းဖွယ်ရာမရှိ။ ထောင်ဝါဒါများကိုလည်း ကြောက်ရ၏။ ကိုယ့်ထက်စောပြီးရောက်နေသည့် အကျဉ်းသား၊ အချုပ်သားများကိုလည်း ကြောက်ရလန့်ရ၏။

ကိုယ့်သားလောက်ကောင်လေးပေမင့် အခန်းလူကြီး ပ,စားပေးထားသည်ဖြစ်ပါက သင်းကလေးကို ကိုယ့်အဖေအရင်းထက် ရှိရှိသေသေ လေးလေးစားစား ဆက်ဆံရ၏။

စားရေးသောက်ရေးမှာ ထမင်းမဝလို့ ထပ်ပေးပါဦးပြောလို့တောင်းလို့မရ။ ပဲဟင်းက အရည်ကျဲသည်ဟု အတွန့်တက်လျှင် အခန့်မသင့်ပါက ပါးစပ်ထဲဝါးနေသည့် ထမင်းလုတ် ပြန်ထွက်သွားနိုင်၏။

ချေးပါချင်တိုင်း ပါလို့မရ။ သေးပေါက်ချင်တိုင်း ပေါက်လို့မရ။ ဟိုနား၊ဒီနား၊ သွားချင်တိုင်း သွားလို့မရ။ ထောင်စည်းကမ်းများက ရှင်စည်းကမ်းထက် ပို၍ စေ့စပ်သေချာ ကျဉ်းကျပ်ကြ၏။

ဇနီးမယား၊ သားချင်းဆွေမျိုးများနှင့် တွေ့ချင်တိုင်း တွေ့လို့မရ။ ထောင်ဝင်စာနှင့် တွေ့လို့ရသည်။ အဲဒါလည်း သံဆန်ခါနှစ်ဆင့်ခြားပြီး (၁၀)မိနစ်ခန့် အော်ပြောရ၏။

အဲဒီအချိန်မှာ ချစ်ခြင်းသမုဒယကို ဖွဲ့ဆိုလို့မရ။

လွမ်းချင်းကို ဟစ်လို့မရ။

ငိုချင်းကို ရင်ထုလို့မရ။

စိတ်ကူးသစ်စာပေ



လိုရင်းတိုရှင်းပဲပြောပြီး အဝေးကြည့်နှင့် ကျေနပ်တင်းတိမ်ကာ မျက်ရည်စက်နှင့် ကိုယ့်အဆောင်ကိုယ်ပြန်၊ ကိုယ့်တိုက်ကိုယ်ပြန်ရသည့်ဘဝ။

ဒီနေရာသည် ချစ်သူများနှင့် ခွဲခွာကွေကွင်းရသည့် ဒုက္ခဆင်းရဲ။

မချစ်မနှစ်သက်သူများနှင့် အတူနေရသည့် ဒုက္ခဆင်းရဲများနှင့် နေ့စဉ် ကြုံတွေ့ခံစားရသည့် ဒုက္ခဆင်းရဲများ။

ဒီနေ့ ကျွန်တော်တို့ အင်းစိန်အကျဉ်းထောင်မှသည် သန်လျင်အချုပ်စခန်းသို့ ပြောင်းရွှေ့မိန့်ချခြင်း ခံရလေ၏။

လွန်စွာ ကံကောင်းလေစွ။

ကျွန်တော်တို့အမှုအား တိုင်းတရားရုံးမှာ စစ်ဆေးခံစရာမလိုတော့။ မြို့နယ်တရားရုံးမှာ ပြန်လည်ကြားနာစစ်ဆေးခံရမည်ဟု စီရင်ချက်ချ၍ ကျွန်တော်တို့ ကခုန်ဝမ်းသာကြရ၏။ ကျွန်တော်တို့မြို့ အချုပ်ကလေးက အင်းစိန်အကျဉ်းထောင်ထက် ပို၍ လွတ်လပ်၏။ အုပ်ချုပ်သူများကလည်း ကိုယ့်အကြောင်း သိနေကြသည့်သူများဖြစ်၍ ပြောရဆိုရ နားလည်မှု ပိုရှိကြ၏။

ကိုယ့်မြို့အချုပ်သို့ ပြန်ရောက်တော့ ဆွေမျိုးသားချင်း၊ ဇနီးသားသမီးများပါ ပျော်ရွှင်ချမ်းမြေ့ကြ၏။

*(မှတ်ချက် ။ ။ ထိုအချိန်က သန်လျင်မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူများသည် ကျွန်တော်တို့အားလုံးအပေါ် ဖော်ရွေလိုက်လျောကောင်းမွန်စွာ စောင့်ရှောက်ဆက်ဆံကြပါသည်။ သို့အတွက် အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ မှတ်တမ်းတင်ရပါသည် ခင်ဗျား။ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ)*

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သန်လျင်အချုပ်သို့ ပြန်ရောက်ခဲ့ရသောအခါ ညဘက်၊ နေ့ဘက်ရောက်လျှင် ကိုရွှေကျွန်းကို သတိရကြ၏။

ကိုရွှေကျွန်းလည်း ကျွန်တော်တို့ကို သတိရနေပေလိမ့်မည်။ သူ့မိန်းမ တောသူမလေးရော ဒန်လုံးထမင်းချိုင့်ကြီးဆွဲ၍များ ယောင် အအနဲ့ ရုံးချိန်းလာတွေ့သေးရဲ့လား။

✿ ✿ ✿

# [ ၂ ]

❑

ကိုရွှေကျွန်းပြောပြသည့် သူ့ဘဝကြမ်းကြမ်းရဲ့ ဘဝဖြစ်စဉ်များကို ပြေး၍သတိရမိ၏။

၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ထောင်ဖွင့်ပေးလိုက်၍ သူ ဘိုကလေးမြို့နယ်ဘက်သို့ ရောက်သွားသည်တဲ့။

လူဆိုးလူမိုက်အကျဉ်းသားများကို အခြေအနေအရ ထောင်ခါ ထောင်ဖွင့်လွှတ်ပေးလိုက်၍ ဥဒဟိုအနှံ့အပြား ရောက်ကုန်ကြ၏။

မြို့လူထုတို့ကတော့ ကျိုးလန့်စာစား ဖြစ်ကြရ၏။ ဒီမှာ ကိုရွှေကျွန်းကြီးလည်း ဘိုကလေးမြို့နယ်ဘက်ကို ရောက်သွားသည်ဟု နောင် သူပြောပြချက်အရသိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ရမှန်းမသိ။ အသိလည်းမရှိ။ ဒီမှာ သူ့ဝင်ရှင်းပေးရမည့် အလုပ်တစ်ခုနှင့် ကြုံရတော့၏။

အဲဒီအချိန်တုန်းက စိတ်လွန်ကိုယ်လွန် လူရမ်းကားအချို့က လက်နက်များကိုင်စွဲ၍ ရွာလူကြီးမိသားစုကို သတ်ရန် ကြံစားနေသည့် အချိန်။

ရွာလူကြီးလည်း တံခါးမင်းတုပ်ချပြီး မိသားစုနှင့်အတူ ထိတ်လန့်ကြောက်ရွံ့စွာ အိမ်ထဲမှာ ပုန်းအောင်းနေရသည့်အချိန်။

ညဘက်ရောက်လျှင် တံခါးကို လာထုသည်။ ရဲတင်းနှင့် ခုတ်ကြသည်။ အပြင်မထွက်လျှင် အိမ်ကိုမီးရှို့၍ အားလုံးကို မီးလောင်တိုက်သွင်းမည်ဟု ကြုံဝါးနေသည့်အချိန်။

ရွာလူကြီးကို ကယ်မည့်သူမရှိ။ ရွာလူကြီးမိသားစုကို သနားသော်လည်း ဝင်မကူရဲကြ။ ကူညီလျှင် ကူညီသူပါ အသတ်ခံရနိုင်သည့် မင်းမဲ့စရိုက်ဆိုးကာလ။

ဒီမှာ ကိုရွှေကျွန်းက သူ တာဝန်ယူ၍ရှင်းမည်ဟု ကတိပြုပြီး ညဘက်မှာ လုံ့ရှည်ကိုင်လို့ ရွာလူကြီးရဲ့ အိမ်လှေကားအောက်မှာ ပုန်းနေလိုက်သည်။

အိပ်ချိန်ည (၁၀)နာရီခန့် ရောက်သောအခါ မင်းမဲ့စရိုက်သားအချို့ တုတ်၊ ဓား၊ ရဲတင်း၊ လက်နက်များကိုယ်စီကိုင်၍ လှေကားအတိုင်းတက်လာပြီး တံခါးကို ရဲတင်းနှင့်ခုတ်ထစ်ကာ ရွာလူကြီးကို ထွက်ခဲ့ရန် ကြုံးဝါးအော်ဟစ် အမိန့်ပေးကြ၏။

ဒီမှာ ကိုရွှေကျွန်းက ရှေ့ဆုံးက လူဆိုးလူမိုက်လူရမ်းကားကို လုံ့ရှည်နှင့် ထိုးချလိုက်ပြီး ...

"ရွှေကျွန်းကွ ... ကျား"





"အား ... အမလေးဗျ"

လူရမ်းကားများ လုံ့ချက်ထိလို့ လှေကားပေါ်မှ ပြုတ်ကျသွားစဉ် ကိုရွှေကျွန်းခုန်ထွက်လိုက်ပြီး အားလုံးကို လုံ့နှင့်ရိုက်ယိုး ပွဲကြမ်းပစ်လိုက်သောအခါ ...

လူရမ်းကားများ ကိုယ့်လူကိုယ်ထမ်း၍ ပြေးကြတော့၏။ ထိုနေ့ညမှစပြီး နောင်တောက်လျှောက် ရွာလူကြီးမိသားစုကို မည်သည့်လူရမ်းကားမှ သတ်မည်ဖြတ်မည် မလုပ်ရဲတော့။

တစ်ရွာလုံးက ကိုရွှေကျွန်းကို သူရဲကောင်းအဖြစ် ကျေးဇူးတင်ကြပြီး ဒီရွာမှာ တစ်သက်လုံးနေပါဟု ဝိုင်းပြောကြရကား ...

တိုင်းပြည်ရပ်ရွာ မအေးချမ်းသေးချင်ကာလ ကိုရွှေကျွန်း ဘိုကလေး ပင်လယ်ကမ်းခြေရွာကလေးမှာပဲ ယာယီအခြေချ နေထိုင်ခဲ့ရလေသည်။

ကိုရွှေကျွန်းသည် အချုပ်ထဲထောင်ထဲမှာ အနေကြာ၍ အနှိပ်ပညာကို ကောင်းစွာ ကျွမ်းကျင်ရသည့်ကား ငှင်းတောရွာလေးမှာပဲ အနှိပ်သည်ပညာနှင့် တစ်ဝမ်းတစ်ခါးကို လုပ်ကိုင်စားသောက်နေစဉ်-

ရွာထဲမှာ အပျိုကြီးတစ်ဦးလေဖြတ်၍ အိပ်ရာထဲမှာ လဲနေသည်ကို သိရ၏။ ဆရာပေါင်းစုံတို့ တတ်သည့်ပညာနှင့် ကုသပါသော်လည်း အကြောင်းကံမသင့်၍ ရောဂါကမပျောက်ခဲ့။

ဒီလူနာကို ကိုရွှေကျွန်း တစ်နေ့ ကုသခွင့်ကြုံခဲ့ရ၏။ ကိုရွှေကျွန်းက လူမမာရောဂါသည်အပျိုကြီးရဲ့ ခြေချင်းဝတ်အောက်မှ အကြောတစ်ကြောကို သူ့အနှိပ်ပညာနှင့် နှိပ်စမ်းလိုက်သောအခါ အမျိုးသမီး ခြေထောက်ခါချသွားလေသည်။

"ဘယ့်နှယ်လဲ ... ကိုရွှေကျွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရအောင်ကုမယ်ဗျာ"

"တကယ်လားဟင်"

"တကယ်ပြောတာပါ"

"ဒါဆိုလည်း ကုပေးပါဆရာရယ်။ ကျုပ်တို့ ကျေးဇူးမမေ့ပါဘူးဗျာ"

ဒီလိုနှင့် ကိုရွှေကျွန်း အိပ်ရာမှ လုံးဝမထနိုင်သည့် လေဖြတ်နေသည့် လူမမာအဖိုးကြီးကို နေ့စဉ် နှိပ်နယ်ကုသပေးလိုက်ရာ (၁၅) ရက်ပြည့်လုလုမှာ အဖိုးကြီး ခြေလက်များလှုပ်ရှား၍ရပြီး မကြာမီ လုံးဝကို ပြန်ကောင်းသွားခဲ့လေသည်။

ပြန်လည်၍ ရောဂါပျောက်သည်နှင့်အမျှ အနှိပ်ကောင်းသည့် ကိုရွှေကျွန်းနှင့်လည်း ညားကိုသွားလေ၏။

အဖိုးကြီးမယားချော မ,တည်ပေး၍ ကိုရွှေကျွန်း လှေတစ်စင်းနှင့် အုန်းသီးများ ဟိုရွာဒီရွာလိုက်ဝယ်ကာ မြို့ကြီးပေါ်သို့သွင်းရန် လုပ်ငန်းစလေ၏။

ကံဆိုးချင်တော့ အုန်းသီးတင်လှေသည် တစ်နေ့သောအခါ လေပြင်းမုန်တိုင်းမိပြီး ပင်လယ်ထဲသို့ မျောပါသွားလေသည်။ အုန်းသီးများလည်း မရှိတော့။

လှိုင်းလုံးကြီးများအကြားမှ လှေကလေးလူး၍ မျောချင်တိုင်းမျောနေရာ နောက်ဆုံး အစာတော်ရေငတ်နှင့် လှေပေါ်မှာလဲပြီး မေ့မြော၍သွားခဲ့လေ၏။ ဘယ်နှစ်ရက်ကြာမှန်းပင်မသိ။

သည်မှာ ညဘက်ပြန်သတိရ၍ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်သောအခါ သူ့ရှေ့မှာ ရွှေတိဂုံဘုရားအား မီးရောင်စုံများနှင့် ရတ်ခြည်းဖူးတွေ့ရ၍ ဝမ်းသာအားရ ဦးကုန်းချနေစဉ် ...





သူ့လှေပေါ်သို့ ကြိုးနှင့်ဖောက်ကွင်းကျလာ၍ အလန့်တကြား ကြည့်လိုက်ရာ ...

"ဟိုက် ..."

ရွှေတိဂုံဘုရားမဟုတ်။ မီးရောင်စုံနှင့် ရောမ ပင်လယ်ကူး သင်္ဘောကြီးဖြစ်နေ၏။ ဆလိုက်မီးရောင်က သူ့လှေပေါ်သို့ ထိုးကျနေပြီး အင်္ဂလိပ်လိုရော၊ ကုလားလိုရော ပြောသံများကြားရတော့မှ သူ့ကို လာကယ်နေမှန်း သင်္ဘောပေါ်က်ကာ ဖောက်ကွင်းကြိုးကိုကိုင်စွပ်ပြီး နောက်ဆုံး ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ ရောက်ခဲ့ရ၏။

မကြာမီ ( ......) နိုင်ငံသို့ ရောက်ခဲ့ရပြီး သံရုံးအကူအညီနှင့် မြန်မာပြည်ပြန်ရောက် သက်မပျောက်ခဲ့။ နောင်အခါ ပထမဖနီးသည်နှင့် သန်လျင်မွေးရပ် ဘော့လုံးကြီးကျေးရွာမှာ ပြန်အခြေချသလို တောက်တိုမည်ရအလုပ်များကို လုပ်ကိုင်စားသောက်နေစဉ် ...

တိုင်းပြည်အေးချမ်းသာယာ ငြိမ်ဝပ်လာသောအခါ ယခင်လူသတ်မှုဖြစ်သည့် မည်သူ ခေါင်းထိုးသွားမှန်းမသိသော သူငယ်ချင်းကို ပွေ့ယူလှုပ်မေးရင်း ဆွမ်းခံရင်းငှက်သင့်အမှုဖြင့် ပြန်၍အဖမ်းခံရပြန်လေသည်။

ကိုရွှေကျွန်းရဲ့ ဘဝသံသရာ အကျဉ်းထောင်စံဝင်မှုကြွေးကား မကျေပြေသေးပါကလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

ကျွန်တော်တို့လည်း ကံကောင်းသည်ဟုဆိုရချေမည်။ နောက်ဆုံး ကျွန်တော်တို့အမှု အပြီးသတ် လျှောက်လဲချက်တင်ပြီးသောအခါ–

အမှုကိုဝန်ခံလျှင် သက်ညှာစွာစဉ်းစားမည်ဟု ကြားသိရလေ၏။ အပြင်မှာ မိသားစုရဲ့ စားဝတ်နေရေး အခြေအနေများက မကောင်းကြ။

ဝင်ငွေမရှိ၍ ဒုက္ခရောက်ကြရသည်။ အခြေအနေများက ဟိုနားလှုပ်လှုပ်၊ ဒီနားလှုပ်လှုပ်။

ဒီအချိန်မှာ မိသားစု စားဝတ်နေရေး၊ ဘဝလုံခြုံရေးက အရေးကြီးသည်။ စားဝတ်နေရေးဒုက္ခကြောင့် ဇနီးမယား၊ ညီအစ်ကိုမောင်နှမများ ဘဝလမ်းကြောင်း ပြောင်းသွားနိုင်သည်။





နောက်ဆုံး ကျွန်တော်တို့ ကိုယ့်မှာအပြစ်ရှိပါကြောင်း ရိုးသားစွာ ဝန်ခံလိုက်ကြသည်။

သို့နှင့် ချုပ်ရက်နှင့်ဖြတ်ပြီး ပြစ်စီရင်လိုက်ရကား နေ့ချင်းညချင်း လွတ်ကိန်းကြုံတော့လေ၏။

ကျွန်တော်တို့ဇနီးသည်များကိုယ်စီရော၊ အမေနှင့် ညီအစ်ကိုမောင်နှမများရော၊ ဆွေမျိုးသားချင်း၊ မိတ်သင်္ဂဟများပါ ပျော်လွှန်း၍ တရားရုံးရှေ့မှာ ကသူက၊ ခုန်သူကခုန်။

ကျွန်တော်တို့လည်း တရားရုံး ယာယီအချုပ်ခန်းထဲမှာ ဝမ်းသာလွန်း၍ လွတ်ဝရမ်းစောင့်ရင်း ကကြခုန်ကြ။

ဘဝတူအချုပ်သားများကလည်း ကျွန်တော်တို့ ဒီနေ့လွတ်မည်ကိုသိပြီး ဖက်ရမ်းနမ်းရှုံ့ဝမ်းသာကြ။

အမှုလိုက်များ၊ ရှေ့နေများ၊ ကူညီစောင့်ရှောက်ကြသည့် ရင်းနှီးနေကြ ရဲအမှုထမ်းများကပါ ဝမ်းသာလွန်း၍ တပြုံးပြုံး၊ တပျော်ပျော်ဖြစ်နေကြ၏။

လွတ်ဝရမ်းရောက်မလာသေး၍ ကျွန်တော်တို့မှာလည်း ဇင်တကြွကြွ၊ တမျှော်မျှော်ဖြစ်နေကြ၏။

မကြာခင် အမှုထမ်းတစ်ဦးက လွတ်ဝရမ်းကိုင်၍ ရောက်လာလေ၏။ အဲဒီမှာ နောက်ကြပြောင်ကြနှင့် ပျော်စရာ၊ ရင်ခုန်စရာကောင်းလှ၏။

"တစ်ရက်နှစ်ရက် နေပါဦးလား စားရေးဆရာတို့"

"ဟာ ... ဆရာ မလုပ်ပါနဲ့။ တစ်စက္ကန့်တောင် မနေချင်ဘူးဗျ"

"ဘာလဲ မိန်းမကို သတိရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတွေကို သတိရလို့ပါ ဆရာတို့ရ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မညာပါနဲ့ဗျာ။ ခင်ဗျားမိန်းမ မခင်စန်းမြင့်ကို ပိုသတိရလို့ပါ၊ ဟုတ်တယ် . . . ဟုတ်"

"ဒါလည်း ဟုတ်တာပဲ ဆရာတို့ရေ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဒါသစ္စာပဲဗျ"

သည့်နောက် ကျွန်တော်တို့ခြောက်ဦးကို ယာယီအချုပ်မှ သော့ဖွင့်၍ လွှတ်ပေးလိုက်ကြသည်။

သမီးနှစ်ဦးက ကျွန်တော့်ကို ပြေးဖက်ကြ၏။ ကျွန်တော့်ရဲ့ အနမ်းများက သမီးတို့ရဲ့ပါးပေါ်သို့ ကြည်နူးမျက်ရည်စက်များဖြင့် မေတ္တာပန်းများ ပွင့်စေလိုက်၏။

သည့်နောက် အမေ့ကို ဦးချကန်တော့၏။

ဘုရားသူကြီးနှင့် ရှေ့နေကြီးများကို ဦးချကန်တော့လိုက်၏။ လူကြီးများက ကျွန်တော်တို့ကို လိမ်လိမ်မာမာ ကောင်းကောင်းမွန်မွန် နေထိုင်ကြပြီး ကိုယ့်မိသားစုရဲ့ အနာဂတ်ဘဝ ပိုမိုခိုင်မာအောင် ကြိုးစားကြဖို့ ဆုံးမသြဝါဒများပေးကြသည်။

ကျွန်တော် သမီးများကိုလက်ဆွဲပြီး ဖနီး၊ အမေနှင့် ညီများ၊ အစ်မများခြံရံ၍ အိမ်ရှိရာသို့ ရှေးရှုလှမ်းလာလိုက်သောအခါ . . .

ဩော် . . .

ထောင်ကထွက်သည့်နေ့၊ လွတ်သည့်နေ့လောက် ပျော်စရာကောင်းသည့်နေ့သည်လည်း ဘဝမှာ ပျော်စရာ၊ ကြည်နူးစရာ၊ ချမ်းမြေ့စရာကောင်းသည့်နေ့ပါကလားဟု ယုံကြည်လိုက်ရပါသည်။

✿ ✿ ✿

[ ၄ ]

ဝန်ထမ်းအလုပ်လည်း ပြစ်ဒဏ်ကြောင့် ပြုတ်သွားပြီမို့ လတ်တလောစားဝတ်နေရေးအတွက် ကြုံရာကျပန်း နေ့စားအလုပ်ကို တစ်ဖက်ကလုပ်။

ညဘက်ရောက်လျှင် ဝတ္ထုများရေးနှင့် ဘဝရဲ့ လှုပ်ရှားရုန်းကန်နေမှုများကို ရင်ဆိုင်ဖြတ်သန်းနေသဖြင့် အချိန်တို့ ကုန်မှန်းမသိကုန်သွားခဲ့ရ၏။

ကျွန်တော့်ဝန်းကျင်သည်လည်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် လုံခြုံအေးမြနေ၏။ အရေးအခင်းကာလတုန်းကလို ရင်တုန်ကျောချမ်းစရာ အဖြစ်သနစ်ဆိုများ လုံးဝမရှိတော့။

ပျော်စရာ၊ နေချင်စရာဘဝကို ပြန်ရနေ၏။ ဒီလိုနှင့် တစ်နှစ်ခန့်ကြာသောအခါ သန်လျင်ဈေးအနီးမှာ ရဟန်းအိုကြီးတစ်ပါးနှင့် သွားဆုံရလေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး ..."

"တပည့်တော်ကို ခေါ်ပါသလားဘုရား"

"ဟုတ်ပါတယ်။ ဒကာကြီးက စာရေးဆရာ မောင်ညိုမှိုင်း မဟုတ်လား"

"မှန်ပါ့ ... အရှင်ဘုရားကရော ဘုရား"

"ကျုပ်ကို မမှတ်မိဘူးလား"

"ဝိုးတိုးဝါးတားဖြစ်နေပါတယ် ဘုရား"

"ကိုရွှေကျွန်းလေ ..."

"ဟင် ... ကို ... ရွှေ ... ကျွန်း ... ကိုရွှေကျွန်း .. အို ဝမ်းသာလိုက်တာ ... ကိုရွှေ ... အဲ ... အဲ ဦးဇင်းကြီးရာ ... ဦးဇင်း ကိုရွှေကျွန်း ကိစ္စဝိစ္စပြီးသွားပြီလား"

"ပြီးသွားပြီ။ ခုတော့ ဒုစရိုက်သံသရာမှ လုံးဝ မကျင်လည်ချင်လို့ ဆေးလုံးကြီးရွာမှာပဲ ဘုန်းကြီးဝတ်နေလိုက်ပြီ။ ဒကာကြီး ... လာလည်ပါဦး။ ဒကာကြီးစာရေးဖို့ ရေးကွက်တွေလည်း ပြောပြချင်လို့"

"မှန်ပါဘုရား ... ဆက်ဆက်လာခဲ့ပါမယ် ဘုရား"

သည့်နောက် ပါလာသည့် ဝတ္တုငွေလေးကပ်၍ ဦးချကန်တော့လမ်းခွဲလိုက်ကြသည်။ ကိုရွှေကျွန်းကို သင်္ကန်းဝတ်နှင့်တွေ့လိုက်ရ၍ အံ့သြဝမ်းသာ ဖြစ်ခဲ့ရ၏။

လူဆိုသည် မှားသည့်အချိန်က မှားခဲ့ကြပြီ။

အမှားကို အမှားလို့သိ၍ ဆင်ခြင်လျှင် အမှန်ကိုမြင်ပြီဟု အဇာတသတ်မင်းကို ဘုရားရှင်က မိန့်ဖူး၏။

ကိုရွှေကျွန်း အမှန်ကိုမြင်၍ လမ်းကြောင်းမှန်ရှိရာကို လျှောက်





နေပါပြီ။ အခု ကိုယ့်ဆူးကိုယ်ထွင်၍ အနာကျက်ဆေးသောက်ပြီး အေးငြိမ်းသာယာသည့်လမ်းပေါ်သို့ ကိုယ့်မူနှင့်ကိုယ် ရဲရဲလျှောက်နေကြပြီ။

မကြာခင် ကျွန်တော် ကိုရွှေကျွန်းသင်္ကန်းဝတ်နေသည့် ဆေးလုံးကြီးကျေးရွာသို့ ရောက်သွား၏။

ဒီမှာ သူပြောပြသည့် ကြေကွဲဘဝဇာတ်လမ်းများကို ကြားသိခဲ့ရ၏။

သူ့အမှု ကွင်းလုံးကျွတ်လွတ်ခဲ့၏။

တရားခံအစစ်ကို သက်ဆိုင်ရာကလည်း ဖော်ထုတ်အရေးယူနိုင်ခဲ့၏။ သူထောင်က လွတ်၍ရွာသို့ရောက်သောအခါ သူ့သားနှစ်ဦးက သူ့ကို အဖေမှန်းမသိကြတဲ့။

ဖနီးသည်က နောက်အိမ်ထောင်ပြု၍ သားနှစ်ဦးကို အဝေးကြည့်ထောက်ပံ့နေသည်ဟု သိရသောအခါ ...

ဖနီးသည်ကိုသတ်ရန် ဓားမြှောင်နှင့် လိုက်ရှာ၏။ နောက်ဆုံး သစ္စာမဲ့ဖနီးနှင့် သူ့နောက်ယောကျ်ားကို တွေ့ပြန်တော့ ဒူးထောက်ကန်တော့၍ ငိုပြီး ဘဝရဲပြဿနာကို မျက်ရည်နှင့်ရင်ဖွင့်ပြန်တော့ ..

ဒီဖြစ်ရပ်များရဲ့ အဓိကတရားခံက သူတို့မဟုတ်။ ကိုယ်သာ တရားခံအစစ်မှန်း သဘောပေါက်နားလည်ခဲ့ရပြီး မသတ်တော့ဘဲ ခွင့်လွှတ်လိုက်တော့သည်။

ပါလာသည့်ဓားမြှောင်ကို သရက်ပင်မှာစိုက်ပြီး ပြန်လာခဲ့လိုက်သည်။

သည့်နောက် သူ သင်္ကန်းဝတ်ခဲ့လိုက်၏။

ပြောရလျှင် သင်္ကန်းဝတ်ဘဝမှာလည်း သူ့ကို ရွာက မယုံရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြ။ နဂိုအခံ လူဆိုးလူမိုက်ကြီးမို့ ဘယ်နေ့ လူသတ်ဓားပြတိုက်ဦးမှာလဲဟု ကြောက်ကြောက်နှင့် စောင့်ဆိုင်းနေကြသည်။

ဆွမ်းပင်မလောင်းရဲကြ။

ခုမှ အင်္ဂုလိမာလရဟန်းလို ဆွမ်းမဝသည့် ဘဝဝင်္ဆိုက်နေရရှာသည်။ သို့သော် သူမေတ္တာပို့သပြီး ရဟန်းဘဝနှင့်အညီ ကောင်းမွန်စွာ နေလိုက်တော့ ရွာက သူ့ကိုပြန်ကြည့်သည်။

အသိအမှတ်ပြုကြသည်။ လေးစားလာကြသည်။ သူ အချိန်ရလျှင် တရားမှတ်သည်။ ဝိမုတ္တိလွတ်မြောက်ရာလမ်းသို့ သိသမ္ပဇာဉ်အသိနှင့် အရောက်သွားရန် ဆုံးဖြတ်ထားသည်။

နောက်တစ်ကြိမ် ကျွန်တော် သူ့ကျောင်းသို့ ရောက်သွားသောအခါ သူ့ရုပ်အလောင်းကိုပဲ မြင်ရတော့သည်။

စကားပြောဆိုခွင့်မရတော့။

ပြန်ပြောပြချက်များအရဆိုမူ သူတရားမှတ်ရင်း ရုတ်တရက်လဲကျရာမှ အသက်ပါပျောက်သွားသည်ဟု သိရ၏။

သူ့ရဲ့အလောင်းအနီးမှာ ...

သူချစ်ခဲ့ဖူးသူ ဖနီးသည်ကိုလည်း မြင်ရ၏။

သူချစ်ခဲ့ရသည့် ရင်သွေးနှစ်ဦးကိုလည်း မြင်ခဲ့ရ၏။ အခုတော့ ကိုရွှေကျွန်း သံယောဇဉ်ကြိုးများကို ရဲရဲဖြတ်၍ ကောင်းရာသုဂတိဘုံသို့ သွားလေပြီထင်ပါရဲ့။

မောင်ညိုမှိုင်း (သန်လျင်)

BURMESE CLASSIC .com

www.burmeseclassic.com